# ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်

**ဘာသာပြန် - ထွန်းလင်းအောင်**

## အခန်း (၆၃၁)
## ဖြည်းဖြည်းချင်း ကစားရတာကမှ ပိုအရသာရှိတာ

“ သေစမ်း… လင်းကြီးဟျောင့် ..
ဘာတွေဖြစ်နေတာတုန်းဟ…”

တစ်စုံတစ်ယောက် စကားပြောသံကြားတော့
လင်းရီ လှည့်ကြည့်လိုက်သောအခါ ချင်းဟန်

အပြင်ဘက်မှ ခေါင်းပြူရင်း ကြည့်နေသည်ကို မြင်လိုက်ရ၏။

လျှန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်လည်း ချင်းဟာန်နည်းတူ ကြောင်အမ်းနေကြလေသည်။

“ ငါ့ဆိုင်ကို ခွေးတွေ ဝင်မွှေသွားလို့ပေါ့…” လင်းရီ ပြုံးလိုက်ပြီး  တံခါးဖွင့်ပေးလိုက်၏။

“ ဘယ်သူက အစ်ကိုကြီးလင်းရဲ့ဆိုင်ကို ဖျက်ဆီးဝံ့တဲ့အထိ သတ္တိတွေကောင်းနေတာ…” လျှန်ကျင်းမင် ကျိန်ဆဲလိုက်ပြီး
“ ကျွန်တော့်အဖေက မြို့တော်ဝန်ရုံးမှာ

အဆက်အသွယ်တွေရှိတယ်… ခုပဲ ဖုန်းဆက်ပြီးတော့ စုံစမ်းခိုင်းလိုက်မယ်….”

“ မလိုဘူး… ဘယ်သူတွေ လုပ်တယ်ဆိုတာ ငါသိတယ်…”

လင်းရီ သူတို့သုံးယောက်ကို မနေ့က ဖြစ်ပျက်သွားသည့် ကိစ္စများ ပြောပြလိုက်ပြီး ကောင်းကျုံးယွမ် စီးကရက် မီးညှိ၍ “ ဒီနိုင်ငံခြားကျောင်းသားတွေက အသက်ရှင်ရတာ ငြီးငွေ့လာလို့တဲ့လား… ကျုပ်တစ်ယောက်ယောက်လွှတ်ပြီးတော့ သင်ခန်းစာပေးခိုင်းလိုက်မယ်…”

“ မလိုပါဘူး..” လင်းရီ တည်ငြိမ်စွာ ပြောလိုက်ပြီး “ ဒီလိုကိစ္စမျိုးဆိုတာက ဖြည်းဖြည်းချင်း ကိုင်တွယ်သွားရမယ့်ကိစ္စ…”

သို့နှင့် လင်းရီ လျှန်ကျင်းမင်ကို ကြည့်လိုက်ပြီး “ဘယ်သူ့ကိုမှ မဆက်သွယ်နဲ့…. တကယ်လို့ သူများတွေ ဝင်ပါလာမယ်ဆိုရင် အခြေပျက်မဲ့ ဖြစ်သွားလိမ့်မယ်…”

“ အစ်ကိုကြီးလင်းက ဒီကိစ္စကို သီးသန့်ကိုင်တွယ်မလို့လား…”

“ တခြားဘယ်လိုလုပ်ရဦးမှာ… မင်းက သူတို့ကို ဖမ်းပြီးတော့ လျော်ကြေးပေးစေချင်နေတာလား… အဲ့လိုလုပ်လိုက်တာက ပျော်ဖို့ကောင်းမယ်လို့ ထင်နေတာလား…”

“ Nope…”

“ ခု အတည်ဖြစ်ပြီ..” လင်းရဲ့ သုံးယောက်လုံးကို ကြည့်လိုက်ပြီး “ မင်းတို့ကောင်တွေ ပြန်လည်ပြင်ဆင်ရေး ကုမ္ပဏီကောင်းကောင်းလေး သိကြလား… ဒါကြီးကို ဖြေရှင်းဖို့ တစ်ယောက်ယောက်ခိုင်းလိုက်… ရှုပ်ပွနေတာပဲ…

ဒီပုံစံအတိုင်းဆို ဆိုင်တောင် ဆက်ဖွင့်လို့ ရမှာ မဟုတ်တော့ဘူး…”

“ အိုကေ အစ်ကိုကြီးလင်း.. အဲ့ကိစ္စ ကျုပ်တာဝန်ထားလိုက်…” ကောင်းကျုံးယွမ် ပြောလိုက်ပြီး “ ကျုပ်မိသားစုက ဒါနဲ့ ဆက်စပ်တဲ့ လုပ်ငန်းတစ်ချို့ ရှိတယ်လေ.. ကျုပ်အမိန့်ပေးလိုက်ရုံနဲ့ အဆင်ပြေပြီ….”

“ အိုကေ… အဲ့တာဆို မင်းနဲ့ လွှဲထားလိုက်တော့မယ်….” ယခုလို အသေးအမွှားကိစ္စလေးမှာ လင်းရီ ကွမ်းရာကို ပြောလိုက်သည်နှင့် အေးဆေး

ဖြေရှင်းပြီးဖြစ်၏။ သို့သော်လည်း
လတ်တလောတွင် ကျီချင်းရန်နှင့် ကွမ်းရာတို့မှာ
ဝမ်ကျန်း ဆိပ်ကမ်း ဒုတိယအကျော့ မွမ်းမံမှု
ပရောဂျက်အတွက် ဆွေးနွေးနေကြပြီး အကယ်၍
သူမသာ ယခုအကြောင်း သိသွားပါက
ကျီချင်းရန်ကို ပြောပြမည်မှာ မလွဲမသွေပင်။

ထို့ကြောင့် ကိစ္စများ အားလုံး ကိုင်တွယ်ပြီးတော့မှ
သူမကို ဖြည်းဖြည်းချင်း
ပြောပြသည်ကပိုကောင်း၏။ မဟုတ်ပါက
သူမတစ်နေ့လုံး အလုပ်ထဲ စိတ်ပါနိုင်လိမ့်မည်
မဟုတ်ချေ။

ကောင်းကျုံးယွမ်ခေါ်လိုက်သည့် လူအုပ်စုမှာ အလွန်လျှင်မြန်စွာဖြင့် ဆိုင်ငယ်လေးသို့ ရောက်ရှိလာလေသည်။

“ အစ်ကိုကြီးလင်း.. အစ်ကိုကြီးချင်း.. အစ်ကိုကြီးကောင်း… အစ်ကိုကြီးလျန်….”

ဦးဆောင်လာသည့် လူငယ်၏ နာမည်မှာတော့ ကျုံးကျိန်းဝမ်ဖြစ်ပြီး ဆံပင်ကို အနီရောင် ဆေးဆိုးထားကာ နားကပ်များတပ်ထားပြီး ပေတေတေရုပ်ပေါက်နေကာ တစ်ချက်ကြည့်လိုက်သည်နှင့် ချမ်းသာသည့်

ဒုတိယမျိုးဆက်တစ်ဦး ဖြစ်ကြောင်း
သိသာလေသည်။

၎င်းတို့လေးဦးကို မြင်တွေ့ပြီးနောက် ကျုံးကျိန်းဝမ်
ယဉ်ကျေးစွာဖြင့် တစ်ယောက်ပြီး တစ်ယောက်
လိုက်နှုတ်ဆက်လိုက်၏။ သူတို့အားလုံးမှာ
ကျိုးဟိုင်ရှိ ချမ်းသာသည့် ဒုတိယမျိုးဆက်
ဆက်ခံသူများ ဖြစ်ကြသော်လည်း ပိရမစ်ထိပ်ဆုံး၌
ရပ်တည်နေကြသူများနှင့်တော့
ဝေးကွာနေသေးလေသည်။

“ ရှောင်ဝမ်..ဟုတ်တယ်နော်...ငါ ဒီဆိုင်ကို
မင်းတို့လက်ထဲလွှဲထားခဲ့လိုက်တော့မယ်...
မြန်နိုင်သလောက် မြန်အောင် ပြင်ဆင်ထားပေး...”

“ ဟုတ် အစ်ကိုကြီးလင်း.... စိတ်သာချထားလိုက်..
ကျုပ်တို့မိသားစုက ဒီနယ်ပယ်မှာ
ကျွမ်းကျင်သူတွေလေ... ဒီလို
ဆိုင်သေးသေးလေးလောက်ကတော့
အချိန်ဘယ်လောက်မှ မပေးရပါဘူး....”

“ မင်းရဲ့လက်အောက်ငယ်သားတွေကို ညတွင်းချင်း
အပြီးလုပ်ပေးဖို့ ပြောလိုက်... “ ကောင်းကျုံးယွမ်
ပြောလိုက်ပြီး “ ကျသမျှ ငါရှင်းမယ်...”

“ အိုက်ယား.. အစ်ကိုကြီးကောင်းကလည်း သူစိမ်းဆန်တဲ့ စကားတွေ ပြောနေပြန်ပါပြီ… ကျုပ်တို့တွေ ရင်းနှီးလာတာ ဒီလောက်ကြာနေပြီကို ဘယ်လိုလုပ် ပိုက်ဆံတောင်းနိုင်မှာ… အစ်ကိုကြီးလင်းကို ကူညီပေးတယ်လို့ပဲ သဘောထားလိုက်..မနက်ဖြန် အပြီးဖြစ်စေရမယ်…”

“ အင်း… အဲ့တာဆိုလည်း အမြန်ဆုံးသာ လုပ်ပေးလိုက်ကွာ.. အစ်ကိုကြီးလင်းရဲ့ စီးပွားရေးကို မနှောင့်နှေးစေနဲ့…”

ကောင်းကျုံးယွမ် လင်းရီကို ကြည့်လိုက်ပြီး
“ အစ်ကိုကြီးလင်း… ဆိုင်ကို သူနဲ့
လွှဲထားခဲ့လိုက်… ကျန်တာကိုကော
ဘယ်လိုကိုင်တွယ်ဖို့ စီစဉ်ထားလဲ… ကျုပ်
လူတစ်ချို့ ခေါ်ပေးရဦးမလား…”

“ မလိုဘူး… ငါတို့ကျိုးဟိုင်တက္ကသိုလ်ကို
သွားပြီးတော့ အဲ့ကောင်တွေနား
ဖြေရှင်းချက်သွားတောင်းမယ်….”

“ အဲ့တာဆို ဘာစောင့်နေတာ… အတူသွားပြီးတော့
အဲ့မျိုးမစစ်လေးတွေကို သွားသ-တ်ကြစို့…”

လူလေးယောက်အုပ်စုမှာ စားသောက်ဆိုင်ထဲမှ
ထွက်လာခဲ့ကြပြီး အပြင်တွင်တော့ လူတိုင်းက
ခြေဖျားထောက်၍ အထဲရှိ
အခြေအနေဘယ်လိုရှိလဲဆိုတာကို
စပ်စုနေကြလေသည်။ သို့သော်လည်း
လူအများစုကတော့ များများစားစား မတွေးပဲ
စီးပွားပြိုင်ဘက်တစ်ချို့မှ ယခုလို
လုပ်သွားခဲ့သည်ဟု ထင်နေကြ၏။

မည်သို့ပင်ဆိုစေ လင်းရီတို့ဆိုင် ဖွင့်ထားသည်က
တစ်ပတ်ကျော်မျှသာ ရှိသေးသော်လည်း
ကျိန်းရန်လမ်းတွင် နာမည်ကြီး ဆိုင်တစ်ဆိုင်

ဖြစ်နေချေပြီ။ ထို့ကြောင့် ကျန်သူများ၏ မနာလိုဝန်တိုခြင်းကို ခံရသည်က ပုံမှန်သာဖြစ်၏။

သို့သော်လည်း ယခုဖြစ်ရပ်မှာ နိုင်ငံခြား ကျောင်းသားများ၏ စနက်မကင်းဟု ယူဆနေကြသည့် ကျောင်းသားတစ်ချို့လည်း ရှိသေးသည်။ သူတို့အားလုံး အခြေအနေကို အနီးကပ်စောင့်ကြည့်နေကြပြီး ဆိုင်သူဌေးလေးမှ မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းမည်ကို အထူးတလှယ် စိတ်ဝင်စားနေခဲ့ကြ၏။

မကြာမီ လေးယောက်သား

ကျိုးဟိုင်နည်းပညာတက္ကသိုလ်သို့

ရောက်ရှိလာသည်။

မှတ်မှတ်ရရ ယခုတစ်ကြိမ်က လင်းရီ

ဘွဲ့ရပြီးနောက် မိခင်ကျောင်းတော်ကြီးဆီ

ပထမအကြိမ် ပြန်ရောက်လာခဲ့ခြင်းပင်။

ကျောင်း ပရဝဏ်ထဲရှိ အရာရာတိုင်းက လင်းရီနှင့်

ရင်းနှီးနေပြီး စိမ်းလန်းစိုပြေသည့်

သစ်တောအုပ်ကြီးမှာလည်း အစဉ်အတိုင်း

လူငယ်တို့၏ အနံ့အသက်များဖြင့်

ဖုံးလွှမ်းနေလေသည်။

ကျောင်းကိုရောက်တော့ လင်းရီ ဝေ့ဝိုက်မနေပဲ ထိုအစား လီကျစ်ဝေ၏ ရုံးခန်းထဲသို့ တိုက်ရိုက်ဦးတည်လိုက်၏။

“ လင်းရီ… မင်း ဒီကို ဘာလာလုပ်တာ…”

လင်းရီ ဝင်လာသည်ကို မြင်တော့ လီကျစ်ဝေ မတ်တပ်ရပ်လိုက်ပြီး “ မနေ့ကကိစ္စ လျော်ကြေးလည်း ပေးပြီးပြီ မဟုတ်ဘူးလား…”

“ ပြီးတာကတော့ ပြီးပြီ.. ဒါပေမယ့် မနေ့ညတုန်းက ကျုပ်ဆိုင် ဝင်မွှေခံရတယ်… လူးဝစ်နဲ့

ကျန်တဲ့သူတွေကို ခေါ်ပေး… ကျုပ်သူတို့နဲ့ စကားပြောချင်တယ်….”

“ မင်းဆိုင် ဝင်မွှေခံရတယ်….”

အဆိုပါ သတင်းကို ကြားတော့ လီကျစ်ဝေ အံ့အားသင့်သွားခဲ့၏။ ယခုလို ကိစ္စမျိုး ဖြစ်လာလိမ့်မည်လို့ သူမမျှော်မှန်းထားခဲ့ချေ။

“ မင်း လူးဝစ်နဲ့ ကျန်တဲ့သူတွေကို သံသယရှိနေတာတော့ မဟုတ်ဘူးလား…”

“ အဲ့ကောင်တွေကလွဲရင် ဘယ်သူဖြစ်နိုင်မှာ…”

“ လင်းရီ.. ဒါက နည်းနည်းလေး မတော်တဆ တိုက်ဆိုင်တယ်ဆိုပေမယ့် မင်း တအား ကတိုက်ကရိုက်နိုင်လွန်းတယ် ထင်တာပဲ…”

လီကျစ်ဝေ ပြောလိုက်ပြီး “ မင်းတို့ မနေ့က ဘာဖြစ်ခဲ့လဲ ဆိုတာ ငါအကုန်သိပြီးသွားပြီ… စာချုပ်မှာတောင် ခံဝန် လက်မှတ် ရေးထိုးပြီးသွားပြီလေ… ငါ လူးဝစ်တို့ကောင်တွေအကြောင်း ကောင်းကောင်းသိတယ်… သူတို့ အဲ့လိုမျိုး အလုပ်တွေ လုပ်မှာ မဟုတ်ဘူး… အပြင်က တခြားသူတွေ လုပ်တာပဲ ဖြစ်ရမယ်…”

“ ခင်များက တော်တော်သိနေတယ်ဆိုရင်လည်း ကျုပ်အတွက် သုံးသပ်ကြည့်ပေးစမ်းပါ… လူးဝစ်တို့ မဟုတ်ဘူးဆိုရင် ဘယ်သူဖြစ်နိုင်မလဲ…..”

“ ငါလခွမ်း မင်းလာနောက်နေတာလား… ငါက မှုခင်းစစ်ဆေးရေးလဲ မဟုတ်တာ… ဘယ်လိုလုပ်ပြီး သံသယရှိတဲ့ သူကို ဖော်ထုတ်ပေးနိုင်မှာတုန်းကွ…”

“ ဒါဆိုလည်း လူးဝစ်တို့ မဟုတ်ပါဘူးလို့ ငါဃီးမို့လို့ ဖင်ပိတ်ငြင်းနေတာလား….”

လီကျစ်ဝေ စားပွဲခုံကို လက်ဝါးဖြင့် ရိုက်ဟစ်အော်လိုက်ပြီး “ လင်း ရီ … မင်း စကားကိုဆင်ခြင်ပြောစမ်း…. ငါက မင်းရဲ့ဆရာဖြစ်ခဲ့ဖူးတယ်ဆိုတာ နားလည်လား…”

“ အဲ့ဒီ ဆက်ဆံရေးကို ထောက်ရှုထားလို့ပဲ ခုလိုစကားပြောနေတာ… မဟုတ်လို့ကတော့ခင်များကြီးကော  အဲ့ကောင်တွေကိုပါ ရိုက်ချိုးပြီးခေါ်ထုတ်သွားပြီ….”

လီကျစ်ဝေ မျက်တောင့်ကြီးနီရဲလျက်လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ရင်းအတော်လေး

ဒေါသထွက်နေလေသည်။ကျောင်းသားများ
ဘွဲ့ရပြီးနောက်တွင် သူ၏ ထိန်းချုပ်မှုအောက်၌
မရှိကြောင်း လီကျစ်ဝေ နားလည်သည်။

ထို့ပြင် လင်းရှီ၏ အကျင့်စရိုက်အရ ဆရာဟူသော
အဆင့်အတန်းဖြင့် ဖိနှိပ်ဖို့ရာလည်း မည်သို့မျှ
မဖြစ်နိုင်ချေ။

ထို့ကြောင့် ကျိုးကြောင်း ဆက်စပ်ပြပြီး
နားချသည်က အကောင်းဆုံးနည်းလမ်းဖြစ်၏။

“ လင်းရှီ... မင်း စိတ်အေးအေးထားပြီး
တွေးကြည့်ကြည့်... သူတို့နှစ်ယောက်က

အဲ့လောက် ရုပ်ပျက်ဆင်းပျက်ကြီး

အရိုက်ခံလိုက်ရတာကို မင်းဆိုင်ကို ဖျက်ဆီးဖို့

သတ္တိရှိမယ်လို့ ထင်လား... ဘယ်သူက

အဲ့လိုမျိုးလုပ်ပြီး ကိုယ့်ကိုယ်ကို

သေကြောင်းကြံမှာ..."

" အဓိပ္ပာယ်မရှိတာတွေ လာမပြောနဲ့....

အဲ့နှစ်ယောက်ကိုသာ ဒီခေါ်လိုက်... လူတွေ့

လက်တွေ့ ရှင်းမယ် ..."

" မဖြစ်နိုင်ဘူး... မနေ့ညကပဲ အဲ့ကောင်တွေ

ငါ့ဆီဖုန်းဆက်ပြီးတော့

ခွင့်တစ်ပတ်တိုင်ထားတယ်… သူတို့အခု ကျောင်းမှာ မရှိဘူး…”

“ ဒါရိုက်တာလီ… ခင်များ မခေါ်ပေးချင်လို့ ဒီလိုတွေ လုပ်နေတာလား…” လင်းရီ မျက်မှောင်ကြုတ်လိုက်၏။ သူတော်တော်လေး ဒေါသထွက်နေချေပြီ။

“ သူတို့ အကုန် မရှိကြတော့ဘူး.. ငါကူညီပေးချင်ရင်တောင် မဖြစ်နိုင်တော့ဘူး…”

“ ဘိုးတော်… ခင်များ ရည်ရွယ်ချက်ရှိရှိ ကာကွယ်ပေးနေတာမလား…” ကောင်းကျုံးယွမ် စိတ်မရှည်တော့ပဲ ဝင်ပြောလိုက်၏။

ဒီဘိုးတော်က အစ်ကိုကြီးလင်း ဘယ်လောက် စိတ်ရှည်ပေးနေလဲဆိုတာကို နားမလည်ဘူးပဲ… ဒီလောက် အကြာကြီး စကားပြောပေးနေတာတောင် ရေငုံနှုတ်ပိတ်ချင်နေသေးတယ်….

“ လင်းရီ… မင်း သူငယ်ချင်းတွေကို စကားပြော ဆင်ခြင်ဖို့ ပြောလိုက်… ဒီနေရာက ကျောင်းကွ.. လမ်းဘေးဇရပ်မဟုတ်ဘူး…”

“ ကျုပ်သူငယ်ချင်းတွေရဲ့ စရိုက်က အဲ့အတိုင်းပဲ..”
လင်းရှိ ထူးမခြားနားစွာ ပြောလိုက်ပြီး “ ဒါပေမယ့်
ကျုပ်ရဲ့ စိတ်ရှည်မှုကလည်း အကန့်အသတ်ကို
ရောက်သွားပြီ… ကျုပ်အချိန် တစ်နာရီပေးမယ်…
အဲ့ကောင်တွေကို ဆိုင်လာခဲ့ဖို့
ပြောလိုက်…မဟုတ်လို့ကတော့ ခင်များ
အကျိုးဆက်တွေကို ခံစားဖို့ ပြင်ထားလိုက်…”

“ ငါက မင်းဆရာနော်ဟျောင့်..မင်း ဘယ်လိုတောင်
ခြိမ်းခြောက်တဲ့ လေသံနဲ့
စကားပြောဝံ့နေတာတုန်းကွ… ကျောင်းက မင်းကို
ဘယ်လိုပညာတွေ သင်ပေးပြီး

ပြုစုပျိုးထောင်ပေးခဲ့လဲဆိုတာကို
မေ့သွားပြီလား…” လီကျစ်ဝေ ပြောလိုက်ပြီး
“ ပြီးတော့ သူတို့ အခု ကျောင်းမှာ မရှိဘူး…
မင်းတွေ့ချင်ရင် မှူခင်းရဲဌာနကို
အကြောင်းကြားပြီးတော့ ရှာလိုက်…”

“ ခင်များကြီးက ကျောင်းမှာ လေးယောက်မြောက်
အာဏာအရှိဆုံး ဖြစ်လာတာ မဆန်းတော့ပါဘူး..
လူတော်တော်များများက ဒီလိုမျိုး ကိစ္စတွေကို
အဆင်ပြေအောင် မညှိနှိုင်းတတ်ကြဘူး.. “ လင်းရီ
မတ်တပ်ရပ်ကာ လီကျစ်ဝေကို ကြည့်လိုက်ပြီး
“ ဒါပေမယ့် ကျုပ်ကလည်း ပြောရင်
ပြောတဲ့အတိုင်း လုပ်တတ်တဲ့ကောင်… တကယ်လို့

တစ်နာရီအတွင်း အဲ့ကောင်တွေကို မမြင်ရဘူးဆိုရင် ခင်များလည်း အထုပ်တွေ ပြင်ထားလိုက်တော့..”

သို့နှင့် လင်းရီ သူ၏ လက်ကို ဝှေ့ယမ်းကာ ကျန်သူများကို ခေါ်ပြီး ရုံးခန်းထဲမှ ထွက်လာခဲ့လေသည်။ထို့နောက် လေးယောက်သား ဆိုင်သို့ တစ်ဖန်ပြန်လာခဲ့ကြ၏။

ပြန်ရောက်သည့် အချိန်တွင်တော့ ဆိုင်၏ မွမ်းမံပြင်ဆင်မှုမှာ အတော်လေး ခရီးရောက်နေပြီး တော်တော်လေးတောင် သန့်ရှင်းရေးပြီးဖြစ်၏။ ကောင်းကျိုးယွမ်၏

လူများမှာ အတော်လေးအားကိုးရကာ
ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းစဉ်မှာလည်း
အတော်လေးကို မြန်ဆန်ပေသည်။

တစ်နာရီအတွင်း စားသောက်ဆိုင်မှာ
သန့်ရှင်းတောက်ပြောင်သွားခဲ့လေပြီ။

“ အစ်ကိုကြီးလင်း.. ကျုပ်အထင်တော့
ဒီကိစ္စတွေက ထင်သလောက် မရိုးရှင်းဘူး….”
လျှန်ကျင်းမင်ပြောလိုက်ပြီး “ အစ်ကိုကြီး မနေ့က
အဲ့ကောင်တွေကို ရိုက်နှက်လိုက်တယ်ဆိုတော့
ယုတ္တိကျကျပြောရရင် ဒီကောင်တွေ ဒီလိုမျိုး
လုပ်ဝံ့မှာ မဟုတ်ဘူး..”

“ အင်း…ဒီကိစ္စမှာ တစ်စုံတစ်ယောက်က ကျောထောက်နောက်ခံ ပြုပေးထားတာပဲ ဖြစ်ရမယ်…”

“ သူတို့ မိဘတွေများလား….”

“ မဖြစ်နိုင်ဘူး..” လင်းရှိ ပြောလိုက်ပြီး “ ဒီကောင်တွေက ပြဿနာတက်တာနဲ့ သူများဆိုင်ကို လာဖျက်ဆီးတယ်ဆိုတော့ လူကြီးတော်တော်များများက အဲ့လိုမျိုး ယုတ်ညံ့တဲ့ လုပ်ရပ်တွေ လုပ်မှာ မဟုတ်ဘူး..” လင်းရှိ ပြောလိုက်ပြီး “ သူတို့ကို ကူညီပေးနေတဲ့သူ

တစ်ယောက်ယောက်ရှိရမယ်…
ဘယ်သူဆိုတာကတော့ ငါလည်း
မခန့်မှန်းတတ်ဘူး.. လီကျစ်ဝေဆီက သတင်းကို
စောင့်ကြည့်ကြတာပေါ့…”

“ အစ်ကိုကြီးလင်း … အဲ့ ဖိနပ်လျက်တဲ့ကောင်က
သချာလေး ပူးပေါင်းပေးလိမ့်မယ်လို့တော့ ကျုပ်
မထင်ဘူးနော… အသားနာမှ
အမိန့်နာခံတတ်မှာ….”

“ အေးဆေးပေါ့….. ဒီလိုကိစ္စမျိုးတွေဆိုတာ
ဖြည်းဖြည်းချင်း ကစားမှ ပိုပြီး
စိတ်ဝင်စားဖို့ကောင်းတာ….”

**အခန်း (၆၃၂)**

**ဆန္ဒပြကြတော့မလို့လား**

လင်းရီတို့ ထွက်သွားပြီး နာရီဝက်ကြာပြီးသော် လီကျစ်ဝေ၏ အတွင်းရေးမှူးမှာ ရုံးခန်းထဲသို့ ရောက်ရှိလာလေသည်။

“ ဒါရိုက်တာလီ.... ကျွန်မတို့ ဒီကိစ္စကို ဒီတိုင်းပဲ လျစ်လျူရှုထားလိုက်တော့မှာလား... တကယ်လို့ လင်းရီက ဒီကိစ္စကို ဆက်ပြီး အကျယ်ချဲ့နေမယ်ဆိုရင်ကော...”

“ချဲ့ချင်လည်း ရဲတိုင်တာကလွဲရင် အဲ့ကောင်
ဘာတတ်နိုင်မှာ..” လီကျစ်ဝေ အထင်မြင်သေးစွာ
ပြောလိုက်ပြီး “ အဲ့တာတောင်မှ လူးဝစ်နဲ့
ကျန်တဲ့သူတွေ လုပ်ခဲ့ပါတယ်လို့ သက်သေ
အတိအကျပြဖို့က လိုသေးတယ်နော်..ဒီတော့
ရဲတွေ ပါလာရင်တောင်မှ အလကားပဲ…”

“ ဒါရိုက်တာလီကော ဒီကိစ္စ လူးဝစ်နဲ့
ကျန်တဲ့သူတွေ လုပ်တယ်လို့ ထင်လား…”

“ သူတို့ကလွဲပြီး ဘယ်သူ ဖြစ်နိုင်ဦးမှာ…”
လီကျစ်ဝေ ပြောလိုက်ပြီး

“ ကံကောင်းချင်တော့ လင်းရီနဲ့ ကျန်တဲ့သူတွေကို
လှည့်စားပြီး ထွက်သွားခိုင်းလိုက်လို့ပေါ့…
မဟုတ်ရင် ဒီကိစ္စက
ပေါက်ကွဲထွက်လာတော့မှာ…”

“ ဒါပေမယ့် လင်းရီရဲ့ စရိုက်နဲ့ဆိုရင် ဒီကိစ္စ
လွယ်လွယ်နဲ့ အလွတ်ပေးမှာ မဟုတ်ဘူး..
ခုလေးတင် ရှင့်ကို
ခြိမ်းခြောက်သွားတာကြည့်တော့…”

“ အင်း.. သူကတော့ အဲ့အတိုင်းပဲ… ဒါပေမယ့်
စိတ်ပူမနေနဲ့…တကယ်လို့ အဲ့ကောင်သာ
အစွမ်းအစ ရှိတယ်ဆိုရင် ကျိန်းရန်လမ်းမှာ

ဆိုင်ဖွင့်နေမယ် ထင်လား…” လီကျစ်ဝေ သေချာနေဟန်ဖြင့် ပြောလိုက်ပြီး “ အဲ့ကောင် အရူးလို ပေါက်တတ်ကရတွေ လျှောက်လုပ်နေတာ… ဒီတိုင်းလွှတ်ထားလိုက်… “

“ နားလည်ပါပြီ ဒါရိုက်တာလီ…”

သို့နှင့် အမျိုးသမီး အတွင်းရေးမှူးမှာ ရုံးခန်းထဲမှ ထွက်ခွာသွားခဲ့တော့၏။

လီကျစ်ဝေ ထိုကိစ္စကို အလေးအနက်ထားမနေပဲ ထိုအစား လူးဝစ်ထံ ဖုန်းခေါ်လိုက်၏။

“ လူးဝစ်… လင်းရီ ခုလေးတင်
ငါ့လာရှာသွားတယ်… သူမင်းကို သံသယ
ဝင်နေပြီ… ကျောင်းကို
နောက်လေးငါးရက်လောက်အထိ
ပြန်မလာသေးနဲ့ဦး…. မုန်တိုင်းတွေ
ငြိမ်သွားတော့မှ ဒီပြန်လာခဲ့….”

“ တီချယ်လီ…. မင်း နားလည်မှုလွဲနေပြီ…
ငါကျောင်းက ခဏ ထွက်သွားတယ်ဆိုတာ သူ့ကို
ကြောက်နေလို့မဟုတ်ဘူး.. တခြား ကိစ္စလေးတွေ
ရှိလို့…”

“ ဘာဖြစ်ဖြစ်ကွာ.. အချိန်တစ်ခုလောက်ထိတော့ ပြန်လာဖို့ စဉ်းတောင် မစဉ်းစားနဲ့.... ငါ လင်းရှိအကြောင်း ကောင်းကောင်းသိတယ်... အဲ့ကောင်က ကြိတ်မှိတ်ပြီး ခံစားနေမှာမဟုတ်ဘူး... ခု ဒီလိုကိစ္စတွေ ဖြစ်သွားခဲ့မှတော့ သူသေချာပေါက် လွယ်လွယ်နဲ့ အရှုံးပေးမှာ မဟုတ်ဘူး...”

“ အဲ့ကိစ္စ ငါ့ဘာငါ ကြည့်စီစဉ်လိုက်မယ်... တီချယ်လီ ဝင်မပါနဲ့...”

" ကောင်းပြီလေ… မင်း တော်သလိုသာ ကြည့်လုပ်လိုက်… ဒါပေမယ့် လက်တော့ မလွန်စေနဲ့ပေါ့…"

ညွှန်ကြားချက် အချို့ပေးပြီးနောက် လီကျစ်ဝေ ဖုန်းချလိုက်လေသည်။

စားပွဲပေါ်တွင် လက်နှစ်ဖက်ချပြီး မျက်မှောင်ကို တင်းတင်းကြုတ်ထား၏။ ထို့နောက် စီးကရက် မီးညှိဖို့ရာ
မီးခြစ်ခြစ်လိုက်ပြီး ဆေးလိပ်ဖွာရင်းခေါင်းအေး အေးနှင့် စဉ်းစားခန်းဝင်လိုက်လေသည်။

လူးဝစ်၏ လေသံအသွားအလာကို
နားထောင်ကြည့်ရသလောက်တော့ တစ်ဖက်သူကို
လွယ်လွယ်နှင့် ခွင့်လွှတ်ပေးလိမ့်မည်
မဟုတ်ကြောင်း သေချာနေသည်။ နောက်ပိုင်းတွင်
ယခုထက် ပိုမိုပြင်းထန်သည့်
လက်စားချေတုံ့ပြန်မှုများ
ပေါ်ပေါက်လာနိုင်ချေများ၏။

'ဒီလင်းရီကလည်း လွန်ကို လွန်ပါတယ်ကွာ...
ဘာလို့ အကြောင်းမရှိ အကြောင်းရှာပြီး
အဲ့ကောင်တွေကို သွားပြီး ရန်ရှာနေတာ....
တစ်ဖက်ကောင်တွေက ထူးခြားတဲ့ အဆင့်အတန်းနဲ့
နိုင်ငံခြား ကျောင်းသားတွေလေ...

လက်သီးချင်းယှဉ်လို့ အသာစီးရတယ်ထားဦးတော့ အဆုံးသတ်ကျ သူပဲ ခံရမှာ မဟုတ်ဘူးလား....

ဟင်း...ကျောင်းတုန်းက မောက်မာနေတာက တော်သေး... ဒါပေမယ့် ဘွဲ့ရပြီးတာတောင် ဘာလို့ အဲ့လိုမျိုး ဆက်ပြီး မောက်မာနေသေးတာ....

တစ်မျိုးတွေးကြည့်ရင် အဲ့လိုဖြစ်တော့လည်း ကောင်းတာပဲ မဟုတ်ဘူးလား... ဒီဖြစ်ရပ်ကနေ သင်ခန်းစာယူပြီးတော့ သူ အပြစ်ပြုလို့ မရတဲ့ လူတစ်ချို့ ရှိသေးတယ်ဆိုတာကို နားလည်သွားတာပေါ့...”

ချလပ် .....

ထိုစဉ် ထွက်သွားတာ မကြာသေးသည့် သူ၏
အတွင်းရေးမှူးမှာ ရုံးခန်းထဲသို့
ပြန်ရောက်လာသည်ကို  မြင်တွေ့လိုက်ရ၏။

" ဘာပြန်လာလုပ်တာ..."

" ဒါရိုက်တာလီ.. ကျောင်းအုပ်ချိန်က ရှင့်ကို
တွေ့ချင်လို့တဲ့..."

" ကျောင်းအုပ်ချိန်က ငါ့ကို ရှာနေတယ်...
သူဘာပြောလဲ..."

“ ဘာလို့လဲတော့ မပြောလိုက်ဘူး… ဒါပေမယ့် ရှင်
ပညာရေးရုံးကို သုတေသန အစီရင်ခံစာတွေ
ပို့ထားသေးတယ်မလား.. ဒုကျောင်းအုပ်က
အဲ့ကိစ္စနဲ့ ခေါ်လိုက်တာနေမှာ…”

လီကျစ်ဝေ သူ့နှဖူးသူ ပြန်ရိုက်လိုက်ပြီး
“ကြည့်စမ်း…ငါ့မှတ်ဉာဏ်ကလည်း… ဒီကိစ္စကို
ဘယ်လိုလုပ်ပြီး မေ့နေတာပါလိမ့်…”

စားပွဲပေါ် ရှိ ပစ္စည်းကိရိယာများကို
သိမ်းဆည်းပြီးနောက် လီကျစ်ဝေ လျင်မြန်စွာ

ထရပ်လိုက်ကာ ကျောင်းအုပ်ကြီး ရုံးခန်းသို့ ဦးတည်လိုက်လေသည်။

“ ကျောင်းအုပ်ချိန်… ကျွန်တော့်ကို ရှာနေတယ်ဆိုလို့…”

ရုံးခန်းထဲတွင် အသက်ငါးဆယ်အရွယ် သတ်လတ်ပိုင်း လူကြီးတစ်ဦးထိုင်နေပြီး သူ၏ မျက်လုံး အစုံကိုတော့ မှေးကျဉ်းထား၏။ ထိုသူက အဖြူရောင် ရှပ်အင်္ကျီ ၊ အနက်ရောင် အနောက်တိုင်း ဝတ်စုံကို ဝတ်ဆင်ထားကာ အနက်ရောင် သားရေရှူးဖိနပ်တစ်ရံကိုလည်း စီးနင်းထားသည်။

ထိုသူ၏ နာမည်ကတော့ ချိန်ကျွမ်းဖြစ်ပြီး ကျိုးဟိုင်နည်းပညာတက္ကသိုလ်၏ ဒုကျောင်းအုပ် တစ်ဦးပင်။

လီကျစ်ဝေ ဝင်လာသည်ကို မြင်တော့ ချိန်ကျွမ်း တစ်ချက်ကြည့်လိုက်ပြီး ထူးမခြားနားသည့် လေသံဖြင့်

“ မင်းဒီရက်ပိုင်း ဘာတွေ လုပ်နေတာ…”

ၚင်းကိုကြားတော့ လီကျစ်ဝေ ဝမ်းသာကြည်နူးသွားခဲ့၏။ သူခန့်မှန်းထားသည်က မှန်နေပုံပင်။

“ ကျွန်တော် မနှစ်က ပရောဂျက်ကို ဆက်လုပ်နေတာလေ… လတ်တလော အသစ်ရှာတွေ့ထားတဲ့ လက်တွေ့စမ်းသပ်မှု ရလဒ်တွေကို စုစည်းပြီးတော့ သိပ္ပံဂျာနယ်ထဲ ထည့်သွင်းဖို့ ပြင်ဆင်နေတာ..”

ချိန်ကျွမ်း တည်ငြိမ်စွာဖြင့် ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်၏။

“ နောက် တခြား ဘာတွေ လုပ်သေးလဲ…”

ထိုမေးခွန်းက လီကျစ်ဝေကို အကျပ်တွေ့သွားစေသည်။

ရာထူးတိုးခြင်းနှင့် ထပ်ဆောင်းအမှတ်များ ရရှိစေမည့် သိပ္ပံပရောဂျက်များအပေါ် သူ ဘာကိုမျှ ထူးထူးခြားခြား စဉ်းစား၍ မရချေ။

" ကျန်တာတွေကတော့ အသေးအမွှားလေးတွေပါပဲ ... ထုတ်ပြောဖို့တောင် မထိုက်တန်ပါဘူး.." လီကျစ်ဝေ အပြုံးဖြင့် ပြောလိုက်၏။ သူ့ရင်ဘက်ထဲရှိ စိတ်လှုပ်ရှားမှုများကို မည်သို့မျှ ဖုံးကွယ်၍ မရနိုင်ချေ။

“ မင်းက ဘာလုပ်ခဲ့လဲ ဆိုတာ မမှတ်မိဘူးဆိုတော့ အဓိကအချက်ကိုပဲ တန်းသွားလိုက်တော့မယ်…”

ချိန်ကျွမ်း စားပွဲပေါ် ရှိ စာရွက်စာတမ်းများကို လီကျစ်ဝေထံ တွန်းပို့လိုက်ပြီး “ ရုံးခန်းကို ပြန်ပြီးတော့ မင်းအထုပ်တွေ သိမ်းလိုက်… မနက်ဖြန်ကစပြီး မင်း အလုပ်လာစရာ မလိုတော့ဘူး… ဒါပေမယ့် ကျောင်းမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်လာတဲ့ မျက်နှာကို ထောက်ထားပြီးတော့ ဒီတစ်လ လစာကိုတော့ အပြည့်ပေးလိုက်မယ်…”

“ ဗျာ…”

အဆိုပါ သတင်းက လီကျစ်ဝေကို နွေခေါင်ခေါင် မိုးကြိုးကြီး ပစ်ချလိုက်သည့်နှယ်ပင်။

စက္ကန့်အတန်ကြာအောင် ထုံထိုင်းသွားပြီး မည်သို့ တုံ့ပြန်ရမှန်း မသိ ဖြစ်သွားခဲ့၏။

“ ဥက္ကဋ္ဌချိန် ဘာတွေဖြစ်နေတာ.. ကျွန်တော်က ဘာလုပ်မိလို့ အလုပ်ထုတ်ခံလိုက်ရတာလဲ…”

“ မင်းက ငါ့လာမေးတော့ ငါက ဘယ်သူ့ကို ပြန်မေးရမှာ…” ချိန်ကျွမ်း ပြောလိုက်ပြီး “ ခုလေးတင် ပညာရေးဝန်ကြီးဌာနက ငါ့ဆီ ဖုန်းဆက်လာပြီး ဒီအကြောင်းပြောသွားတာပဲ…

ပြီးတော့ ဒါက တိုက်ရိုက်အမိန့်…
ဘာကြောင့်လဲဆိုတာတော့ ငါ့ကို
မပြောသွားဘူး…”

လီကျစ်ဝေ၏ မျက်နှာမှာ
ဖြူဖျော့သွားခဲ့သည်။ရာထူးတိုးခံရဖို့
တွေးထားပါသော်လည်း ထိုအစား
အလုပ်ဖြုတ်ခံရမည့် သတင်းက
စောင့်ကြိုနေလိမ့်မည်ဟု မျှော်မှန်းမထားခဲ့ချေ။

လီကျစ်ဝေ ရုတ်တရက် တစ်စုံတစ်ခုကို
သတိရသွားခဲ့၏။

လင်းရီ မထွက်ခွာခင်က လူးဝစ်တို့ကို
ထုတ်မပေးဘူးဆိုလျှင် သူ့ကို အထုပ်ပြင်ထားဟု
အတိအလင်း ပြောသွားခဲ့လေသည်။

ဒီကိစ္စ သူနဲ့များ ပတ်သက်နေမလား...

ယခု အခြေအနေရောက်မှတော့ ဖြစ်နိုင်ခြင်း
မဖြစ်နိုင်ခြင်းကို စဉ်းစားနေသည်က
အသုံးမဝင်တော့။

လီကျစ်ဝေ ဒုက္ကျောင်းအုပ်ရှေ့၌ပင်
ဣန္ဒြေမဆည်နိုင်တော့ပဲ ဖုန်းကို လျှင်မြန်စွာ
ထုတ်၍ လင်းရီ၏ နံပါတ်ကို နှိပ်လိုက်လေသည်။

စိတ်ထဲတွင်လည်း လင်းရီ
နံပါတ်မပြောင်းထားပါစေနှင့်ဟု
နတ်မင်းအပေါင်းထံ ဆုတောင်းနေတော့၏။

မကြာမီ ဖုန်းမှာ ဝင်သွားခဲ့ပြီး လင်းရီ၏ အသံမှာ
တစ်ဖက်မှ ထွက်ပေါ်လာခဲ့လေသည်။

"ဟယ်လို...."

"လင်းရီ.. ဘာတွေ ဖြစ်နေတာ.. မင်း ငါ
အလုပ်ပြုတ်အောင် တစ်ခုခု
လုပ်လိုက်သေးလား..."

"အိုး... ဒါရိုက်တာလီပဲ....လူးဝစ်တို့ကို ရှာမပေးရင် အထုပ်ကြီးပြင်ထားတာ ကောင်းမယ်လို့ မပြောထားခဲ့ဘူးလား... ဘာလို့ ကျုပ်စကားကို မယုံတာ....."

လင်းရီ၏ အဖြေက လီကျစ်ဝေကို အံ့အားသင့်သွားစေခဲ့ပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားကာ ခန္ဓာကိုယ်မှာလည်း တုန်ယင်သွားတော့၏။

လင်းရီတွင် ထိုမျှ အာဏာရှိလိမ့်မည်လို့ သူမျှော်လင့် မထားခဲ့ချေ။

"လင်း... လင်းရီ.. အဲ့သလို စိတ်မြန်လက်မြန် မလုပ်နဲ့လေကွာ... ကိစ္စတွေက အေးဆေး စကားပြောလို့ရပါတယ်ဟ.. ငါ အခုချက်ချင်း လူးဝစ်ကို ခေါ်ပေးမယ်...."

"အစောကြီးကတည်းက ဒီလိုမျိုး လိမ္မာလိုက်ရင် ခုလိုမျိုးတွေ ဖြစ်လာစရာ အကြောင်းတောင် မရှိဘူး... "

ထိုသို့ ပြောပြီးနောက် လင်းရီ ဖုန်းတန်းချလိုက်တော့၏။

လီကျစ်ဝေ စက္ကန့်အနည်းငယ်မျှပင် မဖြုန်းတီးဝံ့ပဲ လူးဝစ်ကို ဖုန်းခေါ်လိုက်လေသည်။

"လူးဝစ် .. မင်းဘယ်မှာလဲ.. ခုချက်ချင်း ကျောင်းကို လာခဲ့.. ဒီမှာ ကိစ္စကြီး ဖြစ်နေပြီ...."

"ကျောင်းမှာ ဘာလဲ ဖြစ်နေလို့..."

လူးဝစ် အနည်းငယ် ရှုပ်ထွေးသွားခဲ့၏။

သူက ကျောင်းမှာ မဟုတ်ဘူးလေ.. ကျောင်းမှာ ကိစ္စကြီးဖြစ်တာ သူနဲ့ ဘာဆိုင်လို့...

ကေန္တာ ကျောင်းက တီချယ်တွေက သူ့အပေါ် အပြစ်ပုံချမလို့ ကြံနေတာများလား..

အဲ့တာလည်း မဖြစ်နိုင်လောက်ဘူး...

"အပိုတွေ မမေးနဲ့.. မြန်မြန် လင်းရီရဲ့ဆိုင်ကို သွားလိုက်.... မဟုတ်ရင် ငါ့ဘဝ အဆုံးသတ်ပြီကွ...."လီကျစ်ဝေ အလျင်လိုသည့် လေသံဖြင့် အော်ပြောလိုက်သည်။

"နောက်မှ စကားပြောကြတာပေါ့.. ခုလောလောဆယ်မ အားသေးဘူး..."လူးဝစ် အကြောက်အလန့်ကင်းစွာဖြင့် ပြန်ပြောလိုက်၏။

"ဒါပေမယ့် အဲ့ကောင်ကို ပြန်ပြောလိုက်.. ငါ လူးဝစ်ကို ရိုက်နှက်ထားတဲ့ ကိစ္စက ဒီလောက်နဲ့ ပြီးသွားမှာ မဟုတ်ဘူးလို့..."လူးဝစ် ပြောလိုက်ပြီး "သေချာပေါက် သူ နောင်တရနေအောင် လုပ်ပြမယ်..."

"ငါယိုးပဲ.. ငါတောင်းဆိုနေတာပါကွာ.. မြန်မြန်ပြန်လာခဲ့ဟ... ငါတကယ်ကြီး အချိန်မရ......"

စကားမဆုံးလိုက်ခင်တွင်ပဲ လူးဝစ်ဘက်မှ ဖုန်းချသွားခဲ့၏။

သူ လီကျစ်ဝေကို အလေးအနက်ပင် မထားချေ။

လီကျစ်ဝေ ဖုန်းချလိုက်သည်ကို မြင်တော့ ချိန်ကျွမ်း အံ့အားသင့်နေသည့် လေသံဖြင့် "ဘာတွေဖြစ်နေတာ.. လင်းရီက ဘွဲ့ရပြီးသား မဟုတ်ဘူးလား... ဘာဆိုင်လို့ လူးဝစ်ကပါ ဝင်ပါလာတာ...."

"ကျောင်းအုပ်ချိန်.. ကျွန်တော် ဒီကိစ္စကို နောက်မှ အသေးစိတ် ရှင်းပြပေးမယ်... ခုတော့ ဒီကိစ္စ အရင်ဖြေရှင်းပါရစေဦး..."

ထိုသို့ ပြောပြီးနောက် လီကျစ်ဝေ လင်းရီ၏ ဆိုင်ထဲ ရေးကြီးသုတ်ပျာဖြင့် ဦးတည်လိုက်တော့၏။

၎င်းတို့ နှစ်ဦးကြား ငြိမ်းချမ်းအောင် လုပ်ပေးနိုင်သေးသရွေ့တော့ ဆွေးနွေးဖို့ရာ အခန်းကဏ္ဍ ရှိသေးလေသည်။

လီကျစ်ဝေ လမ်းတစ်လျှောက် မရပ်မနား ပြေးလွှားလာပြီး ဆိုင်သို့ ရောက်သည့် အချိန်၌ တီရှပ်တစ်ခုလုံးပင် ချွေးတို့ဖြင့် ရွှဲနစ်နေလေသည်။ စိတ်ဇောကြောင့် မောဟိုက်ရမည်ကိုပင် မသိတော့ပဲ အမြန်ဆုံးနှင့် ရောက်ရှိလာလေတော့သည်။

"ခင်များ ဒီဘာလာလုပ်တာ...."

ချွေးတရွှဲရွှဲနှင့် လီကျစ်ဝေကို မြင်တော့ လင်းရီ မေးလိုက်၏။

" လင်းရီ.. ငါတို့က ဆရာတပည့်တွေ ဖြစ်ခဲ့ဖူးတယ်မလား... ဒီလောက်ထိ လုပ်စရာ မလိုပါဘူးဟ..."

"ခင်များဘာလို့ ဒီအကြောင်းပဲ လာလာဆွဲထည့်နေတာ... အဲ့လို လုပ်နေတာကြီးက မသင့်တော်ဘူးနော... "

"ငါ....."

လီကျစ်ဝေ ကူကယ်ရာမဲ့လွန်း၍
ငိုချင်နေပါသော်လည်း မျက်ရည်များက
ကျမလာချေ။

"ငါ လူးဝစ်ဆီ ဖုန်းဆက်ပြီးသွားပြီ.. ဒါပေမယ့်
နားမထောင်မှတော့ ငါက ဘယ်လိုလုပ်ပေးရမှာ....
"

လင်းရီ ပခုံးတွန့်လိုက်ပြီး "အဲ့တော့
ကျုပ်ကဘာလုပ်ပေးရမှာ..."

"လင်းရီ .. ငါပြောတာကို

သေချာနားထောင်..."လီကျစ်ဝေ လေးနက်စွာဖြင့်

ပြောလိုက်ပြီး "အမှန်အတိုင်း ဝန်ခံရရင် လူးဝစ်

ငါတို့ကျောင်းမှာ တက်နိုင်တယ်ဆိုတာက

သူ့မိဘတွေ ချမ်းသာလို့ပဲ... ပြီးတော့ သူက

နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံးရဲ့

ဥက္ကဌတစ်ယောက်.. တခြားကျောင်းက

အစည်းအရုံးတွေနဲ့လည်း အဆက်အသွယ်တွေ

အများကြီး ရှိတယ်...နယ်ပယ်လည်း စုံတယ်...

တကယ်လို့ သူသာ အဲ့လူတွေ အားလုံးကို

ဆက်သွယ်လိုက်မယ်ဆိုရင် ဒီကိစ္စရဲ့

သဘောသဘာဝက ပြောင်းလဲသွားနိုင်တယ်...

အဲ့တာဆို အနာဂတ်ကျ မင်းရဲ့ဘဝတိုးတက်ရာ တိုးတက်ကြောင်းက ဘယ်လိုဖြစ်သွားမယ် ထင်လဲ..."

"ဘိုးတော်... ခင်များ အမှိုက်စကားတွေ လာပြောမနေနဲ့... "လျှန်ကျင်းမင် ပြောလိုက်ပြီး "အဲ့ဒီ ကောင်ပေါက်စနလေးတွေက အစ်ကိုကြီးလင်းရဲ့တိုးတက်ရာလမ်းကြောင်းကို ပိတ်ပင်ဖို့ဆိုတာ တစ်သက်လုံး ကြိုးစားတောင် မဖြစ်နိုင်ဘူး......"

ကလက်ခ်...

ကောင်းကျုံးယွမ် ဆေးလိပ်မီးညှိလိုက်ပြီး လီကျစ်ဝေကို ယခုလို ပြောလိုက်သည်။

"ဒီလိုဆိုရင်ကော ... အဲ့ကောင်တွေကို အရင်ဆုံး သတိပေးလိုက်.. တကယ်လို့ သူတို့ဘက်က အရင်လာမယ်ဆိုရင် သက်သာမယ်လို့.. တကယ်လို့ ငါတို့ မစောင့်နိုင်တော့ဘူးဆိုရင် ဒီကောင်တွေ တစ်ကောင်မှ ပြေးလွတ်မှာ မဟုတ်ဘူး...."

လီကျစ်ဝေ၏ အမူအရာမှာ ဝိဉာဏ် စုပ်ယူခံလိုက်ရသကဲ့သို့ အတော်လေးကို လဲပြိုနေလေသည်။ သူ ဤ ဇာတ်ရှုပ်ကို မည်သည့်နေရာက စဖြေရမှန်း မသိတော့။

လင်းရိုကိုက ပြဿနာ အိုးဖြစ်နေပါပြီဆိုမှ
သူ့သူငယ်ချင်းတွေကပါ ဘာလို့ တစ်ပုံစံတည်းတွေ
လာဖြစ်နေတာ...

သူ့ဘက်က ဒီလောက် အများကြီး
ရှင်းပြပေးထားတာတောင် ဘာလို့
နားမလည်နိုင်ကြတာတုန်းကွ...

ကျိုးဟိုင်တွင် နိုင်ငံခြား ပညာတော်သင်
ကျောင်းသားပေါင်း တစ်သိန်းကျော် ရှိလေသည်။
အကယ်၍ ယခုကိစ္စသာ ပေါက်ကွဲလာပါက

အစိုးရကပင် ကြားဝင်စွက်ဖက်ရသည့် အခြေအနေသို့ ရောက်ရှိလာနိုင်၏။

အကယ်၍ လင်းရီတွင် အဆက်အသွယ်တစ်ချို့ ရှိနေခဲ့လျှင်တောင်မှ ယင်းက အသုံးဝင်လိမ့်မည် မဟုတ်ချေ။

"ငိုးပဲ... ဘာတွေတုန်းဟ.. အပြင်မှာ ဘာလို့ နိုင်ငံခြားသားတွေ အများကြီး ရောက်နေတာ..." ချင်းဟန်မှ အပြင်ဘက်သို့ ကြည့်ရင်း ပြောလိုက်၏။

ထိုအကြောင်းကို ကြားတော့ လင်းရီနှင့် ကျန်သူများအားလုံး အပြင်ဘက်သို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ အပြင်ဘက်၌ လူ အယောက်သုံးဆယ်ကျော်မျှ ရောက်ရှိနေကြောင်း မြင်တွေ့လိုက်ရပြီး အားလုံးကလည်း မတူညီသည့် အသားအရောင်ကိုယ်စီနှင့် နိုင်ငံခြားသားများ ဖြစ်ကြလေသည်။

ထပ်ပေါင်းအနေဖြင့် သူတို့လက်ထဲတွင် ဆိုင်းဘုတ်များ ကိုင်ဆောင်ထားပြီး တီဗွီပေါ်တွင်

မကြာခန မြင်နေရသည့် ဆန္ဒပြနေသည်နှင့်ပင် ဆင်တူနေတော့သည်။

"ဒီကောင်တွေကဘာလား... ဆန္ဒပြကြတော့မလို့လား..."လင်းရီ ပြောလိုက်၏။

**အခန်း (၆၃၃)**

**တစ်နာရီအတွင်း ဖူတန် တက္ကသိုလ်မှာ တွေ့မယ်**

"သွားပြီ.. အဆုံးသတ်ပြီ... သူတို့လူတွေ တံခါးရှေ့ ရောက်နေကြပြီ..."လီကျစ်ဝေမှ ကယောင်ကတမ်း မြည်တမ်းလိုက်ပြီး

"မနေ့က ကိစ္စကြောင့် ရောက်လာကြတာ ဖြစ်မယ်..."

"လာတော့လည်း လာပါစေပေါ့.. ခင်များက ဘာတွေ တုန်လှုပ်နေတာ... အပြင်သွားပြီး တစ်ချက်သွားကြည့်ကြမယ်..."လင်းရှိ မတ်တပ်ရပ်၍ တည်ငြိမ်စွာ ပြောလိုက်ပြီး "ဟို သောက်ရူးတွေနဲ့တင် စိတ်ဝင်စားဖို့ ကောင်းနေပြီကို ခုတော့ နိုင်ငံခြားသား တစ်အုပ်လိုက်ကြီးပါ ခေါ်လာခဲ့တယ်ပေါ့..."

"ဒီကောင်တွေ ရောမရောက်ရင် ဘာလို့ ရောမလို မနေနိုင်ရတာတုန်းကွ..."

လင်းရီ ရှေ့ဆုံးမှ ဦးဆောင်၍ အပြင်သို့ ထွက်လာခဲ့၏။

အပြင်သို့ ရောက်သောအခါမှ လူ ငါးဆယ်ကျော် ခြောက်ဆယ်အထိ ရှိနေပြီး ဝိုင်းအုံကြည့်ရှုနေကြသည့် ဖြတ်သွားဖြတ်လာများကလည်း တရုံးရုံး ဖြစ်နေလေသည်။

ထိုကဲ့သို့ ရောမစုဝေးမှုကြီးမှာ ကျိန်းရန်လမ်းတွင် ဘယ်တုန်းကမျှ မဖြစ်ခဲ့ဖူးချေ။

ထိုအခိုက်အတန့်တွင်တော့ ဖုန်းထုတ်၍ မှတ်တမ်းတင်သူက တင်၊ ဓာတ်ပုံရိုက်သူကရိုက် ၊ အတင်းအဖျင်း ပြောသူကပြောဖြင့် ရှုပ်ယှက်ခပ်နေလေသည်။

“ အိုး ဘုရားရေ… သူ့ဒွေးချောလေး ထွက်လာနေပြီတော့….”

လင်းရှီ၏ အေးအေးလူလူစတိုင်နှင့် ထီမထင်ဟန် အမူအရာကို မြင်တော့ ဝန်းရံနေကြသည့်

မိန်းကလေးတိုင်း၏ စိတ်ပုံရိပ်တွင် စွဲလမ်းဖွယ်
မြင်ကွင်းတစ်ခုကို အလိုအလျောက်
မှတ်တမ်းတင်မိသွားကြ၏။

လင်းရီ၏ ဆွဲဆောင်မှုကို သူမတို့အဖို့ လွန်ဆန်ရန်
မဖြစ်နိုင်ချေ။

“ မနေ့ညက သူ့ဌေးရဲ့ဆိုင်
ဖျက်ဆီးခံလိုက်ရတယ်ဆိုတော့ ဒီကောင်တွေ
လက်ချက်ပဲ ဖြစ်ရမယ်…”

“ သူဌေးလေးရေ ကံကောင်းပါစေနော်… သူတို့ကို သင်ခန်းစာ
ပေးပစ်လိုက်….တို့အားပေးနေတယ်သိလား…”

“ ဟွန့်… သူတို့လူများတိုင်း ကြောက်မယ်များ မှတ်နေလား မသိဘူး… ငါတို့အားလုံးကတော့ သူဌေးချောလေးကို ထောက်ခံနေမှာပဲ…. သူဌေးချော လေး ခံရလို့ကတော့ အဲ့ကောင်တွေကို လုပ်သတ်ပစ်မယ်….”

လူတို့ များသထက် များလာရင်း မကြာမီ ဆိုင်အနီးဝန်းကျင်၌ ရေပင် ဖြတ်သန်း၍

မစီးဆင်းနိုင်လောက်တော့သည်အထိ
ပြွတ်သိပ်လာခဲ့၏။

“ ဒီဆိုင်ကို တစ်ယောက်ယောက်က
ဖျက်ဆီးသွားတယ်လား…”

ပြောလိုက်သူကတော့ ဆံပင်အရှည်နှင့်
မိန်းကလေးပင်။ သူမက အပြာရောင်ဂျင်းနှင့်
မီးခိုးရောင် အမျိုးသမီးဝတ်စုံကို ဝတ်ဆင်ထားပြီး
ခြေထောက်ပေါ် ရှိ ဘွတ်ဖိနပ်က
ဆန်းပြားသည့်ဒီဇိုင်းနှင့်
အထင်းသားပေါ်လွင်နေလေသည်။

ထိုအမျိုးသမီးကတော့ လင်းရီနှင့် ဆုံခဲ့သည့် ရှီးဝမ်မှတစ်ပါး အခြားသူမဟုတ်ပေ။

" အွန်း ... ငါလည်း ကြားလိုက်သေးတယ်.. မနေ့တုန်းက ဆိုင်ရှင် နိုင်ငံခြားကျောင်းသားနှစ်ယောက်ကို ရိုက်နှက်လိုက်တော့ သူတို့လူတွေက ခု ဆန္ဒလာပြကြတာ...." ဟန်ဖေး ပြောလိုက်သည်။

"ဘယ်လို ဘယ်လို .... သူတို့ကလည်း သူများဆိုင်ကို ဖျက်ဆီးသေးတယ်.. ခု သူတို့ကပဲ ဆန္ဒပြန်ပြဦးမယ် ဆိုတော့ ဒါက ဘာကြီးလဲ.... နည်းနည်းလေး မလွန်လွန်းဘူးလား..."

“ ဘာမှားနေလို့… ဒီ နိုင်ငံခြား
ကျောင်းသားတွေကလည်း မကောင်းဘူးဆိုပေမယ့်
ဟို ဆိုင်ရှင်ကပဲ သူများကို
အရင်သွားရိုက်တာလေ…” ဟန်ဖေး ပြောလိုက်ပြီး
“ ဒီလိုမျိုး ကိစ္စကြီး ဖြစ်သွားတယ်ဆိုတော့ ဟိုရဲ့
သူဌေးမကြီးက ထွက်လာပြီး
ကာကွယ်ပေးဦးမလားဆိုတာ
သိချင်လိုက်တာနော်…”

ရှီးဝမ်ကတော့ မကျေမနပ် နှုတ်ခမ်းကိုက်လိုက်၏။
သူမ အလုပ်ပြီးနောက် ဤဆိုင်တွင် စားသောက်ရန်

စီစဉ်ထားပါသော်လည်း ယခုတော့ အခွင့်အရေး မရှိတော့သည့် ပုံပင်။

“ အဲ့တာက ငါတို့ စိတ်ပူရမယ့် ကိစ္စမဟုတ်ဘူး.. ခု ကုမ္ပဏီမှာ စောင့်ကြိုနေတဲ့ အလုပ်တွေမှ အများကြီးပဲ… ဒီမှာပဲ ရပ်ကြည့်မနေနဲ့…”

“ အာ… နှမြောစရာကြီး… ငါက ဘယ်လိုဆက်ဖြစ်မလဲ သိချင်နေပါတယ်ဆိုနေမှ…..”

ရှိုးဝမ်နှင့် ဟန်ဖေးတို့ ကြာကြာ ရပ်ကြည့်မနေချေ။
တခဏမျှ အကဲခတ်ပြီးနောက်
ထွက်ခွာသွားကြတော့၏။

လင်းရီ၏ အကြည့်က ဆိုင်ရှေ့ရှိ
နိုင်ငံခြားသားများထံ ကျရောက်သွားခဲ့သည်။

ထိုအထဲတွင်တော့ သူမျက်နှာရင်းနှီးနေသူတစ်ဦး
ပါဝင်နေလေသည်။ ထိုသူကတော့ သူမနေ့တုန်းက
ဆော်ပလော်တီးလိုက်သည့် နေသန်ပင်။

သူ့ဘေးရှိ အတန်းဖော် ရှီရိုအီရှိကတော့ လင်းရိကို သူ့မယား ခိုးယူသွားသည့် အလား စိမ်းစိမ်းဝါးဝါးကြည့်နေလေသည်။

“ နေသန်…. ရှီရိုအီရှိ… ဘာလို့ မင်းတို့ နှစ်ယောက်တည်းလဲ… လူးဝစ်ကော…”

ထိုနှစ်ယောက်ကို မြင်တော့ လီကျစ်ဝေ ရှေ့ထွက်၍ မေးမြန်းလိုက်၏။

နေသန် ပခုံးတွန့်လိုက်ပြီး “ ကျုပ်က ဘယ်သိမှာ.. သူ့ပါပါးလည်း မဟုတ်…”

“ ဖယ်စမ်း.. ကျုပ်ရှေ့က ပိတ်ရပ်မနေနဲ့…” လင်းရီ နောက်မှ အော်လိုက်၏။

လီကျစ်ဝေ ကြောက်လန့်သွားခဲ့ပြီး ခေါင်းညိမ့်ကာ နောက်တွင် ကုပ်ကုပ်လေး သွားရပ်နေသည်။

လင်းရီနှင့် နောက်တစ်ကြိမ် မျက်နှာချင်းဆိုင် ပြန်ဆုံရချိန်တွင်တော့ နေသန်ကျောကို ဖြောင့်တန်းလိုက်ကာ မကြောက်ရွံ့သည့် ဟန်ပန်ကို ထုတ်ဖော်ထား၏။

မနေ့က တောင်းပန်တိုလျှိုးနေသည့် ပုံစံနှင့် လားလားမျှ မအပ်စပ်တော့။

“ ဘာလဲ … မင်းက လူတွေ အများကြီး ခေါ်လာပြီး ငါ့ကို လာချောက်တာလား…” လင်းရီ ပေါ့ပါးစွာ ပြုံး၍ မေးလိုက်၏။

“ ငါတို့က ဒီကို ဆန္ဒလာပြတာ…”
နေသန်ပြောပြီးနောက် သူခေါင်းရှိ ပတ်တီးကို ညွှန်ပြ၍ နိုင်ငံခြား ကျောင်းသားများဘက်သို့ လှည့်ကာ “ ဘဒိုတို့… ဒီကို တစ်ချက်ကြည့်လိုက်ဦး… ငါ့ရဲ့ ဒီဒဏ်ရာတွေက ဟော့ဒီဟွာရှန့်ကောင်တွေကြောင့် ရလာတာ…. ”

“ ငါတို့ ဆန္ဒပြကြမယ်… ဒီ မတရားမှုကို ဆန့်ကျင်ကြမယ်…”

“ ဆန့်ကျင်တယ်.. “

“ ဆန့်ကျင်တယ်…”

နိုင်ငံခြား ကျောင်းသားများ ဆန္ဒပြနေမှုမှာ သံပြိုင်တေးသီနေကြသကဲ့သို့ပင်။ နေသန်နှင့် ရှိရိုအီရှိမှ ဦးဆောင် တိုင်တည်ပြီး ကျန်သူများမှ  ဆိုင်းဘုတ်များ ထောင်ကာ သံယောင်လိုက်နေကြ၏။

သို့သော်လည်း သူ့ရှေ့တွင် အာကျယ်အာကျယ်နှင့် လုပ်နေသည့် နေသန်ကို  လင်းရီ

ကန်ဆောင့်လိုက်သည့် အချိန်တွင်တော့ အဆိုပါ အသံများမှာ ရုတ်ချည်း ရပ်တန့်သွားတော့၏။

“ အို ဘုရားရေ.. သူလေးက အရမ်းချောတာပဲ.. တစ်ခွန်းမှ မပြောပဲ ရုပ်တည်ကြီးနဲ့ ကန်ထည့်လိုက်တယ်… ခန့်လိုက်တာနော်… ဒါမှ ဟွာရှန့်သား စစ်စစ်… အရမ်း ယောကျ်ားပီသတာပဲ…” ရပ်ကြည့်နေသည့် တက္ကသိုလ်ကျောင်းသူလေး တစ်ဦးမှ လင်းရီ၏ ပုံများကို အမိအရဖမ်းယူရင်း ပြောလိုက်၏။

“ အိပ်ရာပေါ်မှာ အဲ့လိုမျိုးလုပ်တဲ့ သူကိုလည်း နင်အရမ်းကြိုက်တယ်မလား…”

“ ဒါပေါ့.... ဘာစကားမှ မပြောပဲ တစ်ခါတည်း
လုပ်စရာရှိတာ တန်းလုပ်တဲ့
ယောက်ျားမျိုးလေ...”

“ နင်က ထူးဆန်းတဲ့ မိန်းမပဲ...”

နေသန် မြေပြင်ပေါ်သို့ လဲကျသွားခဲ့ပြီး ကျန်သည့်
ကျောင်းသားများကတော့
ထိတ်လန့်ကြောင်အမ်းနေကြ၏။

လင်းရီ နေသန်ကို ကြည့်လိုက်ပြီး
“ ဆက်အော်လေ...
ဆန့်ကျင်ဆန္ဒပြမယ်ဆို...လုပ်ပါဦးကွ...”

ပြောပြီးနောက် လင်းရီ မြေပြင်တွင် လဲနေသည့်
နေသန်ကို အပေါ် စီးမှ နားရင်းတို့
တစ်ချက်ပြီးတစ်ချက် ဖြတ်ရိုက်လိုက်၏။
“ ဆန့်ကျင်ချင်ဦးဟ…”

ဖြောင်း

“ ဆန့်ကျင်ချင်ဦးဟ..”

ဖြောင်း

“ မင်းကြီးတော်ကို ဆန့်ကျင်ချင်တာလား..”

ဖြောင်း

နေသန် သွားကျွတ်သွားခဲ့ပြီး ပါးစပ်တစ်ခုလုံး သွေးများဖြင့် ပြည့်နှက်နေကာ လင်းရီကို ကြောက်ကြောက်လန့်လန့် လက်ညှိုးထိုး၍

“ မင်း… မင်း… တကယ်ကြီး လမ်းပေါ်မှာ လူရိုက်နေတယ်…”

“ ဒီခါ မင်းအရင်စတာ… ရဲတွေရောက်လာရင် မင်းသေချာပေါက် ဖမ်းခံရပြီပဲ…”

“ ငါ့ကို ဖမ်းမယ်… မင်းဂေါက်နေတာလား…. အမေရိကားမှာဆို ဆန္ဒပြတဲ့သူတွေကို စစ်သားတွေကပဲ

ရိုက်နှက်ဖမ်းဆီးကြတာမဟုတ်ဘူးလား…” လင်းရီ ပြေလိုက်ပြီး “ ငါ ကန်လိုက်တော့ အိမ်ကို မလွမ်းသွားဘူးလား….."

“ ဖူး..ဟား….” ရပ်ကြည့်နေကြသူများအားလုံး ရယ်မောလိုက်ကြ၏။

“ သူဌေးက အရမ်းရယ်ရတာပဲ…”

“ ဒီလိုမျိုး ရုပ်ချောပြီး ဇဝနညာဏ်ရှင်တဲ့ သူဌေးလေးက ရှားမှရှားပဲ…”

ထိုအချိန်တွင် လီကျစ်ဝေ ရှေ့ထွက်လာပြီး လင်းရီကို တောင်းဆိုလိုက်၏။

“ လင်းရီ .. ငါ့အထင်တော့ မင်းဒီလောက်ဆို လုံလောက်ပြီ ထင်တာပဲ… ဒီထက်ကြီးကြီးမားမား ဆက်ဖြစ်သွားရင် နှစ်ဖက်လုံးအတွက် မကောင်းဘူးလေ…”

“ ခင်များ စကားအများကြီး သိပ်မပြောနဲ့…” လင်းရီ အော်ငေါက်လိုက်ပြီး “ ဒီခွေးမသားတွေ ရောင့်တက်နေတာ ခင်များတို့လိုကောင်တွေကြောင့်ပဲ…”

လင်းရီ၏ အော်ငေါက်ခြင်းကို ခံလိုက်ရတော့
လီကျစ်ဝေ အလွန်အမင်း
နေရခက်သွားလေသည်။

ယခု လူအုပ်ကြီးထဲတွင်
ကျိုးဟိုင်နည်းပညာတက္ကသိုလ်မှ
ကျောင်းသားအများအပြား ရှိနေကြ၏။ ယင်းက
သူ၏ ပုံရိပ်ကို တော်တော်လေး အရှက်ရစေသည်။

အကယ်၍ ကျောင်းသို့ ပြန်သွားခဲ့လျှင်တောင်
မျက်နှာပြရ ခဲယဉ်းတော့မည်ဖြစ်၏။

“ အဲ့လိုစကားမျိုး လာမပြောနဲ့… ငါက စည်းမျဉ်းစည်းကမ်းတွေအတိုင်း လုပ်နေတာ…”

“ ငါ လခွတ်တွေ ထုတ်ထားတဲ့ စည်းမျဉ်းလား… ခင်များတို့ကောင်တွေက သူများနိုင်ငံကကောင်တွေကို ထိပ်ပေါ်တင်ထားပြီးတော့ ဟွာရှန့်အဖွဲ့အစည်းရဲ့ ပုံရိပ်ကောင်းတွေကို ညစ်နွမ်းစေနေတာ…. ထွက်သွားစမ်း… ခင်များရဲ့ ဖိနပ်လျက်တဲ့ သောက်ခွက်ကြီး မြင်နေရတာနဲ့တင် တော်တော်လေး စိတ်ပျက်ဖို့ ကောင်းနေပြီ….”

ဤ၂တစ်ကြိမ်တွင်တော့ လီကျစ်ဝေမှာ

တော်တော်လေး

ပြောစရာစကားကင်းမဲ့နေတော့၏။ အစကတော့

လင်းရှီ ပြင်ပလောကသို့

ရောက်ရှိသွားပြီးသည့်နောက်တွင်

လူမှုအသိုင်းအဝိုင်း၏ ဖိနှိပ်မှုကြောင့်

မောက်မာမှုများ ပျောက်ဆုံးသွားလိမ့်မည်ဟု

တွေးထင်ထားပါသော်လည်း ယခုတော့

ယခင်ကထက်ကို ပိုဆိုးနေချေပြီ။

နေသန်၊ ရှီရိုအီရှီနှင့် ကျန်သူများကတော့
စကားပင်မပြောဝံ့သည်အထိ
ကြောက်လန့်သွားကြတော့၏။

သူတို့၏ မျက်ဝန်းများက သတိချပ်ထားကြပြီး
လင်းရီ လှုပ်ရှားသည်နှင့် မျက်နှာကို
ကာကွယ်ရန်အသင့်ဖြစ်နေကြကာ စောနကကဲ့သို့
မောက်မောက်မာမာ မပြုနိုင်ကြတော့ချေ။

လင်းရီ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်၏။

လှူးဝစ်နှင့် ကျန်သူများမှ နောက်သို့
အလိုအလျောက် နောက်သို့
ခြေတစ်လှမ်းဆုတ်လိုက်ကြလေသည်။

လင်းရီ စိုက်ကြည့် နေစဉ်တွင် ၎င်းတို့အားလုံး
သူတို့ရှေ့၌ တောသုံးထောင်ကို အစိုးရသည့်
ခြသေ့်မင်းမှ သိုးတစ်အုပ်ကို
စိုက်ကြည့်နေသည်နှယ် ခံစားနေကြရ၏။

“ မင်း…မင်း ရှေ့ထပ်မတိုးလာနဲ့နော်… ငါ.. ငါတို့
စကားနဲ့ပဲ ပြောကြမယ်…” ရှီရိုအီရှီမှ
ကြောက်ကြောက်နှင့် ပြောလိုက်ပြီး

“ ငါတို့အားလုံးက နိုင်ငံကြီးသားတွေ…

ကျိုးကြောင်းသင့်တင့်ရမယ်….”

ဖြောင်း…

လင်းရီ ရှီရိုအီရှီ၏ မျက်နှာကို ဖြတ်ရိုက်လိုက်ပြီး

“ ငါ့ဖင်နဲ့ပဲ စကားပြောလိုက်တော့ … မင်းတို့

အဖေတွေ အမေတွေက ဒီကို ပညာတော်သင်ဖို့

လွှတ်လိုက်တာ… အဲ့တာကို

ပညာကောင်းကောင်းမသင်ယူပဲ အဖွဲ့အားကိုးနဲ့

သူများကို ဖိနှိပ်ချင်နေကြတယ်ပေါ့

ဟုတ်စ....အဲ့လိုလုပ်နိုင်တဲ့ အစွမ်းအစမျိုး မင်းမှာရှိလို့လား..."

" မ... မရှိပါဘူး.." ရှီရိုအီရှီ အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်ပြီး

" မ... မရိုက်ပါနဲ့... ငါ့ကို ထပ်မရိုက်ပါနဲ့တော့...."

လင်းရီ သူ့ကို လျစ်လျူရှုလိုက်ပြီး နေသန်ကို ကြည့်လိုက်၏။

" ငါ့ကိုပြော.. ဘယ်ကောင့်လက်ချက်လဲ..."

" ဘရန်ဒွန် လုပ်တာ...."

“ ဘရန်ဒွန်…”

လင်းရီ ရေရွတ်လိုက်ပြီး “ အဲ့ကောင်က ဘယ်သူတုန်း…”

“ သူက ကျိုးဟိုင် နိုင်ငံတကာကျောင်းသားများ အစည်းအရုံး ဥက္ကဋ္ဌ…
နိုင်ငံတကာကျောင်းသားတွေနဲ့ သက်ဆိုင်တဲ့ ကိစ္စတွေကို သူကပဲ တာဝန်ယူ ဖြေရှင်းပေးတာ…
ပြီးတော့ မင်းရဲ့ဆိုင်ကို ဖျက်ဆီးဖို့ အကြံအစည်ရဲ့ အဓိက ကြိုးကိုင်သူပဲ… ငါနဲ့ ဘာမှမဆိုင်ဘူး..”

အနီ နိုင်ငံခြားသားများတွင် ဟွာရှန့်လူမျိုးများကဲ့သို့
ဇွဲနပဲကြီးခြင်းနှင့် ခေါင်းမာခြင်းတို့ ရှိမနေချေ။

လင်းရီ သွေးပင် မပူသေးသည့် အချိန်တွင်
နေသန်မှာ သူသိသမျှ အကြောင်းစုံကို
ဖွင့်ဟဝန်ခံနေပြီး ဖြစ်၏။

ၚင်းကိုကြားတော့ ဝိုင်းအုံကြည့်ရှုနေကြသူတို့မှာ
ပြဿနာ၏ အတိမ်အနက်ကို
နားလည်သွားကြသည်။

မည်သူကမျှ ယခုကိစ္စရပ်တွင်
ကျိုးဟိုင်ကျောင်းသားများ အစည်းအရုံးမှ

ပါဝင်ပတ်သက်နေလိမ့်မည်လို့
ထင်မှတ်မထားချေ။

'ကိစ္စတွေကတော့ ထိန်းချုပ်ရခက်လာပြီ….. '

အကယ်၍ သာမန် ပြဿနာလေးဆိုပါက
ဖြေရှင်းရလွယ်ကူသော်လည်း
နိုင်ငံကာအရေးအခင်းများကြောင့်
အထက်အရာရှိများ၏ အာရုံကို
ဆွဲဆောင်မိသွားပါက ခန့်ညားသည့်
သူဌေးချောလေးမှာ အရေးမသာသည့်
အခြေအနေသို့ ကျရောက်နိုင်လေသည်။

လင်းရိကတော့ ထိုကိစ္စကို အာရုံထားမနေပဲ လက်သန်းဖြင့် နားကလော်ရင်း တည်ငြိမ်စွာ ပြောလိုက်၏။

“ အဲ့ကောင်ကို ဖုန်းခေါ်လိုက်…ပြီးရင် ငါ့ကို လာတွေ့ဖို့ ပြောလိုက်…”

“ OkOk ခေါ်ပေးမယ်…
မင်း..မင်း  လက်မလှုပ်နဲ့နော်…”

လက်ကတုန်ကယင်ဖြင့် နေသန် သူ၏ ဖုန်းကို ဆွဲထုတ်လိုက်ပြီး ဘရန်ဒွန်၏ နံပါတ်ကို ခေါ်လိုက်၏။

“ ရှိ ဘဒို.. မြေပြင်အခြေအနေဘယ်လိုလဲ… မင်း အဲ့ကောင် ထွက်မလာရဲအောင် ခြောက်လန့်လိုက်တာလား…” ဘရန်ဒွန် အပြုံးလေးဖြင့် ပြောလိုက်သည်။

“ ဘရန်ဒွန်… ညီကို ငါ့ကို ကယ်ပါဦး… သူခု မင်းကို ဒီလာခိုင်းနေတယ်…”

“ဝှက်ဖက် သူတကယ်ကြီး မင်းကို တိုက်ခိုက်ဝံ့တယ်ပေါ့လေ…” ဘရန်ဒွန် အံ့အားသင့်သွားခဲ့ပြီး “ အဲ့ကောင် တော်တော်လေး သတ္တိကောင်းလှပါလားကွ…”

“ အဲ့ကောင် ငါ့ကို ရိုက်တယ်….
မင်းလာခဲ့ရမယ်နော် ဘရန်ဒွန်… မြန်မြန်လေး
လာခဲ့…”

ထိုအခိုက်အတန့်တွင် ဖုန်းတစ်ဖက်မှ
အတန်ကြာအောင် တိတ်ဆိတ်သွားပြီးမှ ဘရန်ဒွန်
ဖြည်းဖြည်းချင်း စကားပြောလာခဲ့၏။

“ မင်းကို ရိုက်တဲ့ကောင်က မနေ့ကကောင်နဲ့
အတူတူပဲမလား…”

“ဟုတ်တယ်… သူပဲ…”

“ အိုကေ…. အဲ့ကောင်ကို ဖုန်းပေးလိုက်…”

“ ငါခု စပီကာဖွင့်ထားတာ… သူခု မင်းပြောတာတွေကို ကြားတယ်….”

“ ဟဲလို… ဟွာရှန်..” ဘရန်ဒွန် စနောက်သည့် လေသံသို့ ပြောင်းလဲသွားခဲ့ပြီး “ ငါ ကြားတာကတော့ မင်းနာမည် လင်းရီ… ပြီးတော့ အတိုက်အခိုက်လည်း တော်တော်လေး ကောင်းတယ်…. လူးဝစ်တောင် မင်းပြိုင်ဘက် မဟုတ်ဘူးဆိုပဲ…”

“ အဲ့တော့….”

“ မင်းက ငါတို့ရဲ့နိုင်ငံတကာကျောင်းသားတွေကို ရိုက်နှက်ထားတယ်ဆိုတော့ အနူးညွတ်တောင်းပန်ပြီး ငါ့ကို လျော်ကြေးပေးမယ်ဆိုရင် ငါ့စီနီယာရဲ့မျက်နှာကို ထောက်ထားပြီးတော့ မင်းကို ခွင့်လွှတ်ပေးလိုက်မယ်…”

လင်းရှီနှင့် ကျန်သူများ အချင်းချင်းကြည့်လိုက်ကြ၏။

ကြွားလုံးထုတ်တာတော့ ဟုတ်ပါပြီ… ဒါပေမယ့် စီနီယာက ဘယ်သူတုန်းဟ….

“ မင်းက ဘယ်စီနီယာအကြောင်း ပြောနေတာ…”

“ ဒါပေါ့… ကျီချင်းရန်နဲ့ ဟော်ယွမ်ယွမ်….”
ဘရန်ဒွန် ပြုံးလိုက်ပြီး “ ဒါကြောင့်မို့ မင်း
ငါ့စီနီယာနှစ်ယောက်နဲ့ သိတာ
ကံကောင်းသွားတယ်.. မင်းသာ လူသိရှင်ကြား
ပြန်တောင်းပန်ပေးမယ်ဆိုရင် ဒီကိစ္စ
သင်ပုန်းချေပေးလိုက်မယ်…”

လင်းရီ မျက်မှောင်ကြုတ်လိုက်ပြီး သူ၏
အမူအရာမှာ အေးစက်သွားခဲ့ကာ “ မင်းက
ရန်တက္ကသိုလ်မှာ ကျီချင်းရန်ကို လိုက်ခဲ့တဲ့

ငနဲလား.. ဒါပေမယ့် တီချယ်ကျန်းကြောင့် မင်း ရပ်တန့်လိုက်တယ်…”

“ အိုး.. တော်တော်လေး သိသားပဲ… စီနီယာက မင်းကို အများကြီး ပြောပြထားတယ်နဲ့တူတယ်…” ဘရန်ဒွန် ပြောလိုက်ပြီး “ အဲ့ဒီအချိန်တုန်းက တီချယ်ကျန်းဆိုတာ ရန်တက္ကသိုလ်မှာ နာမည်ကြီးပဲ.. ငါ ဘာတစ်ခွန်းမှ ပြန်မပြောရဲလို့သာ လက်လျော့လိုက်တာ… ခု ထောက်ခံစာတွေနဲ့ ဖူတန်ကို ပြန်ရောက်တော့ စီနီယာကို ဒီမှာ ပြန်တွေ့ရမယ်တောင် ထင်မထားဘူး.. ဒါ နတ်ဘုရားရဲ့ အလိုတော်အတိုင်းပဲ… “

“ မင်း စီနီယာမျက်နှာကိုလည်း ထောက်ထားနေစရာမလိုဘူး… ဒီကိစ္စကို သီးသန့်ဖြေရှင်းကြတာပေါ့…”လင်းရီ ပြောလိုက်ပြီး “ မင်းက ဒီငကြောက် တစ်အုပ်ကို ငါ့ဆီ လွှတ်လိုက်တာက အလုပ်ဖြစ်မယ်လို့ ထင်နေတာလား…”

“ ငါလွှတ်လိုက်တယ်ဆိုတာက မင်းလို လူမျိုးကို ကိုင်တွယ်ဖို့ ငါ့လက်လေးတောင် မြှောက်ဖို့ မလိုအပ်လို့ပဲ… နိုင်ငံတကာ ကျောင်းသားတစ်ယောက်ကို ကိုယ်ထိလက်ရောက် ကျူးလွန်တယ်ဆိုတာ ဟွာရှမှာ ကြီးလေးတဲ့ ပြစ်မှုမြောက်တယ်…မင်းတို့ ဟွာရှနဲ့

အရာရှိတွေကပဲ မင်းကို ဖမ်းပြီးတော့ ငါတို့ရဲ့
အခွင့်အရေးကို ကာကွယ်ပေးကြမှာ... ငါ့အထင်
မင်းကို မကြာခင် ထောင်ထဲမှာ
တွေ့ရတော့မယ်နဲ့တူတယ်... ငါပြောတာ
နားလည်တယ်မလား..."

လင်းရီ ဒေါသထွက်စွာ ရယ်မောလိုက်ပြီး
" ဒီငတုံးတစ်အုပ်က ဒီရောက်တာဖြင့်
နာရီဝက်ရှိနေပြီ.... အပိုးမကျိုးလို့
သင်ပြပေးပြန်တော့လည်း ကူပါကယ်ပါနဲ့
တောင်းပန်နေကြတယ်... ဒါပေမယ့်
အဲ့လိုရိုက်နှက်နေတာတောင် ရဲတွေ တစ်ယောက်မှ

ရောက်မလာတာက ဘာကြောင့်လို့ထင်လဲ.... မင်း
ငါ ပြော တာ ကို နားလည်လား...”

ဘရန်ဒွန် တိတ်ဆိတ်သွားခဲ့၏။

ကြည့်ရသလောက်တော့ သူလင်းရီကို
အထင်သေးမိသွားပုံပင်။

“ ကောင်းပြီလေ.. ကြည့်ရတာတော့ မင်းက
ငါထင်ထားတာထက်ကို ပိုပြီး အာဏာရှိတဲ့ပုံပဲ...
ဒါပေမယ့် ကိစ္စတော့ မရှိပါဘူး... မင်း ဒီကိစ္စ
ဖြေရှင်းချင်တယ်ဆိုရင် ဖူတန်ကို လာခဲ့..

ဘတ်စကတ်ဘောကွင်းထဲမှာ စောင့်နေမယ်…
မင်းလက်ခံရဲလား….”

လင်းရှီ၏ နှုတ်ခမ်းထောင့်စွန်းတို့
ကွေးညွှတ်သွားပြီး တစ္ဆေတစ်ကောင်ကဲ့သို့ ပြုံးကာ
“ စောင့်နေလိုက်…”

## အခန်း (၆၃၄)

## ရှော့ခ်ရဖွယ် ထွက်ပေါ်လာမှု

လင်းရီ ဖုန်းချပြီးသည်နှင့် တစ်ပြိုင်နက် ချင်းဟန်မှ ပြုံးလိုက်ပြီး စီးကရက်မီးညှိလိုက်ကာ
“ ဘာရပ်လုပ်နေတာ… သွားကြစို့…”

“ သွားစို့ အစ်ကိုကြီး…. အဲ့ဒီ ကြွက်စုတ်လေးတွေနဲ့ သွားတွေ့ကြမယ်…” လျန်ကျင်းမင် ပြောလိုက်ပြီး
“ သူတို့က  အစ်ကိုကြီးလင်းကို အပြစ်ပြုဝံ့တဲ့အထိ အရမ်းတွေ သတ္တိ ကောင်းနေကြတယ်ပေါ့….”

ကောင်းကျုံးယွမ်လည်း သူ့အင်္ကျီပေါ် ရှိ ဖုန်များကို ခါခပ်ကာ “ ဒီနေ့ ဟွာရှမှာ ဘယ်သူက သူဌေး ဘယ်သူက မြေးဆိုတာကို သိသွားအောင် ပြပေးရမယ်….”

“ မင်းတို့ကလည်း ဆော်မယ်ဆိုတာကြီးပဲ…

ငါသွမ့်ရှုန်ချွမ်းကို ဖုန်းဆက်ထားလိုက်ဦးမယ်….

အဲ့တာမှ ကျောင်းကလူတွေ

ဝင်မစွက်ဖက်ကြမှာ…”

……..

တစ်နာရီကြာပြီးနောက် ဖူတန်

ဘတ်စကက်ဘောကွင်း။

ဖူတန်ကဲ့သို့ တက္ကသိုလ်မျိုး၌

ဘတ်စကက်ဘောကွင်းမှာ ပုံမှန်အားဖြင့်

လူသိပ်မရှိချေ။

သို့သော်လည်း ယနေ့တွင်တော့ ၎င်း၏
အထူးတလှယ် စည်ကားနေချက်ကြီးက
စာကြည့်တိုက်ကိုပင် ကျော်လွန်နေလေသည်။

အဝေးမှ လှမ်းကြည့်လိုက်လျှင်
တစ်စုံတစ်ယောက်မှ ဘတ်စကက်ဘော
ခြင်းအောက်ဘက်၌ လူအယောက် ၂၀ ကျော်
ထိုင်နေသည်ကို မြင်တွေ့နိုင်ပြီး
ဘေးတစ်လျှောက်တွင်လည်း
ရပ်ကြည့်နေကြသူများက အများအပြားရှိ၏။
သို့သော် အနီးကပ် မြင်တွေ့ကြည့်သည့်

အချိန်တွင်တော့ ၇၀ ရာခိုင်နှုန်းကျော်မှာ နိုင်ငံခြားကျောင်းသားများ ဖြစ်ကြလေသည်။

ထိုမြင်ကွင်းက ဟွာရှန့်ကျောင်းသားများကို ရှုပ်ထွေးသွားစေခဲ့၏။

“ ဘာတွေဖြစ်နေတာ.. ဒီနေ့ဘာလို့ လူဒီလောက်များနေတာတုန်းဟ....”

“ ပါတီလုပ်တော့မလို့များလား.... အရင်တုန်းကလည်း အဲ့ကောင်တွေ ပါတီပေးမယ်ဆို အဲ့လိုပဲ စုရုံးစုရုံးနဲ့...”

“ မဖြစ်နိုင်လောက်ဘူး.. အဲ့နားက လူတွေကို ကြည့်ကြည့်လိုက်… အကုန်လုံးက ယောက်ျားလေးတွေချည်းပဲ… သူတို့တွေ ဘယ်တုန်းက ကောင်မလေးတွေမပါပဲ ပါတီပေးတာ မင်းမြင်ဖူးလဲ… ပြီးတော့ အဲ့လူတွေရဲ့ ခန္ဓာကိုယ်ကိုလည်း တစ်ချက်ကြည့်လိုက်ဦး…လူကောင်က ခပ်ကြီးကြီးနဲ့ အာနိုးကြီးလား ကျနေတာပဲ…. ငါ့အထင်တော့ ဒီကောင်တွေ ရန်ဖြစ်ကြတော့မလိုနဲ့ တူတယ်….”

“ သေစမ်း… ငါခု မှတ်မိပြီ…. မနေ့က ကျိန်းရန်လမ်းမှာ ကိစ္စကြီး

ဖြစ်သွားတယ်လေကွာ.... အဲ့ဆိုင်ရှင်က

နိုင်ငံတကာ ကျောင်းသားတစ်ယောက်ကို

မြင်မကောင်းအောင် ရိုက်နှက်လိုက်တယ်ဆိုပဲ...

ငါကြားတာတော့ အဲ့မီးတောက်က

ခုဆိုတော်တော်လေး ကြီးနေပြီ.... ဒီကောင်တွေ

စုဝေးနေတာလည်း အဲ့တာကြောင့်ပဲ ဖြစ်မယ်...."

" ဖြစ်နိုင်တယ်... ဘရန်ဒွန်ဘေးက ကောင်ကို

ကြည့်ကြည့်လိုက်.... အဲ့ကောင်ကိုယ်မှာ

ပတ်တီးတွေနဲ့....

အဆောင်ခံလိုက်ရတယ်ဆိုတာလည်း

အဲ့ကောင်နေမှာ..."

" ဟာ ဟျောင့်တွေ ..အဲ့လိုဆိုရင် ဒီကိစ္စက
သောက်ရမ်းကြီးကျယ်နေပြီ မဟုတ်ဘူးလား....
ဒီလောက်လူတွေ အများကြီး စုဝေးနေမှတော့
သေချာပေါက် ကောင်းတာဖြစ်လာမှာ
မဟုတ်တာတော့ သေချာတယ်..."

" အဲ့တာ ငါတို့နဲ့မှ မဆိုင်တာ.... အဲ့ဒီ
ဘရန်ဒွန်ဆိုတဲ့ကောင်ကလည်း တော်တော်လေး
အာဏာရှိတယ်...ငါတို့ ကျောင်းရဲ့နိုင်ငံတကာ
ကျောင်းသားများ အစည်းအရုံးဥက္ကဌတင်
မဟုတ်ဘူး.... ကျိုးဟိုင်တစ်ခုလုံးက
အစည်းအရုံးတွေရဲ့ဥက္ကဌ... ခု
သူတို့အဖွဲ့ဝင်တစ်ယောက်က

အတီးခံလိုက်ရပြီဆိုတော့ သူ့ဘက်က လှုပ်ရှားလာမှာ သံသယဝင်စရာမလိုဘူး....”

“ ဟားဟား... စိတ်ဝင်စားဖို့ ကောင်းတာတွေတော့ ဖြစ်လာတော့မယ်....”

တစ်ချိန်တည်းတွင် ကျောင်းပေါင်းစုံရှိ နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံးခေါင်းဆောင်များမှာ ဘရန်ဒွန်ဘေးတွင် စုရုံးရောက်ရှိနေကြလေသည်။

“ ဘရန်ဒွန်... ခုတစ်နာရီတောင် ရှိနေပြီ... အဲ့ဒီ ဟွာရှန့်တွေက လာဦးမှာတဲ့လား....”

ပြောလိုက်သူကတော့ ကျိုးဟိုင် နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံး၏ ဒုဥက္ကဋ္ဌ၊ ဘရန်ဒွန်၏ လက်ထောက် ဇက်ချ်ပင်။

“ အင်း…နောက်ထပ် နည်းနည်းလောက် ထပ်စောင့်လိုက်ကြတာပေါ့…” ဘရန်ဒွန် ရယ်မောလိုက်ပြီး “ အဲ့ကောင် လာကိုလာမှာ….”

“ မင်း ဘာလို့ အဲ့လောက်တောင် သေချာနေရတာ…”

“ သံသယဖြစ်စရာကို မလိုတာ…” ဘရန်ဒွန် ပခုံးတွန့်လိုက်ပြီး “ ငါ့စီနီယာကို ပိုးပန်းနိုင်တဲ့

အမျိုးသားက ဘယ်လိုလုပ်ပြီး
သရဲဘောကြောင်တဲ့ကောင် ဖြစ်နိုင်မှာ… အဲ့ကောင်
သေချာပေါက် ရောက်လာလိမ့်မယ်….”

“ ဘရန့်ဒွန်… မင်းက တအား
အကောင်းမြင်လွန်းနေတာပဲ…” ဇက်ချ်
သာမန်လေသံဖြင့် ပြောလိုက်ပြီး “ ကျိုးဟိုင်
နိုင်ငံတကာ ကျောင်းသားများ
အစည်းအရုံးဆိုတာက ရောမ အသင်းအဖွဲ့ကြီး…
တကယ်လို့ သူငါတို့အကြောင်း သိသွားလို့
သွားရှုပ်လို့ မလွယ်တဲ့သူတွေမှန်း
သတိထားမိသွားမှာ သေချာတယ် …

ငါ့အထင်တော့ အဲ့ကောင် ခုဆို

ကြောက်ချေးပန်းနေလောက်ပြီ….”

“ ကိစ္စမရှိဘူး…” ဘရန်ဒွန်

စီးကရက်တစ်ဖွာဖွာလိုက်ပြီး “ တကယ်လို့ သူ

ရောက်မလာခဲ့ဘူးဆိုရင် ငါကိုယ်တိုင်

သူ့ဆီသွားမယ်… ဒါပေမယ့် ငါ့ရဲ့

ရည်ရွယ်ချက်ကတော့ ငါ့ရဲ့ စီနီယာ

ဝင်ပါလာဖို့ပဲ….”

“ ရို ဘရို မင်း ဘာလို့ အဲ့ စီနီယာပဲ ခနခန

ထည့်ပြောနေတာ…”

“ ငါ့စီနီယာအစ်မက ဘယ်လောက်လှလဲဆိုတာကို မမြင်ဖူးသေးလို့ မင်းတို့ကောင်တွေ ဒီစကား ပြောနေကြတာ...” ဘရန်ဒွန်ပြောလိုက်ပြီး “ ငါကျိန်ရဲတယ်... သူမက ငါမြင်ဖူးသမျှထဲမှာ အလှဆုံး မိန်းကလေးပဲ... ငါ ရန်ကျင်းမှာတုန်းက အဲ့ဒီအဘွားကြီးသာ ဝင်မစွက်ဖက်လာဘူးဆိုရင် သေချာပေါက် ပိုးပန်းပြီးပြီ....”

“ ဆိုတော့ မင်းက ဒီအခွင့်အရေးကို အသုံးချပြီးတော့ မင်းရဲ့စီနီယာအစ်မရှေ့မှာ ခွန်အား ထုတ်ကြွားမယ်ပေါ့...”

“ ဒါပေါ့…” ဘရန်ဒွန် ပြောလိုက်၏။ သူ၏
လေသံမှာ အတော်လေး ပျော်ရွှင်နေဟန်ပင်။ “ မင်း
ငါ့စီနီယာအစ်မကို မြင်တဲ့အချိန်ကျရင်
လှတယ်ဆိုတဲ့ ပြယုဂ်ကို မင်း
မြင်ဖူးသွားလိမ့်မယ်….”

“ ဟားဟား… စောင့်ကြည့်ကြသေးတာပေါ့ကွာ…”
ဇက်ချ် ပြောလိုက်ပြီး “ ဒါမှမဟုတ် ငါတို့ပဲ သူတို့ဆီ
သွားလိုက်ကြရင်ကော… ငါ့အထင်တော့
အဲ့ကောင်တွေ မလာရဲလောက်တော့ဘူး…”

“ ဇက်ချ် ပြောတာ မှန်တယ်…” လူးဝစ်
ပြောလိုက်ပြီး “ သူတို့ သေချာပေါက်

ရောက်လာရဲ့မှာ မဟုတ်ဘူး… ဒါကြောင့်မို့
တိုက်ရိုက်သွားရှာလိုက်တာက ပိုကောင်းတယ်…”

“ ငါတော့ အဲ့မြင်ကွင်းက တော်တော်လေး
စိတ်လှုပ်ရှားဖို့ ကောင်းမယ်လို့ ထင်တာပဲ..”
ဇက်ချ်ပြောလိုက်ပြီး “ ငါတို့ လူနှစ်ဆယ်ကျော်ရဲ့
ကားတွေက သူ့ဆိုင်ရှေ့မှာ ထိုးရပ်လိုက်မယ်ဆိုရင်
အဲ့ကောင် တော်တော်လေး
သွေးလန့်သွားလောက်တယ်….”

“ အဲ့နေရာမှာ မင်းမှားတာပဲ… “ ဘရန်ဒွန်
ပြောလိုက်ပြီး “ ငါ ဘာလို့ သူတို့ကို ဒီလာခိုင်းလဲ
သိလား…”

ဇက်ချ် ၊ လူးဝစ်နှင့် ကျန်သူများအားလုံး ခေါင်းခါရမ်းလိုက်ကြ၏။ ၎င်းတို့အားလုံး ဘရန်ဒွန်၏ ရည်ရွယ်ချက်ကို နားမလည်ကြချေ။

“ ဟော့ဒီ ကျောင်း ပရဝဏ်ထဲကို ကြည့်လိုက်…အများစုက ဟွာရှန့်ကျောင်းသားတွေပဲ… ငါက ဒီအခွင့်အရေးကို အသုံးချပြီးတော့ ကျောင်းထဲမှာ ဂုဏ်သတင်းတစ်ခုကို တည်ဆောက်ချင်နေတာ…အနာဂတ်ကျရင် ငါတို့ နိုင်ငံတကာ ကျောင်းသားတွေအတွက်

အကျိုးအမြတ်တွေ ပိုရအောင်
ဖန်တီးလို့ရတယ်…”

“ မင်းပြောတာ မှန်တယ်…” ဇက်ချ်ပြောလိုက်ပြီး
“ ဒါပေမယ့် ဒီတိုင်းထိုင်စောင့်နေလို့တော့
ဘယ်ရမှာ… တကယ်လို့ သူတို့ မလာရဲဘူးဆိုရင်
ငါတို့က ဘာသွားလုပ်ရတော့မှာ…”

ဘရန်ဒွန် သူ၏ လက်ပတ်နာရီကို
တစ်ချက်ကြည့်လိုက်ပြီး “ ခုမှ တစ်နာရီပဲ
ရှိသေးတယ်… နောက်ထပ်
ငါးမိနစ်လောက်ထပ်စောင့်ကြည့်ကြတာပေါ့…

အဲ့အချိန်ထိ ရောက်မလာသေးဘူးဆိုရင် ငါတို့ သူ့ဆီသွားကြမယ်…”

“ အင်း… ငါ ကျန်တဲ့ကောင်တွေကို အသင့်ပြင်ထားဖို့ ပြောလိုက်မယ်…”

“ အိုကေ…”

နိုင်ငံခြားကျောင်းသားများ၏ စိတ်အားထက်သန်နေသည့် အဖြစ်ကိုမြင်တော့ ဟွာရှန့် ကျောင်းသားများအားလုံး ၎င်းတို့၏ သံသယမှန်ကန်ကြောင်းကို အတည်ပြုလိုက်နိုင်သည်။

ဤလူများကား ပြဿနာရှာရန် အဆင်သင့် ဖြစ်နေကြချေပြီ။

“ လခွမ်း.... သူတို့ကောင်တွေက လူ ဒီလောက်များတာကို ဘယ်သူက ရင်ဆိုင်နိုင်မှာ…”

“ ငါကြားတာတော့ နိုင်ငံခြားကျောင်းသားကို ရိုက်နှက်လိုက်တဲ့သူက ကျိန်းရန်လမ်းထဲက စားသောက်ဆိုင် ပိုင်ရှင်ဆိုပဲ… အဲ့သူက ရိုက်နှက်ရုံတင် မပြီးသေးဘူးနော်.. လျော်ကြေး ယွမ်နှစ်သိန်းပါ တောင်းလိုက်သေးတာ… တကယ်လို့ အဲ့လိုမလုပ်ဘူးဆိုရင်

ဒီကောင်တွေလည်း ခုလိုမျိုး ပွဲဖြစ်ဖို့
တာဆူနေကြမှာ မဟုတ်ဘူး…”

“ ဆိုင်ရှင်ကတော့ လစ်ပြီ… သူ အဖွဲ့အစည်းကြီး
တစ်ခုကို အပြစ်ပြုမိမယ်လို့ ထင်ထားမှာ
မဟုတ်လောက်ဘူး…”

“ အမှန်ပဲ… ဘရန်ဒွန်နဲ့ ကျန်တဲ့ကောင်တွေက
ငွေရှားတဲ့ကောင်တွေမဟုတ်ဘူး…
သူတို့ကျောင်းလာတုန်းက ယွမ်
တစ်မီလီယမ်ကျော်တဲ့
ကားအကောင်းစားကြီးတွေနဲ့ လာခဲ့ကြတာ….
ပြီးတော့ တစ်ပတ်ကို တစ်စီးလောက်

လဲစီးသေးတာနော်... ခု ဒီလိုတွေဖြစ်လာပြီဆိုတော့ တစ်ဖက်သူလည်း မချောင်လောက်ဘူး...”

“ အမှန်ပဲ... ဒီမှာက လူတွေအများကြီး... သူတို့ မိသားဝင်တွေ အကုန်လုံးကလည်း ချမ်းသာကြတဲ့ ကောင်တွေကြီးပဲ... ငါခုလေးတင် ကားပါကင်ကနေ ဖြတ်ခဲ့တာ နေရာတစ်ခုလုံးလည်း သူတို့ကားတွေချည်းပဲ... ဈေးအပေါဆုံးကတောင် ယွမ် သုံးသိန်း တန်ကြေးရှိတယ်...”

“ဟူး.... သူ့မှာ လူအားကော ငွေကြေးအင်အားကော ရှိတယ်ဆိုတော့

ဆိုင်ရှင်ကတော့ သေချာပေါက်

ဒုက္ခရောက်ပြီပဲ....”

ဘွန်း ဘွန်း ဘွန်း....

လူတိုင်း ဆွေးနွေးနေကြစဉ် မလှမ်းမကမ်းမှနေ၍

ကားအင်ဂျင်သံ သဲ့သဲ့ကို ကြားလိုက်ကြရ၏။

လှည့်ကြည့်လိုက်သောအခါ

အံ့အားသင့်ဖို့ကောင်းစွာဖြင့် စူပါကားများ

ဘတ်စကတ်ဘောကွင်းဆီသို့

ဦးတည်ရောက်လာနေကြကြောင်း

မြင်တွေ့လိုက်ရလေသည်။

“ ငိုးပဲ… ရှေ့ဆုံးက ကားအနီရောင်လေးက fast and furious 7 ထဲက လိုင်ကန်မလား….”

“ အဲ့နောက်က ကားလည်း တော်တော်လေး လန်းတယ်… Bugatti Beyron …”

စူပါကားများ ၎င်းတို့ရှိသည့် နေရာသို့ ဦးတည်မောင်းနှင်လာနေသည်ကို မြင်တော့ ဘတ်စကတ်ဘောကွင်းထဲရှိလူတိုင်း အံ့အားသင့်သွားခဲ့ကြ၏။
ထိုအခိုက်အတန့်တွင်တော့ အချိန်စက်ဝန်းမှာ နှေးကွေးသွားသည့်နှယ်ပင်။

Lykan

Bugatti Veyron

Aston Martin One -77

Lamborghini

၎င်းတို့နောက်တွင်တော့ McLarens , Paganis, Koeniseggs နှင့် Ferraris တို့ အစဉ်အတိုင်း ရောက်လာကြ၏။

အဆိုပါ စူပါကားများအားလုံး ဘတ်စကတ်ဘောကွင်းပေါ်က်ဝ၌ ရပ်တန့်သွားကြသည်။

သာမန် ဟွာရှန့်ကျောင်းသားများကို မဆိုထားဘိ၊
ဘရန်ဒွန်နှင့် ကျန်သူများပင်
အံ့အားသင့်နေကြလေသည်။

ဒီရဲ့စူပါကားတွေက ဘယ်ကနေဘယ်လို
ရောက်လာခဲ့ကြတာ....

**အခန်း (၆၃၅)**

**မင်းငါ့ကို အမိန့်ပေးသံ လေသံနဲ့**

**စကားလာပြောနေတာလား**

ထိုအခိုက်အတန့်တွင်တော့ လူတိုင်း၏ စိတ်ထဲ၌
မေးခွန်းသင်္ကေတများနှင့်
ပြည့်နှက်သွားခဲ့လေသည်။

ဒါက ဘယ်လိုတောင် ခမ်းနားတဲ့
ရောက်ရှိလာခြင်းမျိုးလဲ....

ကျိုးဟိုင်က ချမ်းသာတဲ့
ဒုတိယမျိုးဆက်တွေအကုန်လုံး ဒီကို
ရောက်လာခဲ့ကြတာများလား....

စူပါကားများ တစ်စီးပြီးတစ်စီး ထိုးရပ်လာပြီး လင်းရီနှင့် ကျန်သူများအားလုံး ကားထဲမှ ထွက်လာခဲ့ကြသည်။

လင်းရီကို မြင်တော့ လူးဝစ် ကြောက်သေး တစ်စက်နှစ်စက် ကျသွားခဲ့ပြီး “ သူ.... သူပဲ... ငါ့ကို ရိုက်ခဲ့တာ အဲ့ကောင်ပဲ...”

“ အဲ့ကောင်လား...”

ဘရန်ဒွန်နှင့် ဇက်ချ်တို့၏ အမူအရာမှာ တစ်မဟုတ်ချင်း ပြောင်းလဲသွားခဲ့တော့၏။

လင်းရီ ရောက်လာလိမ့်မည်ဟု ဘရန်ဒွန် ခန့်မှန်းထားပါသော်လည်း ယခုလို လူအများကြီး ခေါ်လာလိမ့်မည်လို့တော့ မျှော်လင့်မထားခဲ့ချေ။

ထို့ပြင် သူတို့အားလုံးမှာ  စူပါကား အလန်းစားများကြီးများဖြင့် ကြီးကျယ်ခမ်းနားစွာ ရောက်ရှိလာကြလေသည်။

“ လူးဝစ်က မင်းနောက်မှာ ပုန်းနေတယ်ဆိုတော့ ဘရန်ဒွန်ဆိုတာ မင်းလား…” လင်းရီ မျက်ခုံးပင့်ပြီး မေးလိုက်၏။

“ ငါပဲ…” ဘရန်ဒွန် ပြန်ဖြေလိုက်၏။သို့သော်လည်း စိတ်ခြောက်ခြားမှုကြောင့် သူ၏ အသံမှာ မသိမသာ တုန်ယင်နေလေသည်။ လင်းရီ၏ အရှိန်အဝါကို မြင်လိုက်ကတည်းကရင် ဘရန်ဒွန်မှာ တစ်ပန်းရှုံးနေပြီး ဖြစ်၏။

လင်းရီ ဘရန်ဒွန်၏ ပခုံးကို ပုတ်ရင်း တည်ငြိမ်သည့် လေသံဖြင့် “ဘရန်ဒွန် ဘရန်ဒွန်…. မင်းက ငါ့ဆိုင်ကို ဖျက်ဆီးပြီးတော့မှ ငါ့ကောင်မလေးကိုလည်း လိုချင်နေတယ်ဆိုတော့ မင်း သတ္တိတွေ သိပ်ကောင်းနေတယ်ပေါ့….ဟုတ်လား…”

“ လင်း….လင်းရီ…. ငါရှင်းပြမယ်… ဒါက နားလည်မှုလွဲနေတာ ... ငါ ဒီခေါ်လိုက်တယ်ဆိုတာက မင်းနဲ့ အေးဆေးစကား ပြောချင်လို့ပါကွာ…..”

ဘရန်ဒွန်၏ မျက်နှာ ဖြူလျော်နေပြီး သင့်တင့်လျောက်ပတ်စွာပင် စကား မပြောနိုင်တော့။

လင်းရီရောက်သည်နှင့် သူ မည်သို့မည်ပုံ ကြွယ်မည်ဟု စီထားသည့် စာစကားလုံးများပင် လည်ချောင်းဝ၌ တစ်ဆို့နေလေသည်။

ဤလူများအားလုံးက စူပါကားများ မောင်းနှင်လာကြပြီး  သူတို့အိတ်ကပ်ထဲတွင် သေနတ်များ ရှိမနေဟု မပြောနိုင်ချေ။ ကြွယ်ဝမှု၌ဖြစ်စေ၊ ခွန်အားခြင်း ယှဉ်ပြိုင်ရာ၌ ဖြစ်စေ သူသည်ကား အဘက်ဘက်မှ ရှုံးနိမ့်နေပြီး ဖြစ်၏။ ၎င်းကို သံသယရှိနေရန် မလိုချေ။

“ ဘယ်လို နားလည်မှု လွဲနေတာ…”

“ မင်းရဲ့နိုင်ငံတကကာ ကျောင်းသားများ အစည်းအရုံးက စောက်ရမ်းတွေ အထင်ကြီးဖို့ ကောင်းနေတာ မဟုတ်ဘူးလား…. ဘာလဲ… မင်းထင်နေတာ မင်းက ဒီလိုမျိုး အစည်းအရုံးလေး

ဖွဲ့စည်းနိုင်တာနဲ့ပဲ ဒီနေရာမှာ အရှင်သခင်
တစ်ပါးလို နေနိုင်ပြီလို့ ထင်နေတာလား……”

“ မ… မဟုတ်တာ… ငါ့မှာ အဲ့လိုအကြံမျိုးတွေ
မရှိပါဘူးကွာ… ငါမင်းကို နည်းလမ်းရှာပြီး
ပိုက်ဆံပြန်လျော်ပေးပါ့မယ်…”

“ မင်းထင်နေတာ ငါက အဲ့ ပိုက်ဆံလိုတယ်လို့
ထင်လား…”

“ ဒါ…ဒါဆို ငါဘယ်လို လုပ်ပေးရမလဲ…
မင်းပြောတဲ့အတိုင်း ငါလုပ်ပေးပါ့မယ်…”

“ ရော့ … အဲ့တာဆို ဒါယူလိုက်…”

ဝှစ်....

လင်းရှိ ဘရန်ဒွန်ကို တစ်ချက်ပိတ်ကန်လိုက်၏။
ထိုအခါ တစ်ဖက်သူမှာ C ပုံသဏ္ဍာန်
လွင့်ထွက်သွားပြီး မြေပြင်သို့
လဲကျသွားခဲ့လေသည်။

ထိုသို့ ဖြစ်သွားခဲ့သော်လည်း မည်သည့်
နိုင်ငံခြားကျောင်းသားကမျှ ရှေ့သို့ ခြေတစ်လှမ်း
မတိုးဝံ့ကြ။

သူတို့အားလုံး ခေါင်းကိုယ်စီငုံ့ထားကြကာ
ဘရန်ဒွန်ကိုပင် သွားမထူဝံ့ကြချေ။

ကျန်သူများလည်း ထိတ်လန့်သွားခဲ့ကြသည်။

ဒီရဲ့ချမ်းသာတဲ့ ဒုတိယမျိုးဆက်တွေက သောက်ရမ်းအံ့ဩဖို့ကောင်းတာပဲကွ....

အဲ့ကောင်တွေကို နာနာလေး တီးပစ်လိုက်...

၎င်းတို့အားလုံး စိတ်ထဲမှ ကြိတ်ပြီး အားပေးအားမြှောက်ပြုနေကြ၏။

" ဟိတ်ကောင်... မင်းဖုန်းထဲမှာတုန်းက ဒီလို ပုံစံမဟုတ်ပါဘူးကွ... ထပြီး တစ်ခုခု ပြန်ပြောစမ်း...."

ဘရန်ဒွန်နှင့် ကျန်သူများအားလုံး ပါးစပ်ဖစ်ပိတ်ထားကြ၏။ ဘာတစ်ခွန်းမျှ ပြန်မပြောဝံ့ကြ။

“ မင်းက မပြောဘူးဆိုတော့ ငါကပဲ စကားတစ်ချို့ ပြောလိုက်မယ်....” လင်းရီ ပြောလိုက်ပြီး “ ငါ့အထင် မင်းတို့ ပြောပြောနေတဲ့ နိုင်ငံတကကာ ကျောင်းသားများ အစည်းအရုံးဆိုတာကြီးက ဆက်ပြီး ရှိနေစရာမလိုတော့ဘူး....ဒီနေ့ပဲ ဖျက်သိမ်းလိုက်တော့....”

“ နိုင်ငံတကာကျောင်းသားများ အစည်းအရုံးကို ဖျက်သိမ်းရမယ်..”

ဘရန်ဒွန် ၊ ဇက်ချ်နှင့် ကျန်သူများအားလုံး မျက်စိများ ပြူးကျယ်သွားခဲ့ကြသည်။ လင်းရှီမှ ထိုသို့ ပြောလာလိမ့်မည်လို့ သူတို့ မျှော်လင့်မထားကြချေ။

“ ပြဿနာရှိလို့လား…” လင်းရှီ စီးပိုးသည့် လေသံဖြင့် ပြောလိုက်ပြီး “တကယ်လို့ ပြဿနာရှိရင် ထုတ်ပြောလို့ရတယ်နော်… ဟွာရှက အရမ်းကို ဒီမိုကရေစီနည်းကျတာ…”

“ ငါ.. ငါတို့ … ပြဿနာမရှိပါဘူး…”

“ မရှိရင်လည်း အောက်မှာထိုင်ပြီး ယီးလုပ်နေတာလား…. မြန်မြန်သွားလုပ်တော့လေ…” လင်းရီ နောက်တစ်ချက် ဆောင့်ကန်လိုက်ပြီး “ မနက်ဖြန်ရောက်ရင် မင်းရဲ့အဲ့ဒီ အစည်းအရုံးကို ထပ်မမြင်ရစေနဲ့ … ကြားလား…”

“ ဟုတ်…. ဟုတ်ကဲ့ပါ…”

လင်းရီ ပြုံးလျက် ခါးကိုင်းလိုက်ကာ ဘရန်ဒွန်၏ မျက်နှာကို ခပ်ဖွဖွ ရိုက်လိုက်ပြီး “ ကောင်လေး..

မင်းခု ရောက်နေတာ ဟွာရှ… ဆိုတော့ ဟွာရှရဲ့
စည်းမျဉ်းစည်းကမ်းတွေကို
လိုက်နာတတ်ရတယ်… ဒီနေရာက မင်း ရှုံးပြရမယ့်
နေရာမဟုတ်ဘူး… နားလည်လား…”

“ နား…နားလည်ပါတယ်…”

“ အိုကေ…ဒါဆို ဒီမှာပဲ အဆုံးသတ်ကြတာပေါ့…”
လင်းရိ ပြောလိုက်ပြီး “ ညီကိုတို့ ဒီနေ့ညရဲ့
ကုန်ကျစရိတ်တွေကို ငါတို့ရဲ့သခင်လေးချင်းက
ရှင်းပေးမယ်တဲ့…”

ချင်းဟာန် “ …..”

‘ ဖက်ခ်… မင်းက နှလုံးသားမရှိတဲ့ကောင်ပဲကွ…’

“ ရေး….”

“ သွားကြစို့…”

လင်းရီ၏ ဦးဆောင်မှုအောက်တွင် ချမ်းသာသည့် ဒုတိယမျိုးဆက် သခင်လေးများအားလုံး ကားကိုယ်စီထဲသို့ ဝင်၍ ကျောင်းမှ ထွက်ခွာသွားကြလေသည်။

အလျော်အစားနှင့် စပ်လျဉ်း၍ကတော့ လင်းရီ စိတ်ပင် မဝင်စားချေ။

ထိုမျှ သေးငယ်သည့် ပမာဏကို လင်းရီ
လိုအပ်မနေသလို လိုလည်း
မလိုအပ်သောကြောင့်ဖြစ်၏။

သောင်းသောင်းဖြဖြနှင့် လူများစွာ
ခေါ်ဆောင်လာခဲ့ပြီး ကျောင်းသားများကို ရိုက်နှက်
ပိုက်ဆံ တောင်းသွားသည်က အင်မတန်
နိမ့်ကျသည့် လုပ်ရပ်ပင်။

လင်းရီမှာ အသက် နှစ်ဆယ်ကျော်နေပြီ
ဖြစ်သောကြောင့် သူ၏
ရှစ်တန်းကျောင်းသားရောဂါမှာ အပြီးတိုင်
ပပျောက်သွားခဲ့ချေပြီ။

လူတိုင်း၏ မနာလို အားကျနေသည့်
အကြည့်များအောက်တွင် စူပါကားများ
တစ်စီးပြီးတစ်စီး ကျောင်းမှ ထွက်ခွာသွားခဲ့ကြ၏။

မိနစ်အနည်းငယ်ကြာပြီးနောက် ယခင် လူများနှင့်
ပြည့်နှက်နေသည့် ဘတ်စကတ်ဘောကွင်းမှာ
ယခုတော့ ဗလာနတ္တိ။ ခွေးတစ်ကောင်
ကြောင်တစ်မြီးမျှပင် မရှိတော့ချေ။

ဘရန်ဒွန်နှင့် ကျန်သူများအားလုံး  သာမန်
နိုင်ငံတကာကျောင်းသားများကို ချန်ထားရစ်ခဲ့ပြီး

အရေးပါသူတစ်ချို့နှင့် ဘတ်စကက်ဘောကွင်းမှ ထွက်ခွာသွားခဲ့လေသည်။

“ ဘရန်ဒွန်… ငါတို့ ခုဘယ်လိုလုပ်ကြမလဲ…. ငါတို့ တကယ်ကြီး အစည်းအရုံးကို ဖျက်သိမ်းပစ်တော့မှာလား… တကယ်လို့ အဲ့လိုမျိုး ဖြစ်လာမယ်ဆိုရင် ဘယ်သူကမှ ငါတို့ရဲ့ အခွင့်အရေးတွေအတွက် တိုက်ခိုက်ပေးနိုင်မှာ မဟုတ်တော့ဘူးနော်…”

“ ငါ ယီးမို့လို့ ဖျက်သိမ်းရမှာလား….” ဘရန်ဒွန် ဒေါကြီးမောကြီးဖြင့် ပြောလိုက်ပြီး “ လုံးဝ မဖျက်သိမ်းနိုင်ဘူး….”

“ ဒါဆို ငါတို့ ပြန်တိုက်ခိုက်ဖို့
နည်းလမ်းရှာရမယ်လေ…”

ထိုသို့ ပြောပြီးပြီးချင်းပဲ ဇက်ချ် အပြစ်ရှိသလို
ခံစားလိုက်ရ၏။

တဖက်အုပ်စုတွင် လူများစွာ ရှိနေပြီး မည်သည့်
တစ်ယောက်ကိုမျှ ကိုင်တွယ်ရန် မလွယ်ကူချေ။
၎င်းတို့ကို ဆန့်ကျင်ရန်မှာ အတော်လေး
စိတ်ကူးယဉ်ဆန်သည့် အတွေးဟု ပြောလျှင်တောင်
မမှားချေ။

“ ငါတို့ရဲ့ လက်ရှိ အင်အားနဲ့ဆိုရင်တော့ ဆန့်ကျင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး… ဒီတော့ ငါတို့ ဓားငှားမှဖြစ်မယ်….”

“ ဘယ်လိုမျိုးလဲ…”

“ ကျောင်းက ခေါင်းဆောင်တွေကို ဒီအကြောင်း အရင်ပြောပြပြီးတော့ သူတို့ကို ကိုင်တွယ်ခိုင်းလိုက်ကြတာပေါ့…”

“ အေး အဲ့အကြံမဆိုးဘူး…”

စိတ်ပိုင်းဖြတ်ပြီးနောက် ဘရန်ဒွန်နှင့်
ကျန်သူများအားလုံး ဒါရိုက်တာရုံးခန်းဆီသို့
ဦးတည်လိုက်ကြလေသည်။

.........

ဒါရိုက်တာရုံးခန်းထဲတွင် ဇရာကြောင့် ဆံပင်တို့
ဖြူဖွေးနေပြီဖြစ်သည့် လူကြီးနှစ်ယောက်
ထိုင်နေကြလေသည်။

ထိုသူတို့နှစ်ဦးလုံးမှာ ရှေးဟောင်း ဟွာရှဝတ်စုံကို
တူညီစွာ ဝတ်ဆင်ထားကြပြီး ထိုအထဲမှ
တစ်ယောက်ကိုတော့ လင်းရှီ ရင်းနှီး၏။

ထိုသူကတော့ သွမ့်ရှုန်ချွမ်းမှုတစ်ပါး အခြားသူ မဟုတ်ချေ။

“ အဘိုးကြီးသွမ့်… ငါ မင်းပြောတဲ့ လင်းရီကိုတော့ သိပ်မသိဘူး.. ဒါပေမယ့် ဒီလိုမျိုး ကိစ္စကြီးတွေ ဖြစ်ပြီးမှတော့ ငါတို့ ဒီတိုင်း ငြိမ်ငြိမ်ထိုင်နေလို့ ဖြစ်ပါ့မလားကွ… ငါတို့ရဲ့ ရပ်တည်ချက်ကို ဖော်ပြရမယ်..”

ပြောလိုက်သူကတော့ ဖူတန်တက္ကသိုလ်၏ ဥက္ကဌ ကျန်းဖန်လုဖြစ်ပြီး ကျောင်း၏ အစစ်အမှန် အာဏာရှိသူတစ်ဦးပင်။

“ ငါအကြံပေးတာကို နားထောင်စမ်းပါကွာ… ခု ဖြစ်နေတာလေးကို ဒီတိုင်းလေးပဲ လွှတ်ထားလိုက်… ဝင်မပါနဲ့.. လင်းရီရဲ့ အာဏာစက်က မင်းတို့ ငါတို့ စိတ်ကူးနိုင်တာထက်ကို ပိုတယ်…”

တစ်ခဏမျှကြာအောင် တိတ်ဆိတ်သွားပြီးနောက် ကျန်းဖန်လုမှ ယခုလို မေးလိုက်၏။

“ တကယ်လို့ ငါက ဝင် စွက်ဖက်ချင်တယ်ဆိုရင်ကော…”

“ မင်းရဲ့ ကံကြမ္မာက မင်း ရပ်တည်တဲ့ ဘက်ပေါ် မူတည်တယ်.... မင်း လင်းရီဘက်ကနေ ရပ်တည်ပေးမယ်ဆိုရင် ဘာပြဿနာမှ ရှိလာမှာ မဟုတ်ဘူး... အေး... ဒါပေမယ့် နိုင်ငံခြား ကျောင်းသားတွေဘက်ကနေ ကူပြောပေးမယ်ဆိုလို့ကတော့ ဘာဖြစ်သွားမလဲဆိုတာ မိုးနတ်မင်းကြီးနဲ့ လင်းရီပဲ သိလိမ့်မယ်....”

“ သူက မြို့တော်ဝန်လျှန်နဲ့ ဆက်ဆံရေးကောင်းတယ်ဆိုတာတော့ ငါသိပါတယ်... ဒါပေမယ့် ငါ့ကို

တိုက်ခိုက်နိုင်လောက်တဲ့ထိ
စွမ်းနိုင်မှာတဲ့လားကွ…”

“ အဘိုးကြီးကျန်း… ငါတို့နှစ်ယောက်
ရင်းနှီးလာတာ နှစ်တွေလည်းမနည်းတော့ဘူး… ငါ
မင်းကို အမှန်အတိုင်းပြောပြနေတာ….
လင်းရီဆိုတာ ငါတို့ တွေးတောလို့ မမှီနိုင်အောင်
နက်နဲတယ်… သူက အပေါ်ယံမှာ လျှန်ရူရှယ်နဲ့
ဆက်ဆံရေးကောင်းတယ်လို့သာ ထင်ရပေမယ့်
လက်တွေ့မှာကျတော့ သူ့ရဲ့အဆက်အသွယ်တွေနဲ့
အာဏာစက်က ငါတို့ စိတ်ကူးယဉ်နိုင်တာထက်ကို
ပိုတယ်…” သွမ့်ရှုန်ချွမ်း ပြောလိုက်ပြီး
“ စဉ်းစားကြည့်ကြည့်လေ… တကယ်လို့ သူ့မှာသာ

အစွမ်းအစ မရှိဘူးဆိုရင် အဲ့လောက်
လူအများကြီးကို
စုဆောင်းနိုင်မှာတဲ့လား…ကျိုးဟိုင်မှာ
လူဘယ်နှစ်ယောက်ကများ သူ့လိုမျိုး
စွမ်းဆောင်နိုင်လို့လဲ…”

ထိုအခါ ကျန်းဖန်လု သက်ပြင်းချလိုက်ပြီး
“ မင်းပြောတာ မှန်တယ်.. သူက ကျိုးဟိုင်မှာ
တကယ့်ကို ဒိတ်ဒိတ်ကျဲကြီးပဲ…”

“ အမှန်ပဲ… ဒါကြောင့်မို့ ဒီကိစ္စကို
မျက်ကွယ်ပြုထားလိုက်တော့….”

“ ကောင်းပြီလေ… မင်းအကြံပေးတာကို ငါနားထောင်လိုက်မယ်….”

ကျန်းဖန်လု မတ်တပ်ရပ်လိုက်ပြီး ချိတ်ထားသည့် ကုတ်အင်္ကျီကို ယူလိုက်ကာ “ မင်းဒီညအားလား.. အားရင် ငါ့နေရာလာပြီး လက်ဖက်ရည်လေး ဘာလေး လာသောက်စမ်းပါဦးဟ….နှစ်ယောက် စကားမပြောဖြစ်တာတောင် ကြာပြီ….”

“ ကောင်းပြီလေ… ငါ ငါးမျှားတံနှစ်ချောင်း ဝယ်ထားတာနဲ့ အတော်ပဲ …မင်းဆီ တစ်ချောင်း ယူလာခဲ့ပေးမယ်… ကွာလတီကလည်း မဆိုးဘူး…”

“ အဲ့တာဆိုလည်း ဘာစောင့်နေတာ.... ငါ့ကို လိုက်ပြလေ...” ကျန်းဖန်လု ရယ်မောလိုက်ပြီး “ တိုက်ဆိုင်ချင်တော့ ဒီတစ်ပတ် အစည်းအဝေးမရှိဘူး... ငါးသွားမျှားကြတာပေါ့...”

“ ကောင်းသားပဲကွ... ဟားဟား....”

ဒေါက် ဒေါက် ဒေါက်

နှစ်ယောက်သား ထွက်ခွာတော့မည့် အချိန်တွင် ရုံးခန်းတံခါးခေါက်သံကို ကြားလိုက်ရလေသည်။

“ ဝင်လာခဲ့...” ကျန်းဖန်လု သူ့အကျႌကို ပြန်ချိတ်ရင်း ပြောလိုက်၏။

ရှုံးခန်တံခါးမှာ ပွင့်ဟလာပြီး ဘရန်ဒွန်နှင့် ကျန်သူများ ရောက်လာသည်ကို မြင်တော့ နှစ်ယောက်မှာ အံ့အားသင့်သွားခဲ့လေသည်။

ကျန်းဖန်လု အမူအရာပြောင်းလဲသွားခဲ့၏။ တစ်ဖက်သူ၏ လာရင်း အကြောင်းပြချက်ကို သူ ခန့်မှန်းထားပြီးဖြစ်၏။

“ ဘာကိစ္စလဲ...” ကျန်းဖန်လု မသိချင်ယောင်ဆောင်၍ မေးမြန်းလိုက်သည်။

“ ကျောင်းအုပ်ကျန်း… ခင်များလည်း ခုလေးတင် ကျောင်းမှာ ဘာဖြစ်သွားလဲဆိုတာ သိတယ်မလား…”

“ ဟော… ဘာလဲ ဖြစ်သွားတာ..” ကျန်းဖန်လု မေးလိုက်ပြီး “ ငါ ကျောင်းအုပ်သွမ့်နဲ့ ကျောင်းကိစ္စဆွေးနွေးနေတာဆိုတော့ ဘာဖြစ်လဲ မသိလိုက်ဘူး…”

“ ခုလေးတင် လူတစ်အုပ် ကျောင်းထဲရောက်လာပြီး ပြဿနာ လာရှာသွားတယ်… ပြီးတော့ ကျုပ်ကိုလည်း နိုင်ငံတကာ ကျောင်းသားများအစည်းအရုံးကို

ဖျက်သိမ်းပေးရမယ်ဆိုပြီး
ခြိမ်းခြောက်သွားသေးတယ်… ဒီကိစ္စကို
ကျောင်းအုပ်ဖြစ်တဲ့ ခင်များက
သေချာကိုင်တွယ်သင့်တယ်မဟုတ်ဘူးလား…”

ကျန်းဖန်လု ဘရန်ဒွန်ကို ကြည့်လိုက်ပြီး “ မင်း ငါ့ကို
အမိန့်ပေးတဲ့ လေသံနဲ့ လာပြောနေတာလား….”

**အခန်း (၆၃၆)**

**နင်ပြန်လာဖို့ လောစရာမလိုဘူး သိလား**

ကျန်းဖန်လုဆိုတာ ဘယ်သူလဲ…

သူက ဖူတန်တက္ကသိုလ်ရဲ့ ခေါင်းဆောင် တစ်ဦး ဖြစ်ပြီးတော့ ဒုဝန်ကြီး အဆင့်နဲ့ ကိုက်ညီတဲ့သူလေ..

တကယ်လို့ ဘရန်ဒွန်က အထင်ကြီးဖို့ ကောင်းတဲ့ မိသားစု နောက်ခံကနေ လာခဲ့တယ်ဆိုရင်တောင် သူ့ရှေ့မှာ ရိုသေသမှုကို ပြသရမှာပဲ...

"ကျောင်းအုပ်ကျန်း ... ကျုပ်ဆိုလိုချင်တာက အဲ့သဘောမျိုး မဟုတ်ပါဘူး..."ဘရန်ဒွန် ယဉ်ကျေးစွာ ပြောလိုက်ပြီး "ကျုပ်တို့ နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံးက

နိုင်ငံတကာကျောင်းသားတွေရဲ့အကျိုးစီးပွားကို ကာကွယ်ပေးတယ်... ခု တစ်စုံတစ်ယောက်က ကျုပ်တို့အစည်းအရုံးကို ဖျက်သိမ်းပေးဖို့ ခြိမ်းခြောက်လာနေပြီ... ကျောင်းအုပ်ကျန်းက ကျုပ်တို့ဘက်ကနေ ရပ်တည်ပြီးတော့ ဒီကိစ္စ ကိုင်တွယ်ပေးသင့်တယ် မဟုတ်ဘူးလား...."

"ဒါဆိုလည်း ငါမေးပါဦးမယ်... မင်းတို့ရဲ့ဘယ် အကျိုးစီးပွားကို ဆန့်ကျင်နေလို့လဲ..."ကျန်းဖန်လု မေးလိုက်၏။

အဆိုပါ ရိုးရှင်းသည့် စကားတစ်ကြောင်းက ဘရန်ဒွန်နှင့် ကျန်သူများကို ပြောစရာ စကား ရှာမရ ဖြစ်သွားစေသည်။

သူတို့ အတန်ကြာအောင် ဆွံ့အနေခဲ့ပြီး လင်းရီ၏ ခြိမ်းခြောက်မှုက အသေးအမွှားလေးသာဖြစ်ကာ ၎င်းတို့၏ အကျိုးစီးပွားနှင့် လားလားမျှ မအပ်စပ်ချေ။

"မင်းတို့ကောင်တွေက ကမ္ဘာ့နေရာဒေသ အနှံ့အပြားကနေ လာခဲ့တော့ မတူညီတဲ့ ယဉ်ကျေးမှုတွေ ၊ ဓလေ့ထုံးတမ်းတွေကြောင့်မို့ ငါတို့ဘက်က အထူးအခွင့်အရေးတွေ

ပေးထားခဲ့ပြီးပြီ… အဲ့ဒီ အခွင့်အရေးက ကျိုးဟိုင်တစ်မြို့လုံးက ကျောင်းပေါင်းစုံမှာလည်း အကျုံးဝင်ပြီးသား… ဆိုစမ်းပါဦး.. ဘယ်ရဲ့ အကျိုးစီးပွားကို ဆန့်ကျင်နေလို့…"

"ကျုပ်ရဲ့နိုင်ငံခြားကျောင်းသား နှစ်ယောက်က အရိုက်နှက်ခံလိုက်ရတယ်လေ.. အဲ့တာက မလုံလောက်သေးဘူးလား…"

"အဲ့တာက ပြည့်သူ့လုံခြုံရေးနဲ့ သက်ဆိုင်တဲ့ ပြဿနာပဲ.. ပြီးတော့ ဒီလိုကိစ္စမျိုးတွေဆိုတာ တစ်ကမ္ဘာလုံးမှာ မကင်းဘူး…..
"ကျန်းဖန်လုပြောလိုက်ပြီး "အမေရိကားမှာ

ဒေသခံတွေရဲ့ အနိုင်ကျင့်တာ ခံနေရတဲ့ ငါတို့ ဟွာရှန့်ကျောင်းသားတွေလည်း အများကြီးရှိတယ်… ဒီကိစ္စက ကျောင်းနဲ့ မဆိုင်ဘူး… မင်းတို့ ရဲစခန်းကို သွားပြောသင့်တယ်…"

"ပြောတာပဲလေ…ဒါပေမယ့် ရဲခေါ် ပြန်တော့ ကျုပ်တို့ကို မကူညီတဲ့ အပြင် ယွမ်နှစ်သိန်းတောင် ဒဏ်ရိုက်လိုက်သေးတယ်…"

ကျန်းဖန်လု ထိုင်ခုံနောက်ကျောသို့ မှီလိုက်ပြီး ဘရန်ဒွန်နှင့် ကျန်သူများကို ကြည့်ကာ "ငါကြားပြီးသွားပြီ… အဲ့ဒီ ယွမ် နှစ်သိန်းထဲမှာ

တစ်သိန်းလေးသောင်းက စားသောက်စရိတ်...

ကျန်တဲ့ ယွမ် ခြောက်သောင်းက ဆိုင်အတွက်

လျော်ကြေးငွေပဲ... အဲ့အကြောင်းတွေကို

စာရွက်စာတမ်းတွေထဲမှာ သေချာ

ဖော်ပြထားပြီးသားပဲလေ.. အဲ့ပမာဏက

မျှမျှတတပဲ မဟုတ်ဘူးလား.. မင်း

ဖူတန်ရောက်တာ တစ်နှစ်စွန်းစွန်းလေးပဲ

ရှိသေးတာကို ကျောင်းက မမျှတဘူးဆိုပြီး

စိတ်ပျက်ပြမနေစမ်းနဲ့..."

"အဲ့တာက လိမ်နေတာ... ကျုပ်တို့ကို

အနိုင်ကျင့်နေတယ်ဆိုတာ အရှင်းကြီးပဲ..."

"တော်လောက်ပြီ..."သွမ့်ရှန်ချွမ်း
လက်ဝှေ့ယမ်းလိုက်ပြီး "မင်းတို့ကောင်တွေလည်း
အဖြစ်အပျက်နောက်ကွယ်က အမှန်တရားကို
သိပြီးပြီမဟုတ်ဘူးလား... ထပ်ပြီး
အငြင်းပွားမနေကြနဲ့တော့..."

"ပြီးတော့ မင်းတို့ ဖူတန် ရောက်လာတယ်ဆိုတာက
စာလေ့လာဖို့ ... ရည်ရွယ်ချက် ဂဃနဏ မရှိတဲ့
အစည်းအရုံးတွေထောင်ပြီး ရှုပ်ပြဖို့ မဟုတ်ဘူး...
ငါ့အထင်တော့ ဒီနေ့ကစပြီး ဖူတန်တက္ကသိုလ်မှာ
နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံးဆိုတာ
ဆက်ရှိနေစရာ မလိုတော့ဘူး... မင်းတို့အားလုံး
စာထဲပဲ အာရုံစိုက်ထားပြီးတော့ အဲ့ဒီ

အရေးမပါတဲ့ကိစ္စတွေမှာ အားအင်
ဖြုန်းတီးမနေကြနဲ့... ကျောင်းသားဆိုတာ စာပဲ
လုပ်သင့်တယ်...."

ဘရန်ဒွန် အမျက်ချောင်းချောင်း ထွက်လာခဲ့ပြီး
"အဲ့တာနဲ့ပဲ ဒီကိစ္စကို ဒီတိုင်း
ထားလိုက်တော့မလို့လား..."

"မင်းက ငါတို့ စီမံပေးတာ မသင့်လျော်ဘူးလို့
ထင်နေတာလား..."သွမ့်ရှန်ချွမ်း ပြန်မေးလိုက်၏။

"သေချာပေါက် မသင့်လျော်ဘူး... ခင်များက ကျုပ်တို့ရဲ့ အခွင့်အရေးကို ချိုးဖောက်နေတာပဲ... ဒါကြီးက မှားတယ်..."

"နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံးကို ဘန်းပစ်ဖို့ မသင့်လျော်ဘူးပေါ့..."

သွမ့်ရှန်ချွမ်း ကောက်ကျစ်စွာ ပြောလိုက်ပြီး "ဒါဆိုရင် ဆိုစမ်းပါဦး... မင်းတို့က အဲ့ဒီ အစည်းအရုံးကြီးနဲ့ ဘယ်ရဲ့ အခွင့်အရေးအတွက် တိုက်ခိုက်ချင်နေတာ..."

"ကျုပ်တို့ အနိုင်ကျင့်ခံရရင် ကျုပ်တို့ဘက်ကနေ မားမားမတ်မတ်နဲ့ ရပ်တည်ပေးမယ့် အစည်းအရုံးတစ်ခုတော့ လိုအပ်တယ်.. အမေရိကားမှာလည်း ဟွာရှန့်တွေ ထောင်ထားတဲ့ အစည်းအရုံးတွေမှ အများကြီးပဲ… ဘာလို့ ဟွာရှကျမှ ကျုပ်တို့ကို လာဘန်းနေတာ...."

"မင်းတို့က အမေရိကားရဲ့ စံချိန်စံနှုန်းတွေ အကြောင်း ပြောနေတယ်ဆိုတော့ ငါတို့လည်း အမေရိကားရဲ့ စည်းမျဉ်းအတိုင်းပဲ လုပ်ကြတာပေါ့...."သွမ့်ရှန်ချွမ်း ပြောလိုက်ပြီး

"ခုကစပြီးတော့ နိုင်ငံတကာ
ကျောင်းသားတွေအတွက် အထူးပြဌာန်းထားတဲ့
စည်းမျဉ်းစည်းကမ်းတွေအကုန် ရုတ်သိမ်းပြီ...
မင်းတို့ အိပ်ခန်းတွေကိုလည်း လူလေးယောက်
တစ်ခန်းပြောင်းမယ်...
သီးသန့်စာကျက်ခန်းတွေလည်း မရှိတော့ဘူး...
သင်ရိုးညွှန်းတမ်းဆိုရင်လည်း
တခြားကျောင်းသားတွေနဲ့ တန်းတူပဲ သင်ရမယ်...
ငါ ဒီအကြောင်းတွေ ကျောင်းကော်မတီကို
ပြောပြလိုက်မယ်... မင်းက ကျန်တဲ့ နိုင်ငံတကာ
ကျောင်းသားတွေကို အသိပေးလိုက်... ဒီရဲ့

စည်းမျဉ်းတွေက မနက်ဖြန်ကစပြီးတော့ လက်တွေ့ကျင့်သုံးပြီ...."

ဘရန်ဒွန် မျင်လုံးများ ပြူးကျယ်သွားခဲ့၏။ သွမ့်ရုန်ချွမ်းမှ ယခုလို ဖြေရှင်းလာလိမ့်မည်လို့ သူ မျှော်လင့်မထားခဲ့ချေ။ အကယ်၍ အဆိုပါ အခွင့်အရေးများအားလုံး ရုတ်သိမ်းခံရမည် ဆိုပါက ဆုံးရှုံးမှုကား ကြီးမားလှလေသည်။

"ခင်များ ဘာလို့ ကျုပ်တို့ရဲ့ အခွင့်အရေးကို ပြန်ရုတ်သိမ်းတာ..."ဘရန်ဒွန် ဒေါသဖြင့် အော်ဟစ်လိုက်၏။

"ဘာလို့လဲဆိုတော့ အမေရိကားတက္ကသိုလ်တွေက တန်းတူပဲ ဆက်ဆံတယ်လေ..ငါတို့ ဟွာရှန့်ကျောင်းသားတွေကိုကော အထူးအခွင့်အရေး ပေးထားလို့လား... မင်းတို့ကို အဲ့လိုမျိုး တန်းတူ လုပ်ပေးပြန်တော့ ဘာလို့ လက်မခံချင်ရတာ...."

ဘရန်ဒွန်၏ ဒေါသများအားလုံး မျက်နှာပေါ်တွင် ပေါ်လွင်နေလေသည်။

ကျောင်းအုပ်နှစ်ယောက်က အဘယ်ကြောင့် တစ်ဖက်အုပ်စုဘက်မှ ရပ်တည်ပေးနေလဲဆိုတာကို သူ နားမလည်နိုင်ချေ။

ငါတို့က နိုင်ငံတကာ ကျောင်းသားတွေ.. ဒီတော့ အထူးအခွင့်အရေး ပေးထားရမှာ သာမန်ပဲ မဟုတ်ဘူးလား...

"ကျောင်းအုပ်ကျန်း .. ကျောင်းအုပ်သွမ့်... တကယ်လို့ ကျုပ်တို့ကို ဒီကိစ္စ မဖြေရှင်းပေးဘူးဆိုရင် ကျုပ်တို့ နှုတ်ထွက်ရလိမ့်မယ်...."

"ဟုတ်တယ်.. ကျုပ်တို့ ကျောင်းထွက်မယ်..ဒီလို ကျောင်းမှာ မနေနိုင်ဘူး...."နောက်မှ ကျောင်းသားအချို့လည်း အော်ပြောလိုက်ကြ၏။

သူတို့လည်း အခွင့်အရေးများ ရုတ်သိမ်းခံရမည်ကို မလိုလားချေ။

ကျန်းဖန်လု ဘရန်ဒွန်နှင့် ကျန်သူများကို နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်လိုက်ပြီး "မင်းတို့ အုပ်စုထဲမှာ တခြားကျောင်းက ကောင်တွေ ပါနေတော့ ငါကိုင်တွယ်လို့ အဆင်မပြေဘူး.. ဒါပေမယ့် ငါ့ကျောင်းက ကောင်တွေတော့ ရှေ့ထွက်လာခဲ့ကြ.. ဘယ်သူတွေ ထွက်ချင်လဲဆိုတာ ငါကြည့်စမ်းမယ်...."

ဘရန်ဒွန် ရှေ့ခြေတစ်လှမ်းတိုးလိုက်ပြီး နောက်မှ အခြား ကျောင်းသား လေးယောက်လည်း ရှေ့ထွက်လာကြလေသည်။

"ကျုပ်တို့အားလုံးက ဒီကျောင်းကပဲ..." ဘရန်ဒွန် မာနတရားတို့ ပြည့်နှက်နေသည့် မျက်ဝန်းဖြင့် ပြောလိုက်၏။

"မင်းတို့ မင်းတို့ မင်းတို့ မင်းတို့တွေ ပြန်ပြီးတော့ နှုတ်ထွက်ကြောင်း တင်သွင်းလွှာ သွားရေး.. ပြီးရင် ကျောင်းကော်မတီကို ချက်ချင်းပေးလိုက်... ငါ တစ်ခါတည်း လက်မှတ် ထိုးပေးလိုက်မယ်..."

ဘရန်ဒွန်နှင့် ကျန်သူများအားလုံး
အံ့အားသင့်သွားခဲ့ကြ၏။

ကျန်းဖန်လုမှ ထိုစကားမျိုး ပြောဝံ့လိမ့်မည်ဟု
သူမျှော်လင့်မထားခဲ့ချေ။

သူတကယ်ကြီး အားလုံးကို
ကျောင်းထုတ်ပစ်တော့မှာလား...

"ကျောင်းအုပ်ကျန်း.. ကျုပ်ထွက်တာနဲ့
ကျန်တဲ့သူတွေလည်း အကုန်လိုက်ထွက်မှာနော်..
ဖူတန်မှာ နိုင်ငံခြားကျောင်းသားပေါင်း
တစ်ထောင်ကျော်ရှိတယ်.. ခင်များ တကယ်ကြီး

အားလုံးကို ထုတ်ပစ်မှာလား..."ဘရန်ဒွန် မယုံကြည်နိုင်ဟန်ဖြင့် ပြောလိုက်သည်။

"ငါက ကျောင်းသားတွေရဲ့ဆန္ဒကို လေးစားပေးရမှာပဲလေ... တကယ်လို့ မင်းတို့ ထွက်ချင်သပ ဆိုလည်း ထွက်ကြ.. ငါမတားဘူး..."ကျန်းဖန်လု ပေါ့ပါးစွာ ပြောလိုက်ပြီး

"မင်းတို့ မရှိလည်း ဖူတန်တက္ကသိုလ်ကြီးက ဆက်ပြီး တည်ရှိနေဦးမှာပဲ... မင်းတို့အတွက် အကောင်းဆုံးဖြစ်မယ် ထင်တာသာလုပ်..."

အကယ်၍ အခြားကျောင်းတစ်ခု ဆိုလျှင်တော့
ထိုသို့ ခြိမ်းခြောက်လိုက်သည်က အသုံးဝင်ကောင်း
ဝင်နိုင်သော်လည်း ကျန်းဖန်လု၏
ရှေ့မှောက်တွင်တော့ ယင်းကား
အချည်းနှီးသာဖြစ်၏။

ဒီလို အာဏာရှိတဲ့ ဒုဝန်ကြီး တစ်ယောက်ရှေ့မှာ
အဲ့လိုစကားမျိုး လာပြောတာက
တော်တော်လေးကို မိုက်မဲတဲ့ လုပ်ရပ်ပဲ...

"ကျောင်းအုပ်ကျန်း .. ကျောင်းအုပ်သွမ့်..
ခင်များတို့ ကျုပ်တို့ရဲ့ တောင်းဆိုချက်ကို

ပယ်ချလိုက်တယ်ဆိုရင်တောင် ကျုပ်တို့ကတော့
လွယ်လွယ်နဲ့ အလျှော့ပေးသွားမှာ မဟုတ်ဘူး..."

ထိုသို့ ပြောပြီးနောက် ဘရန်ဒွန်နှင့် ကျန်သူများ
ရုံးခန်းထဲမှ ထွက်ခွာသွားကြလေသည်။

သွမ့်ရှန်ချွမ်း ကျန်းဖန်လုကို
လက်မထောင်ပြလိုက်၏။

"မင်းက အသက်တာကြီးလာတာ
ရဲစွမ်းသတ္တိကတော့ အရင်အတိုင်းပဲ... "

"ငါကိုက သူတို့ကို အရမ်းအလိုလိုက်ထားသလို
ဖြစ်သွားတာ...."ကျန်းဖန်လု ပြောလိုက်ပြီး

"မနက်ဖြန်ကျရင် ကျောင်းကော်မတီကို
သွားပြီးတော့ နိုင်ငံတကာကျောင်းသားတွေအပေါ်
ပြဌာန်းထားတဲ့ အထူးသတ်မှတ်ချက်တွေ
အားလုံးကို ပြန်ရုတ်သိမ်းခိုင်းလိုက်တော့မယ်...."

"အကြံကောင်းပဲ... ပြီးတော့ အဲ့တာက
ဟွာရှုတစ်ဝန်းက တက္ကသိုလ်အတွက်
ကောင်းမွန်တဲ့ စမှတ် ဖြစ်လာလိမ့်မယ်...."

..........

ကျောင်းမှထွက်လာခဲ့ပြီးနောက် လင်းရီ
သူ့လူများကို မက်ထရိုပိုလစ်သို့ ခေါ်ဆောင်၍
တစ်ဝိုင်း လိုက်တိုက်လိုက်သည်။

လမ်းတွင်တော့ ကျီချင်းရန်ထံမှ ဖုန်းခေါ်ဆိုမှုကို လက်ခံ ရရှိလိုက်လေသည်။

"ရီ... နင် ဘယ်လဲသွားနေတာ... ဘာလို့ ဒီနေ့ဆိုင်မဖွင့်တာ... နင် ပျင်းနေပြန်ပြီလို့တော့ ငါ့ကို လာမပြောနဲ့နော်...."

ကျီချင်းရန်မှာ အလုပ်များနေသောကြောင့် ကျန်သည့် ကိစ္စများကို အာရုံပေးရန် အချိန်မရှိပဲ ဆိုင်ဖျက်ဆီးခံထားရသည့် သတင်းကို ယခုထက်ထိ မရရှိသေးချေ။

တစ်နေ့တာလုံး အလုပ်ရှုပ်နေပြီးနောက် သူမ ငွေလက်ခံရရှိကြောင်း အသိပေးစာ တက်မလာကြောင်း သတိရသွားပြီး လင်းရီထံ ဖုန်းဆက်လိုက်ရခြင်းဖြစ်၏။

လင်းရီလည်း သူမကို မကွယ်ဝှက်တမ်း ဖြစ်ခဲ့သမျှ အကြောင်းစုံကို ပြန်ပြောပြလိုက်လေသည်။

ယင်းကလည်း သူ ကွယ်ဝှက်ထားချင်လျှင်တောင် မဖြစ်နိုင်သောကြောင့်ပင်။ မပြောလည်း အနေးနှင့် အမြန် သူမ သိရှိသွားပေမည်။

"ငါတို့ဆိုင်က ဖျက်ဆီးခံလိုက်ရတယ်....
ဘယ်သူက အဲ့လိုမျိုး ယုတ်ညံ့တဲ့
အလုပ်ကိုလုပ်တာ..."
ကျီချင်းရန် စိတ်တိုသွားခဲ့၏။

"ကိုယ့်ချင်းရန်လေးကို အတိတ်က
ပိုးပန်းခဲ့တဲ့သူပေါ့... "

"ဟမ်... ပိုးပန်းတဲ့သူ..."

လင်းရီ ဖြစ်ရပ်များ၏ ဒုတိယတွဲကို
ပြန်ကြောင်းဆက်ပြီး နောက်ဆုံးတွင်

ကျီချင်းရန်လည်း ဘာဖြစ်ကြောင်း နားလည်သွားတော့၏။

"အဲ့ကောင်နဲ့ ဘာလို့ လာဆုံမှန်း မသိဘူးနော်...."

" အေးဆို.. ငါလည်း တော်တော် အံ့သြနေတာ.. မင်း မနေ့က သူ့အကြောင်း ပြောပြတယ်... နောက်တစ်နေ့ကျတော့ အဲ့ကောင်နဲ့ သွားဆုံတယ်..."

"သူ့ကို လျစ်လျူရှုထားလိုက်.. ခု ကိစ္စက ဖြေရှင်းပြီးသွားပြီဆိုတော့ သူအနာဂတ်ကျရင် ထပ်နှောင့်ယှက်ရဲတော့မှာ မဟုတ်ဘူး... "

"အင်း .. အဲ့ကောင် လာမရှာရဲလောက်တော့ဘူး...."

"နှင်ခု ဘယ်မှာလဲ.. ငါနှင့်ဆီ လာခဲ့မယ်လေ...."

"အိမ်ကို အရင်ပြန်နှင့်လိုက်... ဒီမှာ ချင်းကြီးတို့ကို မက်ထရိုပိုလစ်မှာ တစ်ဝိုင်းလိုက်တိုက်နေလို့... အဲ့တာ ခဏလောက် သောက်ပြီးတော့မှ ပြန်လာခဲ့တော့မယ်..."

"သောက်ပဲသောက်ရမယ်နော်... တစ်ခြား ဘာမှ မဟုတ်တာတွေ လျှောက်မလုပ်ရဘူး...."ကျီချင်းရန် သတိပေးလိုက်၏။

"အဲ့မိန်းကလေးတွေက ချင်းရန်ရဲ့
ခြေချောင်းလေးတွေနဲ့တောင်
နှိုင်းမယှဉ်နိုင်တာကိုကွာ.. ပြီးတော့
အဲ့လိုနေရာမျိုးက
မိန်းကလေးတွေကိုလည်း  စိတ်မဝင်စားပါဘူး... "

"ဟွန့်.. အဲ့လိုမှပေါ့...."

"နင်လည်း ဒီရက်ပိုင်းတွေ
ပင်ပန်းထားတယ်ဆိုတော့ အေးဆေး
အနားယူလိုက်ပေါ့.. အိမ်ကို အစောကြီး
ပြန်လာစရာ မလိုဘူး.. ငါအိမ်မှာ
တစ်ယောက်တည်း သေချာပေါက်

အဆင်ပြေတယ်... နင် ပြန်လာတော့မယ်ဆိုရင်သာ ငါ့ကို ဖုန်းဆက်လိုက်...."

'အာ....'

အဆိုပါ 'သေချာပေါက်'ဟူသည့် စကားလုံးက လင်းရီကို မရိုးမရွ ဖြစ်သွားစေသည်။

'ငါအိမ်ပဲ အရင်ပြန်လိုက်သင့်လား...'

"အဲ့တာဆို ငါ ဒီကောင်တွေနဲ့ လိုက်မရောတော့ဘူး... အိမ်ပဲ ပြန်လာခဲ့လိုက်တော့မယ်...."

"ဘာလို့ မရောမှာလဲ..."ကျီချင်းရန် မေးလိုက်ပြီး "ချင်းဟန်နဲ့ ကျန်တဲ့သူတွေက နင့်ကို အများကြီး ကူညီပေးထားတာလေ... အနည်းဆုံးတော့ နင် သူတို့ကို ကျေးဇူးတင်သင့်တာပေါ့... ပြန်လာဖို့ လောစရာမလိုဘူး..."

လင်းရီ "....."

မင်း အဲ့လိုပြောလေ.. ငါက ပိုပြီး ပြန်လာချင်လေဟ...

ကျီချင်းရန်နှင့် ခေတ္တစကားပြောပြီးနောက် လင်းရီ ဖုန်းချလိုက်ကာ

ချင်းဟန်တို့နှင့်  ညသန်းခေါင်ယံအချိန်ထိ
သောက်စားလိုက်ကြ၏။

မက်ထရိုပိုလစ်မှ ပြန်ထွက်လာသောအခါ
လေးယောက်လုံးမှာ အနည်းငယ်
ထွေနေကြလေပြီ။

"အစ်ကိုကြီးလင်း နောက် ဘာဆက်လုပ်ဖို့
စီစဉ်ထားလဲ..."လျန်ကျင်းမင် မေးလိုက်၏။

"ငါ ဆိုင်အရင်ပြန်ပြီး အခြေအနေဘယ်လိုရှိလဲ
တစ်ချက် သွားကြည့်ဦးမယ်...."

"အဲ့တာဆိုလည်း သွားကြမယ်လေ..
ကျွန်တော်တို့လည်း ဘာမှ လုပ်စရာမှ မရှိတာ...
သွားပြီးတော့ တစ်ချက်ကြည့်ကြတာပေါ့...."

လေးယောက်လုံးမှာ ယမကာ
သောက်ထားသောကြောင့် ၎င်းတို့၏
ကိုယ်ပိုင်ကားများ မမောင်းကြပဲ ချင်းဟန်၏
အက်စတွန်မာတင်ကားထဲသို့ ဝင်ကာ
ဆိုင်ငယ်လေးဆီသို့ ဦးတည်လိုက်ကြ၏။

ဆိုင်သို့ ရောက်သောအခါ လင်းရီကို
အံ့အားသင့်သွားစေသည်က သူ၏ ဆိုင်ငယ်လေးမှာ

ပုံမှန်အခြေအနေသို့ ပြန်ရောက်နေသည်ကို မြင်တွေ့လိုက်ရခြင်းပင်။

ဖျက်ဆီးခံထားရသည့် ပစ္စည်းတစ်ခုချင်းစီတိုင်းကို အသစ်များဖြင့် ပြန်လည်အစားထိုးပြီး ဆေးပြန်ထပ်ထားသည်များပင် ခြောက်သွေ့နေလေပြီ။

မီးဖိုချောင်ကိုလည်း သန့်ရှင်းရေး ပြုလုပ်ပြီးသွားပြီး လိုအပ်သည့် အမယ်များကိုလည်း သပ်သပ်ရပ်ရပ်ဖြင့် စီရီထားပြီးဖြစ်၏။

ပြင်ဆင် မွန်းမံမှု တစ်ချို့ လိုအပ်နေဆဲ ဖြစ်သော်လည်း ဆိုင်ဆက်ဖွင့်ရန် ပြဿနာတော့ မရှိချေ။

အမှန်အတိုင်း ဆိုရပါက လင်းရီ ဆိုင်၏ ပုံပန်း သဏ္ဍာန်ကို ထိုမျှ အာရုံထားမနေပေ။

ဆိုင်၏ ဂုဏ်သတင်းမှာ အခိုင်အမာ တည်ဆောက်ထားပြီး သူ တဲကုပ်လေးနှင့် ရောင်းချနေလျှင်တောင် ကတ်စတန်မာများက ဒီရေအလား ရောက်ရှိလာဦးမည် ဖြစ်၏။

ထို့ကြောင့် နံ့ရုံမှ ဆေးများ ကောင်းမွန်စွာ ခြောက်သွားသည်နှင့် တစ်ပြိုင်နက် သာမန်အတိုင်း ဆက်လက်ဆောက်ရွက်နိုင်ချေပြီ။

" အစ်ကိုကြီးလင်း... စိတ်တိုင်း မကျတဲ့ နေရာရှိရင် ပြောနော်.. ကျွန်တော့်ကောင်တွေကို တစ်ခါတည်း ပြင်ခိုင်းလိုက်မယ်..."
ကျုံးကျိန်းဝန်မှ ပြောလိုက်၏။

"မလိုဘူး.. အကုန်အဆင်ပြေတယ်... မင်းတို့ကောင်တွေ ပင်ပန်းသွားပြီ..."

"ဟုတ် ဟုတ်..."

လင်းရီ ခေါင်းညိမ့်လိုက်၏။

ထို့နောက် မီးဖိုချောင်ဘက်သို့ ထွက်သွားကာ
အမှုးပြေသောက်ရန်
ရေနွေးကြမ်းတစ်အိုးတည်လိုက်သည်။

ထို့ပြင် ကြိုတင်ပြင်ဆင်ထားသည့် အမယ်များမှ
တစ်ဆင့် ဥထမင်းကြော် ကြော်လိုက်၏။
ညလယ်စာ အတွက် အကောင်းဆုံးကတော့
ဥထမင်းကြော်ပင်။

"မင်းတို့ကောင်တွေ ခု ဘာတွေနဲ့ အလုပ်များနေကြတာ..."ရေနွေးကြမ်းသောက်ရင်း လင်းရီသာမန်ကာလျှံကာ မေးမြန်းလိုက်၏။

"ဒီကောင်ကြီးတွေနဲ့ စားတယ် သောက်တယ်.. ကလပ်တက်တယ်.. ကုမ္ပဏီရောက်ရင် ကုမ္ပဏီကိစ္စတွေ စီမံတယ်... ဒါပဲ..."

"အဲ့လိုဆို ငါ မင်းတို့ အကူအညီ လိုအပ်တဲ့ အလုပ်တစ်ခု ရှိလို့ .. အဲ့တာ အဆင်ပြေမလား..."လင်းရီ ပြောလိုက်၏။

"အစ်ကိုကြီးလင်း အကူအညီလိုရင်

ပြောလေ..."ကောင်းကျုံးယွမ် သာမန်လေသံဖြင့်

ပြောလိုက်၏။

"လတ်တလော ငါ မိုဘိုင်းဖုန်း စစ်စတမ်အသစ်ကို

သုတေသန လုပ်နေတာ... ဒါပေမယ့် မိုဘိုင်းဖုန်း

ဂေဟာစနစ်အပိုင်းမှာ

နည်းနည်းအခက်တွေ့နေလို့...အဲ့တာ မင်းတို့

သုံးယောက်က App ရေးတဲ့ အသင်းတွေ

ရှာပေးပြီးတော့ စစ်စတမ်အတွက် application

တွေ ဖန်တီးပေးဦး.. ငါ အချိန်ကျလာရင်

တစ်ယောက်ကို တစ်ဘီလီယမ်ဆီ

လွှဲထားပေးမယ်... "

ထို ပမာဏကိုကြားတော့ ကျုံးကျိန်းဝန်
တုန်လှုပ်သွားခဲ့တော့၏။

သူ့ဖခင်၏ ကုမ္ပဏီတန်ဖိုးပင် ယွမ်တစ်ဘီလီယမ်မျှ
ရှိလေသည်။ သို့သော်လည်း အစ်ကိုကြီးလင်းမှ
အကပ် တစ်ခုတည်းအတွက် ယွမ်သုံးဘီလီယမ်ကို
သာမန်ကာလျှံကာမျှ အသုံးပြုလိုက်၏။

ခြားနားချက်က အဲ့လောက်တောင်
ကြီးမားနေပါရောလား...

"မင်းက ဖုန်းဈေးကွက်ထဲ စဝင်နေပြီလားဟ..."

" ဆိုပါတော့...."

ချင်းဟန် လက်ဖက်ရည် တစ်ငုံ

မော့သောက်လိုက်ပြီး နှုတ်ခမ်းသပ်ကာ

"ဖုန်းနယ်ပယ်က အတည်တကျ ဖြစ်နေပြီးသား...

ဝေးဝေး မကြည့်နဲ့ဦး... အဘိုးကြီးရန်ရဲ့

ဟွာဝေးကိုပဲ ဥပမာ ယူလိုက်... မင်း သူ့ကို

ရိုက်ချနိုင်မှာ မဟုတ်ဘူး... မင်းပဲ

ရိုက်ချခံလိုက်ရမှာ... "

"ဖုန်းက ကာဗာသဘောမျိုးပါကွာ... ငါ အဓိက

တည်ဆောက်ချင်တာက စစ်စတမ်... ဖုန်းက

ဒုတိယ..."

"အဲ့တာဆို လင်းယွမ် အုပ်စုရဲ့ နာမည်အောက်မှာပဲ

လုပ်တာက မကောင်းဘူးလား... "

ကောင်းကျုံးယွမ် မေးလိုက်၏။

"အဲ့လိုလည်း ရတယ်.. ဒါပေမယ့်

စတော့နည်းပျူဟာ ကစားပွဲ ပြီးကတည်းကရင်

လင်းယွမ်အုပ်စုနဲ့ လုံရှင်းက တစ်ချိန်လုံး

ပစ်မှတ်ထားခံနေရတယ်လို့ ခံစားနေရတယ်...

ဒါကြောင့်မို့ အာရုံလွှဲပြီး မီးခိုးဗုံး

အရင်ကျဲထားမလို့.... "

"အင်း ..အဲ့အကြံ မဆိုးဘူး... "ချင်းဟန် ပြောလိုက်ပြီး "ဒါပေမယ့် ecosystem ဆိုတာက တော်တော်လေး အရေးပါတဲ့ ကိစ္စရပ်ပဲ... အရင်တုန်းကလည်း ကုမ္ပဏီတော်တော်များများ မိုဘိုင်းဖုန်းစစ်စတမ်အသစ် ဖန်တီးချင်ကြတယ် ဆိုပေမယ့် ecosystemကြောင့်ပဲ ကျရှုံးသွားကြတာ...."

"ဒါကြောင့်မို့ ဒီကိစ္စ အလေးအနက် ထားမှဖြစ်မှာ..."လင်းရီ ပြောလိုက်ပြီး " အမှားပါလို့ မဖြစ်ဘူး...."

"ပြဿနာ မရှိဘူး..."လျှန်ကျင်းမင် ပြောလိုက်ပြီး "ဒါပေမယ့် ကျုပ်အထက်တော့ ပိုက်ကွန်ကို ကျယ်ကျယ်တော့ ပစ်လို့ မရဘူး...ထိရောက်မယ့် တစ်ချို့ကိုပဲ အရင် ပစ်မှတ်ထားသင့်တယ်... "

"ဘယ်လိုမျိုးလဲ..."

"စဉ်းစားကြည့်ကြည့်.. ဖုန်းအသုံးပြုတဲ့သူ user တွေက များသောအားဖြင့် လူငယ်လေးတွေ... ဒါကြောင့်မို့ ecosystemရဲ့ ဖွဲ့စည်းတည်ဆောက်မှုက အချိန်တစ်ခုလောက်အထိ လူငယ်တွေကိုပဲ  ပစ်မှတ်ထားသင့်တယ်..."

"ပြီးတော့...."

"ဒါကြောင့်မို့ socialနဲ့ gamingပိုင်းကို ပံ့ပိုးပေးတဲ့ အက်ပ်တွေကို အဓိက အာရုံစိုက်ကြမယ်..."လျှန်ကျင်းမင် ပြောလိုက်ပြီး "မယုံရင် လမ်းပေါ်က ကြုံက်တဲ့ လူငယ်တစ်ယောက်ကို လက်ညှိုးထိုးပြီး ဖုန်းယူစစ်ကြည့်လိုက် ... အနည်းဆုံးတော့ ဒီတ်တဲ့ အက်ပ်တွေ နှစ်ခုသုံးခုလောက်တော့ ရှိတယ်..."

"သောက်ကျိုးနည်းကြီး.. အဲ့အစီအစဉ်လည်း မဆိုးဘူးဟ..."ကောင်းကျုံးယွမ် ပြောလိုက်ပြီး

"အဲ့လိုဆိုလို့ကတော့ ငါလည်း browser app ဖန်တီးဖို့ ဆုံးဖြတ်လိုက်ပြီ"

"Browser app...."

"အမှန်ပဲ.. ဝက်ဆိုဒ်အားလုံးကို အတားအဆီးမရှိ ဝင်ရောက်ခွင့် ပေးမယ့် browser တစ်ခုပေါ့..."

"ဟားဟား.. အဲ့တာက ပိုလန်းသွားပြီ..."လျန်ကျင်းမင် ပြောလိုက်၏။

လင်းရီ မေးစေ့ပွတ် စဉ်းစားလိုက်ပြီး "ဒီရဲ့ အိုင်ဒီယာ နှစ်ခုက နည်းနည်းလေး

ရဲတင်းရာကျတယ်ဆိုပေမယ့် အကြံကောင်းတော့ အကြံကောင်းပဲ..."

အဆိုပါ social networking နှင့် browser ပရောဂျက်ကို စွန့်ဖွယ်ဗွီလက်ထဲသို့ လွှဲပြောင်းပေးရန် လင်းရီ ဆုံးဖြတ်လိုက်၏။

ကျွမ်းကျင် ပြောင်မြောက်သည့် လူတစ်စု၏ လက်ထဲတွင် အဆိုပါ အိုင်ဒီယာများက လက်တွေ့ အကောင်အထည် ပေါ်လာနိုင်သည်။

**အခန်း (၆၃၇)**

**အလင်းရောင်အောက်မှ နွေးထွေးသည့်**

**ဆိုင်ငယ်လေး**

“ အဲ့တာတွေအကုန်လုံးက အကြံကောင်းတွေလို့ ပြောလို့ရတယ်…” ချင်းဟန် လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး “ ဒါပေမယ့် ငါ့အထင်တော့ မင်း အသုံးပြုသူတွေကို လက်တွေ့ကျတဲ့ အကျိုးအမြတ်တွေ ခံစားခွင့်ပေးတာက အကောင်းဆုံးလို့ထင်တာပဲ….”

“ ဆိုစမ္မွးပါဦး…”

“ သူတို့ ဖုန်းဝယ်တဲ့ အချိန်ကျရင် မင်း သူတို့ကို မန်ဘာကဒ်လုပ်ပေးလိုက်...”

ချင်းဟန်ပြောလိုက်ပြီး “ ဥပမာ မင်းက မင်းရဲ့ ဖုန်းစစ်စတမ် ပံ့ပိုးပေးထားတဲ့ ဖုန်း တစ်လုံး ဝယ်လိုက်တယ်ဆိုရင် ပန်နီဆူလာ ဟိုတယ်ကနေ ၂၀ ရာခိုင်နှုန်း ဒစ်စကောင့် ရမယ်...ပြီးတော့ ဝမ်ကျန်းဆိပ်ကမ်းမှာ ရွက်လှေငှားရင်လည်း ဒစ်စကောင့် အကျိုးခံစားခွင့်တွေရမယ်.... လက်ရှိ မလူးလွန့်သာ အခြေအနေကို ဖောက်ထွက်ချင်ရင်တော့ မင်း ပိုက်ဆံ သုံးမှရမှာပဲ....”

“ မင်းပြောတာ လက်တွေ့ကျတယ်…”

ချင်းဟာန်၏ အတွေးများက
လင်းရိစဥ်းစားထားသည်နှင့်
တစ်ထပ်တည်းနီးပါးပင်။ ယခု
မိုဘိုင်းဖုန်းဈေးကွက်မှာ အခိုင်အမာ
တည်မြဲနေပြီး အောင်မြင်မှုတစ်ချို့ရချင်ပါက
ပိုက်ဆံသုံးဖို့ရာ မဖြစ်မနေ လိုအပ်လာပေမည်။

“ မင်းရဲ့သုတေသန အခြေအနေကော
ဘယ်လိုရှိလဲ… ငါတို့ကိုပါ ထည့်သွင်းလိုက်…
မင်းနားမှာ ရင်းနှီးမြုပ်နှံပေးမယ်….”

“ အခြေအနေတွေကတော့ ဝေဝါးနေတုန်းပဲ....
သေချာတဲ့အချိန်ကျရင် မင်းတို့ကို
အသိပေးမယ်....”

“ ကြားရသလောက်တော့ မင်းအခက်တွေ့နေတဲ့
ပုံပဲ...”

“ အေးကွ...”

လင်းရီ နာရီကို တစ်ချက်ကြည့်လိုက်တော့ မနက်
တစ်နာရီ ထိုးတော့မည်ဖြစ်ကြောင်း
သတိပြုမိလိုက်ပြီး အိပ်စက် အနားယူရတော့မည့်
အချိန်ပင်။

“ ဟိတ်… ဟို နားက ဘယ်သူတုန်း…”

လင်းရိ ထွက်ခွာရန် စကားစတော့မည့် အချိန်တွင် ကျုံးကျိန်းဝန်၏ အသံကို ကြားလိုက်ရပြီး မသိစိတ်မှ အလိုအလျောက် တံခါးဝဘက်သို့ မျက်နှာမူမိလိုက်၏။

လူတစ်ယောက် တံခါးဝတွင် ရပ်နေလေသည်။ လေးကိုင်းသဏ္ဍာန်ခါးနှင့် အမယ်အိုကြီး တစ်ဦးပင်။

သူမလည်ပင်းတွင် အဖာဗရပျစ်နှင့် အပြာရောင် မာဖလာကို ပတ်ထားပြီး မျက်နှာတွင်တော့

အရေးအကြောင်းတို့ ရှိနေသည့်အပြင်
ခုနစ်ရက်တိုင်တိုင်
ရေမချိုးထားသည့်နှယ်ပင်။သို့သော်လည်း
မျက်ဝန်းများကတော့ ရိုးသားသည့်ဟန်ဖြင့် ပကတိ
ကြည်လင်နေသည်။ သူမဘေးတွင်တော့ ပုံးခွံ
ပုလင်းခွံတို့ ထည့်ထားသည့် လီနင်အိတ်တစ်လုံးကို
ချထားပြီး  အကြည့်များကတော့ ဆိုင်ထဲသို့
လှမ်းမျှော်ကြည့်နေသည်။

လင်းရီ မတ်တပ်ရပ်၍ တံခါးသွားဖွင့်လိုက်ပြီး
အမယ်အိုကြီးကို ကြည့်လိုက်သည်။

“ အဘွား… ဘာကိစ္စလဲ…”

အမယ်အိုကြီးမှ ပြုံးလိုက်ကာ “ လူလေး… နင်က ဒီဆိုင်ပိုင်ရှင်လား….”

“ ဟုတ်တယ်… ဘာလိုချင်လို့လဲ…”

“ ဒီမှာ  ပေါက်စီတွေ ရောင်းလားမသိဘူး…”

“ ပေါက်စီလား….” လင်းရှိ ခေါင်း ဖြည်းညင်းစွာ ခါရမ်းလိုက်ပြီး “ မရောင်းဘူး…”

လင်းရှိ ပေါက်စီ ဘယ်လိုလုပ်ရမလဲ သိပါသော်လည်း မီနူးထဲတွင် မပါဝင်သောကြောင့် မရောင်းချေ။

“ အိုး… အဲ့တာဆို နှောင့်ယှက်မိပါပြီကွယ်…”

အမယ်အိုကြီးမှ ဘေးတွင်ချထားသည့်
လီနင်အိတ်ကို မ၍ ထွက်ခွာရန် ဟန်ပြင်လိုက်၏။

“ အဘွား.. နေဦး… တစ်ခုခု စားချင်လို့လား…”
လင်းရိ မေးလိုက်၏။

“ မဟုတ်တာ မဟုတ်တာ … အထင်မလွဲပါနဲ့
လူလေးရယ်…”

“ ဒါဆို ဘာလို့ ပေါက်စီရောင်းလားဆိုပြီး
လာမေးနေတာတုန်းဗျ….”

“ ပေါက်ဆီတွေက စျေးပေါတယ်လေ…”

လင်းရီ အနည်းငယ် စိတ်မကောင်းဖြစ်သွားခဲ့ပြီး အဘွားကြီး လက်ကို ဆွဲ၍ “ ကြည့်ရတာ အဘွား ဗိုက်ဆာနေတယ်နဲ့ တူတယ်.. ဆိုင်ထဲ ဝင်ထိုင်လိုက်… ကျွန်တော်တစ်ခုခု လုပ်ပေးမယ်… ဗိုက်ဝမှ ပြန်… ဒါပဲ…”

အမယ်အိုကြီးမှ ရယ်မောလိုက်ပြီး လင်းရီကို လက်အသာရမ်းပြကာ “ အဘွားက မစားချင်တာ မဟုတ်ဘူး လူလေးရဲ့… လူလေးဆိုင်က အစားအသောက်တွေကို စားဖို့ မတတ်နိုင်တာ…

အဘွားမြေးဖို့ ကျောင်းစရိတ်ကလည်း ချွေတာရဦးမှာ...”

“ အဆင်ပြေပါတယ်... ကျွန်တော် ကျွေးမှာပေါ့..”

“ အားနာလိုက်တာကွယ်... မင့်မလည်း စီးပွားရေး လုပ်ရတာ ခက်ခဲမှာပဲကို....”

“ ကိစ္စမရှိပါဘူး... အဘွား ဗိုက်ဝရင် ပြီးတာပဲမလား...”

လင်းရီ အမယ်အိုကြီးကို ငြင်းဆိုရန်ပင် အခွင့်မပေးပဲ ဆိုင်ထဲသို့ ဆွဲခေါ်လာခဲ့လိုက်၏။

အမယ်အိုကြီးမှာ ကုန်းကုန်းကွကွနှင့် ဆိုင်ထဲသို့ ရောက်လာခဲ့ပြီး သားနားစွာ ဝတ်ဆင်ထားသည့် ချင်းဟာန်နှင့် ကျန်သူများကို မြင်တော့ သူမ ရှေ့ဆက်မတိုးဝံ့တော့ချေ။ နေရခက်စွာဖြင့် ခပ်ဖွဖွ ပြုံးပြ၍ တံခါးဝ၌သာ ရပ်တန့်နေလိုက်၏။

“ နှောင့်ယှက်မိပြီ…”

“ အဆင်ပြေပါတယ်…”

ချင်းဟာန် ဘားကောင်တာမှ ကရားအိုးကို ယူလိုက်ပြီး ရေနွေးကြမ်း တစ်ခွက်ငှဲ့ကာ အမယ်အိုကြီးထံသို့ ကမ်းပေးလိုက်၏။

“ ရော့ အဘွား.. အမောပြေ ရေငတ်ပြေပေါ့…”

“ ကျေးဇူးပါပဲ…”

အမယ်အိုကြီးမှ သူမ၏ ရေနွေးကြမ်းကို တစ်ငုံချင်း မှုတ်သောက်ရင်း တိတ်ဆိတ်နေလျက် အသံတစ်သံပင် မထွက်ဝံ့ပေ။ ဆိုင်ရှိ လေထုမှာလည်း ဆိတ်သုဉ်းနေပြီး အမယ်အိုကြီးမှ မလွယ်ကူနေဟန် ပေါက်ကာ ဖိအားများစွာတို့ဖြင့် အသက်ပင် ခက်ခက်ခဲခဲ ရှူနေရလေသည်။

ထိုအချိန် လင်းရီကတော့ မီးဖိုချောင်ထဲ၌ အသစ်ချက်ထားသည့် ထမင်းများကို အသုံးပြု၍ ရောမထမင်းကြော်ကြီး တစ်ပွဲ ကြော်လိုက်သည်။

“ ဆိုင်က မနက်ဖြန်မှ ဖွင့်မှာဆိုတော့ အမယ်တွေကလည်း သိပ်မကျန်တော့ဘူး.. ဒါလေးပဲ စားလိုက်ဗျာ…”

“ ကျေးဇူးတင်ပါတယ်ကွယ်…”

“ ရတယ်… မဝသေးရင်ပြော.. ကျွန်တော်နောက်တစ်ပွဲထပ်လုပ်ပေးမယ်…”

“ လုံလောက်တယ် လုံလောက်တယ်….”

အမယ်အိုကြီးမှ ထမင်းကြော်ပန်းကန်ကို ယူရင်း တံခါးဝ၌သာ ရပ်နေလိုက်၏။

“ အဘွား.. အဲ့မှာ ဘာရပ်လုပ်နေတာ… စားပွဲမှာ ထိုင်စားလေ….”

“ ရတယ်… အဘွားတစ်ကိုယ်လုံးက ညစ်ပတ်နေတာ.. လူလေးရဲ့ထိုင်ကုန်တွေ ညစ်ပတ်ကုန်ဦးမယ်.. ပြီးတော့ နံ့လည်းနံ့နေတယ်… ငါ့လို အမယ်အိုကြီးက ပတ်ဝန်းကျင်ကို ဒုက္ခမပေးသင့်တော့ပါဘူးလေ….”

“ မဟုတ်တာ… ဆိုင်ထဲရောက်လာမှတော့ ကျွန်တော့်ရဲ့ ဧည့်သည့်ပဲပေါ့…ဘယ်သူကမှ ဒုက္ခပေးတယ်လို့ မြင်မှာ မဟုတ်ဘူး…”

“ မဖြစ်ချည်ပါဘူး…. လူလေးကိုလည်း ဒုက္ခပေးလို့ ဘယ်ဖြစ်မှာ…”

“ အဓိပ္ပာယ် မရှိတာတွေ…”

ရှင်းပြချင်း အလျှင်းမရှိ လင်းရီ အမယ်အိုကြီးကို စားပွဲသို့ အတင်းခေါ်သွားပြီး ထိုင်စားခိုင်းလိုက်သည်။

“ ကျေးဇူးပါ လူငယ်လေး…”

အမယ်အိုကြီးမှ ပျော်ရွှင်လွန်း၍ မျက်ရည်တို့လဲ့နေသည့် မျက်ဝန်းတို့ဖြင့် ပြောလိုက်သည်။ အဆုံးတွင်တော့ လောကကြီးတွင် ကြင်နာတတ်သည့် လူကောင်းများ ရှိသေးကြောင်း သူမ မြင်တွေ့ဖူးသွားချေပြီ။

“ ဟားဟား… လေကုန်ခံမနေနဲ့… ဝအောင်သာစား….”

အမယ်အိုကြီးမှ တိတ်ဆိတ်စွာစားသောက်နေရင်း လင်းရီ ၊ ချင်းဟန်နှင့် ကျန်သူများလည်း

အခြားစားပွဲတွင် ထိုင်ကာ
တိတ်ဆိတ်နေခဲ့ကြသည်.

သူတို့အားလုံး ထိုမြင်ကွင်းကိုကြည့်ရင်း
ရင်ထဲတွင်တော့ ပြောမပြတတ်သည့်
ခံစားချက်တို့ဖြင့် ပြည့်နှက်နေလေသည်။

ယခုလေးတွင် သူတို့အားလုံး မက်ထရိုပိုလစ်၌
ယွမ်သိန်းသန်းချီကို မိန်းကလေးများနှင့်
သောက်စားရင်း တစ်ညတည်း ဖြုန်းတီးခဲ့၏။
သို့သော်လည်း ယခုလို ချမ်းအေးသည့်
ညသန်းခေါင်း၌ ပေါက်စီတစ်လုံး စားရန်ပင်

အကြိမ်ကြိမ်စဉ်းစားယူနေရသူများလည်း ရှိသေးကြောင်း နားလည်သွားခဲ့သည်။

အကယ်၍ သူမ၏ ဝမ်းမှ မနေနိုင်သောကြောင့်သာ မဟုတ်ပါက အမယ်အိုမှာ ပေါက်စီပင် စားလိမ့်မည် မဟုတ်ကြောင်း သေချာလေသည်။

လင်းရီကတော့ ဆာလောင်နေသည့် ဝံပုလွေကဲ့သို့ စားသောက်နေသည့် အမယ်အိုကြီးကို ကြည့်လိုက်၏။

သူမ ဝမ်းထဲရှိ ဆာလောင်မှုကို ချုပ်ထိန်းမရ၍လော…

သို့မဟုတ် ပြတင်းပေါက်မှ ထွက်ပေါ်နေသည့်
မှိန်ပျပျ မီးအလင်းရောင်က ဆိတ်ငြိမ်သည့်
ညတစ်ညတွင် မျှော်လင့်ချက်အလင်းရောင်
ဖြစ်နေသဖြင့် အလိုအလျောက်
ချဉ်းကပ်မိပေခြင်းလော....

အလင်းသည်ကား နွေးထွေးနေသယောင်၊
ရောက်ရှိလာသူတိုင်းကို
နွေးထွေးမှုတို့ပေးစွမ်းနေသည်။

" လူလေး..."

အလုတ်အနည်းငယ် စားသောက်ပြီးနောက် အမယ်အိုကြီးမှ ရပ်တန့်လိုက်ကာ လင်းရီကို ကြည့်လိုက်၏။

“ နင်လို့လား အဘွား.. ကျွန်တော် ရေယူပေးမယ်လေ…”

“ မဟုတ်ဘူး… ပလတ်စတစ်အိတ်လေး တစ်လုံးလောက် ရနိုင်မလားလို့ပါ……”

“ အိတ်လား…”

“ လူလေးရဲ့ ဥထမင်းကြော်က
အရမ်းအရသာရှိတော့ အိမ်က မြေးလေးအတွက်
ယူသွားပေးချင်လို့… အဆင်ပြေရဲ့လားဟင်…”

“ အဘွားကလည်း … ဘာမှတောင်
သိပ်မစားရသေးတာကို ဘာလို့ ထုပ်သွားမှာ…”

အမယ်အိုကြီးမှ သွားပေါ်သည်အထိ ပြုံးလိုက်၏။
သူမ၏ ခံတွင်းထဲ၌ သွားအနည်းငယ်သာ
ကျန်တော့ကြောင်း လင်းရီ ရှင်းလင်းစွာ
မြင်တွေ့လိုက်ရသည်။

“ အသက်ကြီးလာတော့လည်း စိတ်ရှိသလောက် မစားသောက်နိုင်တော့ပါဘူး လူလေးရယ်... နည်းနည်းဆိုရင်ကို ဝနေပြီ... အဘွားမြေးအတွက် ထုပ်သွားလို့ရတယ်မလား...”

“ ထပ်စားပါဦး.. ကျွန်တော် အဘွားမြေးအတွက် နောက်တစ်ပွဲ ကျွေးပေးလိုက်မယ်... အဲ့တာ ယူသွားလိုက်...”

“ ရပြီ ရပြီ.... တော်တော်လေးကို ပြည့်တင်းနေပြီ... လူလေး ထပ်ကျွေးနေရင်လည်း အလဟဿ ဖြစ်နေဦးမယ်.... “ အမယ်အိုကြီးမှ ပြောပြီးနောက် မျှော်လင့်နေသည့် မျက်ဝန်းတို့ဖြင့်

ကြည့်ကာ “ ဒီရဲ့ကျန်တာလေးပဲ အဘွားကို ထုပ်သွားခွင့် ပြုပါလားဟင်…”

"ကောင်းပြီဗျာ.. ကျွန်တော် ဘူးလေးနဲ့ အဘွားမြေးဖို့ ထည့်ပေးလိုက်မယ်...."

"ကျေးဇူးပါပဲ လူလေးရယ်.. မင့်ဆိုင်လေး ဒီရေအလား စီးပွားတိုးတက်ပါစေ..."
အမယ်အိုကြီးမှ လင်းရီကို ဆုတို့ တစ်သီတစ်သန်းကြီးပေးရင်း ဆုတောင်းပေးနေတော့၏။

လင်းရိကတော့ မီးဖိုချောင်ထဲဝင်၍ အိတ်နှင့် သူ့မြေးအတွက် ထည့်ပေးလိုက်၏။ တစ်ချိန်တည်းတွင် ဝက်ပေါင်ခြောက် အချို့နှင့် အသီးကို ယူလာခဲ့လိုက်၏။

"ဒီမှာ အဘွား .. ဒါတွေပါယူသွားလိုက်... အကုန်လုံး ကောင်းသေးတယ်... အပြင်မှာဆို တော်တော်လေးကို ဈေးကြီးတာ... ယူသွားပြီး မြည်းစမ်းကြည့်ကြည့်...."

"လူလေး ကျေးဇူးနော်..."

အမယ်အိုကြီးမှာ မျက်ရည်များ ကျဆင်းလာပြီး အနည်းငယ် မွန်းကျပ်သွားခဲ့၏။

"ဟာဗျာ အဘွားကလည်း ဘာလို့ ငိုနေတာ.. ဘယ်လောက်မှလည်း တန်ကြေးရှိတာ မဟုတ်ဘူး... ပြန်သွားပြီး စောစောနားတော့..."လင်းရီ ပြောလိုက်ပြီး "နောက်ကျ ဗိုက်ဆာရင် ကျွန်တော်ဆိုင်မှာ ညစာလာစားလှည့်... အလကားကျွေးမယ်....အိုး ပြီးတော့ ဆိုင်မှာ ဂျက်ဖာနဲ့ ပလတ်စတစ်ဘူးတွေ ပိုနေတာ အများကြီးပဲ... တစ်ပါတ်တစ်ခါ လာယူလှည့်... ကျွန်တော် အဘွားအတွက် စုထားပေးမယ်.... "

"ကျေးဇူးပါကွယ်..."

အမယ်အိုကြီးမှ လင်းရီကို ကျေးဇူးတင်စကားမှလွဲ၍ ကျန်တာဘာမျှ မဆိုတတ်တော့ချေ။ လင်းရီ ပေးလိုက်သည့် လက်ဆောင် ပစ္စည်းများကို ယူပြီးနောက် စိတ်တည်ငြိမ်အောင် ပြုလုပ်ကာ ဆိုင်မှ ထွက်ခွာသွားလေသည်။

“ လင်းကြီး … မင်းက အပြင်ပိုင်းသာ အေးစက်သလိုလိုနဲ့ အတော်လေး

ကြင်နာတတ်တဲ့ကောင်ပါလားကွ…”
ချင်းဟန်ပြောလိုက်ပြီး

“ ငါလည်း ငါ့ဘဝမှာ အဲ့လိုလူမျိုးကို လက်ဖက်ရည်
ငှဲ့ပေးဖြစ်လိမ့်မယ်လို့ ထင်မှတ်မထားဘူး…”

“ မင်းလို ငွေဇွန်းကိုက်ပြီး
မွေးလာတဲ့ကောင်ကတော့ အဲ့လိုလူတွေရဲ့ဒုက္ခကို
နားလည်မှာ မဟုတ်လောက်ဘူး…”

“ မင်းလည်း အတူတူပဲ မဟုတ်ဘူးလား…”
ချင်းဟန် ပြောလိုက်ပြီး “ မင်းက မိဘမဲ့ ဂေဟာမှာ

ကြီးပြင်းလာခဲ့တယ်ဆိုရင်တောင်
စားစရာသောက်စရာတော့ ပူစရာမလိုဘူးလေ…”

“ အင်း ..ငါငယ်ငယ်တုန်းက နည်းနည်း
ခက်ခဲခဲ့တယ်ဆိုပေမယ့်
ဗိုက်ဟောင်းလောင်းနဲ့တော့ အိပ်ရာ
မဝင်ခဲ့ဖူးဘူး…” လင်းရီ ပြောလိုက်ပြီး “ ဒါပေမယ့်
ငါ မှတ်မိသလောက် သုံးတန်းလောက်တုန်းက
ငါ့အမေလည်း အပြင်ကနေ ဂျက်ဖာတွေ
ပုလင်းခွံတွေရောင်းပြီး ဟမ်ဘာဂါ
ဝယ်လာခဲ့ပေးဖူးတယ်… ဘာလို့ဆို ငါ တစ်ခါမှ
ဟမ်ဘာဂါ မစားဖူးတာကို သူများတွေ
လှောင်ရယ်တာ ကြားမိလို့တဲ့…”

**အခန်း (၆၃၈)**

**ဒီလို အမှိုက် bug လေးတောင်**

**မဖြေရှင်းနိုင်ဘူးလား**

“ တူတူပါပဲကွာ….” ချင်းဟန် ပြောလိုက်ပြီး

“ ငါ့အဖေငယ်ငယ်တုန်းကလည်း သူ့မိသားစု

နေအိမ်ကို ပေါင်နှံပြီး ပိုက်ဆံတွေချေး…

စီးပွားရေးတွေ လုပ်… ဒါပေမယ့်

နောက်ဆုံးကျတော့လည်း အားလုံး ဆုံးရှုံးသွားပြီး

အကြွေးရှင်တွေ ဝိုင်းလိုက်တာတောင်
ခံခဲ့ရဖူးတယ်….”

ကောင်းကျုံးယွမ်လည်း သူ့ရေနွေးကြမ်းခွက်ကို
ချလိုက်ပြီး “ ကျွန်တော့်မိဘတွေ စီးပွားရေး
စလုပ်တုန်းကလည်း တစ်နေ့မှ သုံးနာရီလောက်ပဲ
အိပ်ခဲ့ရတယ်လို့ ကြားဖူးတယ်…
အလုပ်လုပ်အရမ်းလုပ်ရင်း ငိုက်သွားတော့
လက်တစ်ချောင်းတောင် ဆုံးရှုံးသွားပြီး ခု ရင်နှီးတဲ့
လူတွေဆို ကောင်းလောင်ကျိုလို့ပဲ
ခေါ်တော့တာ…” ( လက်ကိုးချောင်းပဲ ရှိတဲ့
အဘိုးကြီး )

“ အာ….”

လျှန်ကျင်းမင် ခေတ္တတုံ့ဆိုင်းသွားခဲ့ပြီး အပြုံးလေးဖြင့် ပြောကာ “ အဲ့လိုပြောကြေးဆိုရင် ကျွန်တော့် မိသားစု အခြေအနေက မဆိုးဘူး ပြောရမှာပဲ… ကျွန်တော့် အဘိုးက လေယာဉ်တွေပြင်တဲ့ အင်ဂျင်နီယာလေ.. ဆိုတော့ စားရေးသောက်ရေးတော့ ပူပန်စရာ မလိုဘူး… ဒါပေမယ့် စီးပွားရေး စလုပ်ရတာတော့ တကယ်မလွယ်ပါဘူး….”

“ အင်း.. လူတိုင်းမှာ ခက်ခဲတဲ့ အချိန်ကာလတစ်ခုစီ ရှိခဲ့ဖူးကြတာချည်းပဲ… ကိုယ်တိုင်

ကြပ်တည်းခဲ့ဖူးတော့ ဒီလိုလူမျိုးတွေ မြင်ရရင်
အရမ်း စာနာမိတယ်…” လင်းရီ ပြောလိုက်ပြီး
“ ဒါကြောင့်မို့ ငါ ကူညီနိုင်ရင်
ကူညီပေးလိုက်တယ်… “

“ ကောင်းပြီ ဒီမှာ လွှမ်းဆွေးခန်း ဖွင့်နေတာ
တော်လိုက်ကြစို့… ခနနေ ကျီးနိုးချိန်တောင်
ရောက်တော့မယ်…” ချင်းဟာန် ပြောလိုက်ပြီး
“ ဒီလိုကိစ္စမျိုးတွေဆိုတာ ငါတို့ ဝင်စွက်ဖက်လို့ရတဲ့
ကိစ္စမျိုးမှ မဟုတ်တာ… ဟုတ်တယ်မလား…”

အားလုံး ခေါင်းညိမ့်လိုက်ကြပြီး ဆိုင်ကို
သော့ခတ်ပြီးနောက် အုပ်စုမှာ အိမ်သို့
ပြန်သွားကြလေသည်။

လင်းရီလည်း ချင်းဟန်ကို လိုက်ပို့ခိုင်း မနေတော့ပဲ
တက္ကစီစီး၍ ကျိုကျုံးဗီလာသို့ ပြန်လာခဲ့လိုက်၏။

သူပြန်ရောက်လာတေသည့် အချိန်တွင်တော့
ကျီချင်းရန်၏ အိပ်ခန်းထဲ၌ မီးမှိန်မှိန်လေး
လင်းနေကြောင်း မြင်တွေ့လိုက်ရလေသည်။

လင်းရီ စိတ်ထဲ စူးစမ်းချင်မိသွား၏။

သူမ သူ့ကို စောင့်ဆိုင်းနေသည်လော... သို့မဟုတ် အိပ်မောကျနေသည်လော။

တိတ်တိတ်လေး ခိုးဝင်လာခဲ့ပြီး ကျိုချင်းရန် အခန်းထဲသို့ ရောက်သောအခါ လင်းရီ အသံထွက် အော်ရယ်မိလုနီးပါးဖြစ်သွားခဲ့၏။ စောင်မှာ ကြမ်းပြင်သို့ တစ်ဝက်ကျနေပြီး ခြေကားရား လက်ကားယားနှင့် ပက်လက်လှန်အိပ်နေသည့် ကျိုချင်းရန်ကို မြင်တွေ့လိုက်ရသည်။ တစ်ခါတစ်ရံ ကယောင်ကတမ်းဖြင့် ဘာပြောလို့ ပြောနေမှန်းမသိ။ပါးစပ်မှလည်း တစ်ခုခု စားနေဟန်ပြုကာ ရယ်လိုက်ပြုံးလိုက်ဖြင့် အပြစ်ကင်းစင်စွာ အိပ်မောကျနေလေသည်။

ကျီချင်းရန် အအိပ်ကြမ်းမှန်း လင်းရီ သိသော်လည်း ယခုလို ပုံစံမျိုးဖြင့် အိပ်နေလိမ့်မည်လို့တော့ ထင်မထားခဲ့ချေ။

လင်းရီ ရုတ်ချည်း ဆိုးဝါးသည့် အကြံတစ်ခုကို ရလိုက်၏။

သူ ဖုန်းထုတ်၍ ကျီချင်းရန်၏ လက်ရှိ ပုံစံကို မှတ်တမ်းတင်ထားလိုက်သည်။ မနက်ကျ သူ ပြန်ဖွင့်ပြသည့် အချိန်တွင် သူမမျက်နှာ ဘယ်လိုဖြစ်သွားမလဲဆိုတာကို မြင်ယောင်ရင်း ပြုံးလိုက်လေသည်။

ရိုက်ကူးပြီးနောက် လင်းရီ ကျီချင်းရန် အခန်းထဲမှ တိတ်ဆိတ် ညင်သာစွာဖြင့် ထွက်လာခဲ့လိုက်သည်။

သူ ခေတ္တမှေး၍ အိပ်စက်အနားယူချင်ပါသော်လည်း အိပ်မပျော်သောကြောင့် လင်းရီ စာကြည့်ခန်းထဲသို့ သွား၍ ချစ်ပ် 3.0 အတွက် ကုတ်ရေးသားမှုကို ဆက်လက်လုပ်ဆောင်လေသည်။

အရုဏ်တက်သည့် အချိန်သို့ရောက်သောအခါ လင်းရီ ပျင်းရိစွာ အညောင်းဆန့်လိုက်ပြီး မနက်စာ

သွားဝယ်လိုက်၏။ထိုသို့ဖြင့်  နံနက်စာပြင်ပေးရသ
ည့် ဒုက္ခမှ ကျီချင်းရန် လွတ်မြောက်သွားပေမည်။

မနက်စာ ထုပ်ကို လက်မှ ဆွဲရင်း နှုတ်မှလည်း
သီချင်းတညီးညီးဖြင့် အိမ်သို့ ဝင်လာခဲ့လိုက်၏။
ထိုအခါ အိမ်အောက်ထပ်တွင် စီးလို့
ကြိုနေသူကတော့ အိမ်ပြန်နောက်ကျသည့်
လင်ခင်ပွန်းကို အကြီးအကျယ်
ကြိမ်းမောင်းတော့မည့်ဟန်ဖြင့်  ခါးထောက်ထားသ
ည့်  ကျီချင်းရန်ပင်။

“လင်းရီ... နင်ခု ဘယ်အချိန် ရှိနေပြီလဲ.... ခုမှ
ပြန်လာတယ်ပေါ့...” ကျီချင်းရန် မေးလိုက်၏။

“ အင်း … ဒီမှာ ရော့… ငါ့မင်းအတွက် လမ်းကနေ မနက်စာ ဝယ်လာပေးတယ်….”

“ နင်တို့တွေ လွန်ကို လွန်တယ်…” ကျီချင်းရန် ပွစိပွစိ လုပ်လိုက်ပြီး “ ငါဖြင့် ညတုန်းက အိပ်တောင် မအိပ်ပဲနဲ့ နင့်ကို စောင့်နေခဲ့တာသိလား..”

“ အမ်…. ချင်းရန်က မအိပ်ဘူးပေါ့…”

“ နင် ပြန်မလာတော့ဘူးလား ဆိုပြီးတော့ စိုးရိမ်နေတာလေ…ခု ခြေသံကြားကြားချင်းပဲ ပြေးထွက်လာတာပဲ.” ကျီချင်းရန် ပြောလိုက်ပြီး

“ကြည့်လိုက်… ငါ့မျက်လုံးတွေအောက်မှာ အနက်ရောင် ကွင်းကြီးတွေတောင် ထွက်လာတော့မယ်… ဒါပေမယ့် အနည်းဆုံးတော့ နင်က မနက်စာ ဝယ်လာပေးဖော်တော့ရသားပဲ….”

“ အဟမ်း…. ချင်းရန်… မင်း တကယ်ကြီး မနေ့ညက မအိပ်ခဲ့ဘူးပေါ့…”

“ ဒါပေါ့…” ကျီချင်းရန် ပြောလိုက်ပြီး “ ငါ့လို အလှလေးက လိမ်ပြောလိမ့်မယ်ဆိုပြီး နင်က သံသယရှိနေတာလား….”

“ မရှိပါဘူး... မရှိပါဘူး...  ခု အရင်ဆုံး စားကြတာပေါ့... ပြီးရင် ငါ မင်းကို ပြစရာရှိတယ်....”

“ ဘာလဲ ပြမှာ....” ကျီချင်းရန် စိတ်လှုပ်ရှားစွာဖြင့်  မေးလိုက်သည်။

“ အရင်စားကြမယ်....”

“ ရီ... ဘာပြမှာလဲလို့...”

လင်းရီ မနက်စာကို စားပွဲပေါ်တွင်တင်လိုက်၏။ သို့သော်လည်း ကျီချင်းရန်မှာ စားသောက်ရန် စိတ်ကူးမရှိသေးပဲ လင်းရီကို သိချင်စိတ်

ပြင်းပြနေသည့် မျက်ဝန်းတို့ဖြင့်သာ စိုက်ကြည့်နေလေသည်။ လင်းရီ ဘာပြမလဲ ဆိုတာ မသိရမချင်း သူမ စားသောက်မည့်ပုံ မပေါ်ချေ။

လင်းရီ ဖုန်းထုတ်လိုက်ပြီး သူ မနေ့ညက ရိုက်ကူးထားသည့် ဗွီဒီယိုကို ဖွင့်၍ ကျီချင်းရန်ထံ ကမ်းပေးလိုက်သည်။

မူလကတော့ ဗွီဒီယိုမှာ ပိန်းပိန်းမှောင်နေပြီး ထူးမခြားနားဟန် ရှိသော်လည်း စက္ကန့်အနည်းငယ်ကြာပြီးနောက် သူမ၏ မိတ်ကပ်မပါသည့် မျက်နှာနှင့် ခြေပစ်လက်ပစ်

အိပ်နေသည့် သွင်ပြင်မှာ စခရင်ပေါ်၌ ရှင်းလင်းစွာ ထွက်ပေါ်လာသည့် အချိန်တွင်တော့ ကျီချင်းရန် ရုတ်ချည်း မျက်နှာရဲသွားခဲ့တော့၏။

“ ပြောတော့ မနေ့ညက တစ်ညလုံး မအိပ်ခဲ့ပါဘူးဆို..” လင်းရီ ပြောလိုက်ပြီး “ အမှန်အတိုင်း ပြောရရင် ဝက်တွေတောင် မင်းလောက် အိပ်ပုတ်ကြီးမှာ မဟုတ်ဘူး…”

“ နင်လည်း ခုလေးတင် ပြန်လာတယ်လို့ မပြောဘူးလား…” ကျီချင်းရန် ကိုးရိုးကားယားဖြစ်သွားခဲ့ပြီး လင်းရီကို ပြန်အော်လိုက်၏။

“ ဟုတ်တယ်လေ… ငါခုလေးတင် မနက်စာ သွားဝယ်ပြီးတော့ ပြန်လာတာလေ…” လင်းရီ ပြောလိုက်ပြီး “ မစ်ကျိုက ကျွန်တော့်ကို ဖြေရှင်းချက် ပေးသင့်တယ် မထင်ဘူးလား…”

“ လင်း ရီ … ငါ နင့်ကို လုပ်မိတော့မယ်…”

ကျိုချင်းရန်မှာ ရွေးချယ်စရာ မရှိတော့ပဲ သူမ၏ ကျိုးကြောင်း မညီညွတ်သည့် နည်းလမ်းဖြင့် ပြန်လည်ချေပတော့၏။

“ နင်ပြန်လာရင် ဖုန်းဆက်ဆိုတာကို ဘာလို့ ငါ့ကို ဖုန်းမဆက်တာ…”

“ မင်းအိပ်ပျော်နေရင် အနှောင့်အယှက် ဖြစ်နေမှာ ဆိုးလို့လေ.... ဒါပေမယ့် မင်းက ဒီလို လှည့်ကွက်တွေ ထုတ်သုံးလာမယ်လို့တော့ ထင်မထားဘူး...” လင်းရီ သက်ပြင်းချလိုက်ပြီး “ လောကကြီးနဲ့ တစ်နေ့ပြီးတစ်နေ့ ပိုပိုပြီး ဆုတ်ယုတ်လာတာပဲ... လူတွေရဲ့ နှလုံးသားကလည်း ရှိသင့်တဲ့အတိုင်း မရှိတော့ဘူး...”

“ ဟွန့်...နင်ငါ့ကို အဲ့လိုမျိုး ပြောပိုင်ခွင့်မရှိဘူး....” ကျီချင်းရန်း နှုတ်ခမ်းစူလိုက်ပြီး “ ငါ နင့်ကို ညသန်းခေါင်ထိ စောင့်သေးတယ်... စောင့်ရင်းနဲ့

အိပ်ပျော်သွားတာတော့ ငါလည်း
ဘယ်တတ်နိုင်မှာ….”

“ အေးပါ အေးပါ.. ကြိုမပြောမိတဲ့ ငါ့အမှားပါ…ကဲ
ကျေနပ်တော့ ….”

ထိုစကားကြားတော့ ကျီချင်းရန် မြူးတူးသွားခဲ့ပြီး
“ ဟွန့်…အဲ့လိုမှပေါ့…”

“ ဒါနဲ့ ဆိုင်ကော ခု ဘယ်လိုနေသေးလဲ…
ပြန်ပြင်ပြီးဖို့ ဘယ်နှစ်ရက်တောင် စောင့်ရဦးမှာ…”

“ ပြီးသွားပြီ… ဒီနေ့ပဲ ဆိုင် ဖွင့်လို့ရပြီ…”

“ အမ်… ပြီးတောင် ပြီးနေပြီလာ…”

“ ငွေသည်သာ အခရာပဲလေ…” လင်းရီ ပြောလိုက်ပြီး “ ပိုက်ဆံ အများကြီး သုံးထားမှတော့ အချိန်တိုအတွင်း ပြီးသွားတာ သဘာဝပဲ မဟုတ်ဘူးလား…”

“ အွန်း… နင်ပြောတာလည်း အဓိပ္ပာယ်တော့ ရှိသား….”

“ နင်မနေ့ညက ညဉ့်နက်မှ ပြန်လာတယ်ဆိုတော့ ဒီမနက် ဆိုင်သွားမဖွင့်နဲ့တော့ … အိမ်မှာပဲ အိပ်လိုက်…”

“ ရပါတယ်… မပင်ပန်းပါဘူး…” လင်းရီ ပြောလိုက်ပြီး “ တကယ်လို့ ငါပင်ပန်းတယ်ဆိုလည်း စောစော သိမ်းလိုက်လို့ရတယ်လေ….”

“ အွန်း.. အဲ့လိုလည်း အဆင်ပြေတယ်… နင်လုပ်ချင်သလိုသာလုပ်… ဒါပေမယ့် ကိုယ့်ကိုယ်ကိုတော့ အထိခိုက်မခံနဲ့နော်…”

“ အင်း….”

မနက်စာစားပြီးနောက် ကျီချင်းရန် ချောင်ရန်အုပ်စုသို့ တန်းမသွားပေ။ ထိုအစား

လင်းရီကို မက်ထရိုပိုလစ်သို့ လိုက်ပို့ပေးပြီး
သွားကားယူစေပြီးမှ လမ်းခွဲလိုက်ကြသည်။

ဆိုင်သို့ ရောက်သည့် အချိန်တွင်တော့ လင်းရီ
ထုံးစံအတိုင်း မီးဖိုချောင်ထဲသို့ ဝင်၍ အမယ်များကို
ကြိုတင်ပြင်ဆင်လေသည်။

နံနက်ဆယ်နာရီ ဝန်းကျင်သို့ ရောက်သောအခါ
ကတ်စတန်မာများမှ စတင်
တံခါးလာခေါက်ချေပြီ။

သို့သော်လည်း ကတ်စတန်မာများ
ရောက်လာသည်နှင့် သူတို့ ပထမဆုံး လုပ်သည်က

အစားအသောက်မှာခြင်း မဟုတ်ပဲ မနေ့မှ အဖြစ်အပျက်များကို မေးမြန်းစပ်စုခြင်းပင်။

လင်းရီကတော့ ၎င်းတို့၏ မေးခွန်းများကို ရှည်ရှည်ဝေးဝေး တုံ့ပြန်မနေပဲ ပြုံးရုံမျှသာ ပြုံးလိုက်၏။

သို့သော်လည်း လူတိုင်းကတော့ ဆိုင်ပိုင်ရှင်မှာ ရိုးရှင်းသည့် လူတစ်ယောက် မဟုတ်မှန်း ခန့်မှန်းမိလေသည်။

မဟုတ်ပါက အဆိုပါ နိုင်ငံခြားကျောင်းသားများကို ပညာပြရဲလိမ့်မည် မဟုတ်ချေ။

မွန်းလွဲတစ်နာရီသို့ ရောက်သည့်အခါ နေ့လည်စာ
စားချိန်မှာ ကျော်လွန်သွားသောကြောင့် ဆိုင်၏
စီးပွားရေးမှာလည်း တစ်ဖန် ငြိမ်သက်လာသည်။

မည်သို့ပင်ဆိုစေ အစားအသောက်များက
ဈေးကြီးလှ၏။ အမြဲတစေ လာရောက်
အားပေးနေရန်မှာ မည်သို့မျှ မဖြစ်နိုင်ချေ။

အချစ်တစ်ခုတည်း အတွက်နဲ့တော့
သူတို့ကိုယ်သူတို့ ပြာပုံထဲရောက်အောင်
တွန်းပို့ဖို့တော့ မလိုဘူးမလား…

မွန်းလွဲ နှစ်နာရီသို့ ရောက်သည့်အချိန်တွင်တော့
ဆိုင်လေးမှာ လုံးဝ ငြိမ်သက်သွားခဲ့တော့၏။

ထို့ကြောင့် လင်းရီ ဖုန်းကိုင်၍ ရှောင်ထျန်နှင့်
ဂိမ်းဆော့ရန် ဟန်ပြင်လိုက်သည်။

သို့သော်လည်း ထိုအချိန်တွင် ဆိုင်တံခါးမှာ
ပွင့်ဟလာပြီး ရှီးဝမ် သူမ၏ လက်တော့နှင့်အတူ
ဝင်ရောက်လာခဲ့၏။

မနက်ပိုင်း အလုပ်လုပ်ပြီးနောက် ရှီးဝမ်မှာ
ဟန်ဖေးနှင့်အတူ ဤဆိုင်တွင်
စားသောက်ချင်သော်လည်း ဟန်ဖေးမှာ

လင်းရီအပေါ် အမြင်ကောင်းတို့ မရှိသောကြောင့် တစ်ယောက်တည်း လာရန် ဆုံးဖြတ်လိုက်၏။

လင်းရီလည်း ရှီးဖန်ကို မှတ်မိလေသည်။

ဒီကောင်မလေးက ငါနဲ့ ထိပ်ဆုံးထပ် လုချင်နေတဲ့ ကောင်မလေးမဟုတ်လား…

“ သူဌေး.. ဥထမင်းကြော် တစ်ပွဲ…”

လင်းရီ ခေါင်းညိမ့်လိုက်ပြီး မီးဖိုချောင်ထဲသွား၍ ရှီးဝမ်အတွက် ချက်ပြုတ်လိုက်၏။

ဆယ်မိနစ်ကြာပြီးနောက် လင်းရီ
အသင့်သုံးဆောင်နိုင်သည့် ဥထမင်းကြော်နှင့်အတူ
အပြင်သို့ ထွက်လာခဲ့လေသည်။

ရှီဝမ် လင်းရီကို ယဉ်ကျေးစွာ
ကျေးဇူးတင်လိုက်ပြီးနောက် တစ်လုတ်စားလိုက်
စခရင်ကို ငေးလိုက်လုပ်နေတော့၏။

လင်းရီ သူမကို လျစ်လျူရှုလိုက်ပြီး ရှောင်ထျန်နှင့်
ဂိမ်းချက်မှတစ်ဆင့် စကားပြောနေလိုက်သည်။

“ ဟော့.. ဒီနေ့ ကျောင်းပိတ်တာလား.. ဘာလို့
အဲ့လောက် အားနေတာ…” လင်းရီ မေးလိုက်၏။

“ ဒီနေ့ အတန်းချိန်တွေ အကုန်ပြီးသွားပြီလေ…
အလုပ်ဆင်းရုံ… ဟဲ့ ဟဲ့ ငါ့ကို လာကူပါဦးဟဲ့…
ဒီမှာ သေတော့မယ်….”

“ နောက်ဆုတ်ပြီး အိမ်ပြန် သွေးဖြည့်လေကွာ…
မင်းရဲ့ အိုင်ကျူက ခုထိကို
တက်မလာသေးဘူးလား…”

“ နင် ဂိမ်းကစားတာတော်တိုင်း ငါ့ကို ဝေဖန်ဖို့
အခွင့်အရေး မရှိသေးဘူး…
နောက်ဆုံးကျရင်လည်း နင်ပဲ ငါ့ကို မရိုက်ဖို့
တောင်းဆိုနေရတာပဲမလား…”

“ ငိုးပဲ … တော်တော်အံ့သြဖို့ကောင်းတဲ့ လောဂျစ်ကြီး…”

ရှူးကြောင်ကြောင် ကောင်မလေးများနှင့် ဆော့ကစားရသည်က ပျော်ရွှင်ဖွယ်ကောင်းသည်ဟု ပြောကြသော်လည်း ရှောင်ထျန်ကဲ့သို့ ဂိမ်းမာနှင့် ကစားရသည်ကလည်း တစ်မျိုး ပျော်ဖို့ကောင်းလေသည်။

ဦးနှောက်ကိုအသုံးချမနေပဲ စိတ်ကိုအလွတ်ပေး၍ ဂိမ်းကိုသာ ပျော်ရွှင်စွာ ဆော့ကစား၏။ ထိုသို့သော အတွေ့အကြုံမျိုးက ရှောင်ထျန်နှင့်

တွဲကစားကြည့်မှသာ ရရှိနိုင်မည့်
အတွေ့အကြုံမျိုးပင်။

“ သူဌေး.. ကျွန်မ ဒီမှာ နောက်ထပ်
နည်းနည်းလောက် ထပ်နေလို့ ရလား…” ရှီးဝမ်
မေးလိုက်၏။

“ ကြာကြာနေချင်သေးတာလား…”

“ အွန်း… ကျွန်မတို့ အဆောင်က မီးပြတ်နေလို့…
အခန်းဖော်တွေပြောတာတော့ ပြန်လာဖို့
နောက်နာရီဝက်လောက် လိုသေးတယ်တဲ့…”

“ အခန်းဖော်…. မင်းက တက်သစ်စ

ကုမ္ပဏီတစ်ခုရဲ့ ဘော့စ်မဟုတ်ဘူးလား… ဘာလို့

အခန်းဖော်ရှိနေတာ…”

“ ကျွန်မက ကျိုးဟိုင်နည်းပညာ တက္ကသိုလ် ဘွဲ့လွန်

ဒုတိယနှစ်လေ… သုံးလေးလလောက်နေမှ

ဘွဲ့ရမှာဆိုတော့ အချိန်တစ်ခုလောက်ထိ

အဆောင်မှာ နေဖို့ ဆုံးဖြတ်ထားလိုက်တာ…

တကယ်လို့ သူဌေး အဆင်မပြေဘူးဆိုရင်လည်း

ကျွန်မ ခု ထွက်သွားပေးမယ်လေ…”

“ နေပါ… ရပါတယ်…”

“အဲ့တာဆို ကျေးဇူးပါ သူဌေး..”

လင်းရီ ခေါင်းညိမ့်လိုက်ပြီး ရှီးဝမ်ကို လျစ်လျူရှုကာ ရှောင်ထျန်နှင့် ဆက်လက် ဂိမ်းဆော့နေလိုက်၏။
အတန်ကြာသော်....

ကလင် ကလင် ကလင် ...

လင်းရီ ဖုန်းသံ မြည်လာခဲ့၏။

လျန်ရှူရှယ်မှ ဖုန်းဆက်လာခဲ့ခြင်းပင်။

“ နှင်ဖူတန် တက္ကသိုလ်က ကျောင်းသားတစ်ချို့ကို ရိုက်နှက်လိုက်တယ်ဆို….”

“ မင်းက သိတယ်ပေါ့….”

“ ဒါပေါ့…အဲ့ဒီသတင်းက ပညာရေး ဝန်ကြီးဌာနရဲ့ နားကိုတောင် ရောက်နေပြီ… ငါတို့ စုံစမ်းကြည့်တော့ တိုင်တဲ့သူက ဘရန်ဒွန်တဲ့… သူ့ဘက်က အလျှော့ပေးမယ့် ပုံစံတော့ မရှိဘူး…”

“ ဆိုတော့ မင်းက ကိုင်တွယ်ပေးမလို့လား….”

“ဟမ့်… ငါသာ အဲ့လိုမျိုး အသေးအမွှား ကိစ္စလေးတွေ လိုက်ကိုင်တွယ်နေရမယ်ဆိုရင်တော့ အိပ်ဖို့ အချိန်တောင် ရှိမှာ မဟုတ်ဘူး…”

“ ကျွတ် ကျွတ် ကျွတ် … အလှလေးလျှန်က အရမ်းကို ကြီးစိုးနိုင်တာပဲ…”

လျှန်ရူရှယ်မှာ တောင်ပိုင်း မိန်းမပျိုလေးများ၏ နူးနူးရွရွ စွဲမက်ဖွယ်ပုံရိပ်များ ကင်းမဲ့ပြီး ထိုအစား မြောက်ပိုင်း မိန်းမပျိုလေးများ၏ ပြင်းထန်ကြမ်းကြုတ်သည့် ဘက်ခြမ်းကို ဖော်ပြထားလေသည်။

ထိုသို့သော ရဲဝံ့ပြီး တည့်တိုးဆန်သည့် စရိုက်မှာ ယောက်ျားလေး အများစု၏ အသက်သည်းညှာပင်။

သို့သော်လည်း လင်းရီ သတိမမူမိသည်ကား သူဖုန်းပြောနေစဉ်တွင် ရှီးဝမ်မှ သူ့ကို တိတ်တဆိတ်အကဲခတ်နေသည် ဆိုတာပင်။

သူမက လင်းရီ မည်သူနှင့် ဖုန်းပြောနေလဲဆိုတာကို ခန့်မှန်းနေလေသည်။

“ ဘာရယ်တော့ မဟုတ်ပါဘူး… တကယ်လို့နင် အဆင်ပြေတယ်ဆိုရင်  ဒီကိစ္စကို နင်ကြိုက်သလို

လုပ်လို့ရတယ်လို့ ပြောမလို့…
“ လျှန်ရှုရှယ်ပြောလိုက်ပြီး “ ပညာရေး ဝန်ကြီး ဌာနက ဒီကိစ္စကို ဝင်မပါချင်ဘူးဆိုတော့ သူတို့တွေ သံရုံးကို သွားပြီး အကူအညီသွားတောင်းလောက်တယ်…
တကယ်လို့ နင်အချိန်ရတယ်ဆိုရင် ပြဿနာ မကြီးခင် ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ…
အရမ်းကြီး မကြီးမားသေးသရွေ့တော့ ငါနင့်ကို ကူညီပေးလို့ရတယ်…”

“ အင်း… ငါကိုင်တွယ်လိုက်မယ်…” လင်းရှီ ပြောလိုက်ပြီး “ မင်း အင်ကျူဘေားရှင်း

စင်တာအတွက် လုပ်ထုံးလုပ်နည်းတွေကော ပြီးသွားပြီလား…”

“ တံဆိပ်ခေါင်းတစ်ခုတော့လိုသေးတယ်… အားလုံး ပြီးသွားမှပဲ လူလွှတ်ပြီးတော့ နင့်ဆီ ပို့ခိုင်းလိုက်တော့မယ်…”

“ မင်းရဲ့ဝန်ဆောင်မှုက အကောင်းဆုံးပဲ… နောက်နေ့ကျမှ ရှယ်ချက်ကျွေးတော့မယ်…”

“ မလုပ်နဲ့… တကယ်လို့ နင့်ရဲ့ ပထမဇနီး သိသွားရင် ငါတော့ အကျိုးဆက်တွေကို

လက်မခံရဲဘူးနော်…” လျှန်ရှူရှယ် ပြုံးလျက် ပြောပြီးနောက် ဖုန်းချသွားခဲ့တော့၏။

“ ဒီရဲ့ခေါင်းမာနေတာကတော့ ခုထိ မပြောင်းသေးဘူးပဲ..”

လင်းရီ အချိန်ကို တစ်ချက်ကြည့်လိုက်သောအခါ မွန်းလွဲ သုံးနာရီ ထိုးနေပြီးဖြစ်ကြောင်း တွေ့လိုက်ရ၏။

ယခုကိစ္စကို ကိုင်တွယ်ရန် အရမ်းနောက်ကျနေပြီးဖြစ်သဖြင့် မနက်ဖြန်မှ ကိုင်တွယ်ရန် စီစဉ်လိုက်လေသည်။

လင်းရီ ဖုန်းချလိုက်သည်ကို မြင်တော့ ရှိဂဝမ်
လင်းရီကို ထပ်မံ တိတ်တဆိတ်
အကဲခတ်လိုက်ပြန်သည်။

'ငါတော့ တကယ်ကြီး နားမလည်နိုင်တော့ဘူး..
သူက ဒီလောက် ခန့်ညားပြီးတော့
ဟင်းချက်လက်ရာကလည်း
အရမ်းကောင်းနေတာကို နည်းနည်းလေး
အားစိုက်ထုတ်လိုက်တာနဲ့ ကျိုးဟိုင်မှာ
ခြေကုပ်ယူဖို့ဆိုတာ ပြဿနာမရှိဘူး မလား…

အဲ့တာကို ဘာလို့ သကြားပေပီလေး
လုပ်နေတာလဲတဲ့…'

ရှီးဝမ် ခေါင်းခါရမ်းလိုက်၏။ လင်းရီ၏ အရေးကိစ္စများကို ဆက်မစဉ်းစားချင်တော့ချေ။

‘ သူ့အကြောင်းပြချက်နဲ့သူ ရှိမှာပါလေ… ဒါတွေက ငါ ထိန်းချုပ်လို့ရတဲ့ ကိစ္စတွေမှ မဟုတ်တာ… လက်ထဲက ကုတ်ကို အာရုံစိုက်တာပဲ ကောင်းတယ်… ဒီရဲ့ bug အစုတ်ပလုတ်ကလည်း နာရီဝက်ရှိနေပြီကို အဖြေရှာလို့ မတွေ့သေးဘူး…’

လင်းရီကတော့ ရှီးဝမ် သူ့အကြောင်း စဉ်းစားနေသည်ကို မသိ။ ကတ်စတန်မာများက

တစ်ဖန် ပြန်ကျလာသောကြောင့် ၎င်းတို့ကို ဝန်ဆောင်မှုပေးရင်း အလုပ်များနေသည်။

" သူဌေး... ကျွန်မရှိနေတာက အနှောင့်အယှက် မဖြစ်ပါဘူးနော်..." ရှိုးဝမ် ညင်သာစွာ မေးလိုက်၏။

" လူက အဲ့လောက် မကျသေးတော့ ကိစ္စမရှိသေးပါဘူး... ဒါပေမယ့် မင်းက ရုပ်ထုလိုကြီး နာရီဝက်ထိုင်နေတော့ အဲ့တာ ဘာလဲလုပ်တာ..."

" ကျွန်မ ရေးထားတဲ့ ပရိုဂရမ်က bug ရှိနေလို့လေ… အဖြေရှာနေတာ တစ်ခုမှ မထွက်လာလို့…" ရှီးဝမ် သက်ပြင်းချလိုက်ပြီး " ပေးလိုက်တဲ့ ပရိုဂရမ်က မပြည့်စုံတော့ OI က ရတဲ့ feedback ကလည်း ဘာလို့ bug လာဖြစ်နေမှန်းကို မသိတာ… ပြီးတော့……"

( TL : OI က code submit ပြီး အလုပ်ဖြစ်မဖြစ် အကျိုးသက်ရောက်မှုနှုန်း ဘယ်လောက်ရှိလဲဆိုတာပြပေးတဲ့ platformပါ )

" မင်းက အဲ့လို အမှိုက် bug လေးတောင် မဖြေရှင်းနိုင်ဘူးဆိုတော့ ကျောင်းမှာ

ဘာလဲလုပ်နေတာ… သစ်တောထဲမှာ
ထယ်ထိုးခံရဖို့လောက် အာရုံစိုက်နေတာလား…”

**အခန်း (၆၃၉)**
**လူ့လောကကြီးက ပျော်ရွှင်ဖွယ် နိဗ္ဗာန်ဘုံတစ်ခု မဟုတ်သလို လူတိုင်းမှာလည်း အခက်အခဲ ကိုယ်စီ ရှိကြတယ်…**

“ နင်…. နင်…. ဘာပြောလိုက်တယ်… ဒါက
အမှိုက် Bug…”

ရှိုးဝမ် အနည်းငယ် အံ့အားသင့်သွားခဲ့၏။
ထိုအခိုက်အတန့်တွင် သူမ၏
ကြောင်တောင်တောင် အမူအရာလေးက
အနည်းငယ်ပင် ချစ်စဖွယ် ကောင်းနေလေသည်။

သူမလက်ရှိ ကြုံတွေ့နေရသည့် Bug က သူမ
စီးပွားရေး စတင်ခဲ့သည့် သက်တမ်းတစ်လျှောက်
အခက်ခဲဆုံး ပြဿနာဟု ဆိုလျှင်တောင် မမှားချေ။

အမူဆောင်အရာရှိ ကျွမ်းကျင်သူနှစ်ဦးနှင့်
တစ်နေ့လုံး စဉ်းစားအကြံဉာဏ်
ထုတ်ပါသော်လည်း မည်သို့
ဖြေရှင်းရမလဲဆိုတာကို သဲလွန်စမရှိချေ။သူမ

စဉ်းစားလွန်း၍ ဆံပင်တွေပါ ကျွတ်သွားနိုင်သည်ဟု ခံစားနေရ၏။

သို့သော်လည်း

ဆိုင်ရှင်က ထိုမျှ ခက်ခဲသည့် Bug ကို အမှိုက်ဟု ပြောလိုက်သည်လော။

သူက စားဖိုမှူး မဟုတ်လား... ဒီလို နည်းပညာအကြောင်းတွေ သူဘာသိမှာမို့လို့...

လင်းရီ ရှီးဝမ်၏ လက်တော့ကို ယူလိုက်ပြီး “ မင်းက စဉ်းစားတဲ့ ရှုထောင့်မှားနေတာကိုး...” လင်းရီ ပြောလိုက်ပြီး “ ငါ့ ဟင်းချက်တာနဲ့ ဥပမာ

ပေးမယ်ကွာ… တစ်စုံတစ်ယောက်က
ဥထမင်းကြော် မှာတာကို မင်းက ပြောင်းဖူးနဲ့
ကြော်ပေးလိုက်သလိုမျိုးဖြစ်နေတာ… မမှားမှပဲ
ထူးဆန်းနေမှာပေါ့….”

လင်းရီ လက်ချောင်းလေးများ ကွေးညွတ်လိုက်ပြီး
မြင်နိုင်ရန် ခက်ခဲလှသည့် အမြန်နှုန်းဖြင့် ပရိုဂရမ်
တစ်ဝက်လောက်ကို ပြန်ပြောင်းရေးပေးလိုက်၏။

ထိုမြင်ကွင်းကို ကြည့်ရင်း ရှီးဝမ်၏
မျက်လုံးလေးများမှာ မယုံကြည်နိုင်ဟန်
ပြူးကျယ်နေလေသည်။

စားဖိုမှူးတစ်ယောက်မှ ကုတ်ရေးတတ်နေသည်ကို မြင်ရသည်ကပင် တော်တော်လေး အံ့အားသင့်ဖို့ ကောင်းနေပြီးဖြစ်၏။ သို့သော်လည်း လင်းရှီရေးသားသည့် ကုတ်စာလုံးများကို မြင်တော့ ပိုလို့ပင် အံ့အားသင့်သွားခဲ့သည်။

ဒါကြီးက ဘာတွေလဲ.... ငါဘာလို့ နားမလည်နိုင်နေရတာ....

ယင်းက သူမတို့ကြားထဲတွင် အဆင့်ကြီး တစ်ဆင့်မျှ ကွာခြားနေသည့်နှယ်ပင်။

ဆယ်မိနစ်ခန့်ကြာတော့ လင်းရဲ့ ရှီးဝမ်၏ ပရိုဂရမ်ကို ပြန်လည် ပြင်ဆင်ပြီးဖြစ်၏။

“ အိုကေ ပြီးသွားပြီ… ပြန် run ကြည့်ကြည့်… အဆင်ပြေလောက်မှာပါ….”

“ အို… အိုကေလေ….” ထိုသို့ ပြောလိုက်သော်လည်း မျှော်လင့်ချက်တော့ သိပ်မရှိချေ။

လင်းရဲ့ ပြောသည့်အတိုင်း ရှီးဝမ် ပရိုဂရမ်အသစ်ကို run ကြည့်လိုက်သောအခါ ထင်မှတ်မထားစွာဖြင့် သူမ အစောပိုင်း ကြုံတွေ့နေရသည့် ပြဿနာမှာ

ရှင်းလင်းသွားချေပြီ။ထို့ပြင် ပရိုဂရမ်၏
သွက်လက်မှုမှာလည်း အနည်းဆုံး 20 ရာခိုင်နှုန်းခန့်
တိုးတက်လာခဲ့၏။

ရှီးဝမ်ကတော့ ဆိုရန် စကားလုံး ကင်းမဲ့သည်အထိ
ရှော့ခ်ရနေတော့၏။ စားဖိုမှူးတစ်ယောက်က
ဒီလောက်ကောင်းတဲ့ ကုတ်တွေ
ရေးနိုင်တယ်တဲ့လား....

ဒါက နည်းနည်းလေး
စွမ်းအားကြီးလွန်းမနေဘူးလား...

“ သ....သူဌေး... ကျေးဇူးတင်ပါတယ်....”

“ ရပါတယ်….” လင်းရီ ထိမထင်စွာ လက်ခံဖြေယမ်းလိုက်၏။ သူ့အတွက်တော့ ဘာမျှ အားစိုက်ထုတ်လိုက်ရဟန်မရှိ၊ ထမင်းစား ရေသောက် ပြုလိုက်ရသကဲ့သို့ပင်။

“ စီးပွားရေး စလုပ်မယ်ဆိုရင် ကိုယ့်ရဲ့ စကေးတွေကို ဒီထက်ပိုပြီး ထက်မြနေအောင် သွေးထားသင့်တယ်…”

“ နားလည်ပါပြီ….”

လင်းရီ bug ကို ဖြေရှင်းပေးပြီးနောက် ရှီးဝမ် မတ်တပ်ရပ်၍ သူ့ကို ကျေးဇူးတင်လိုက်သည်။

ထို့နောက် သူမ၏ လက်တော့ကို ပိုက်၍ အခန်းသို့ ပြန်ရန် စိတ်ကူးမရှိပဲ ထိုအစား ကုမ္ပဏီသို့ ပြန်၍ အလုပ်ဆက်လုပ်လိုက်လေသည်။

ထိုနောက်ပိုင်းတွင်တော့ ဆိုင်ငယ်လေး၏
စီးပွားရေးမှာ
တစ်ဖန်ပြန်စည်ကားလာခဲ့တော့သည်။

သို့သော်လည်း လူတော်တော်များများကတော့ မနေ့က ဖြစ်ပျက်ခဲ့သည့် ကိစ္စများကို တော်တော်လေး စိတ်ဝင်စားနေကာ လင်းရှီထံမှ စကားနှိုက်နေကြ၏။

လင်းရီကတော့ လေအကုန်ခံ ရှင်းပြမနေပဲ
အထိုက်အလျောက် ပြုံးပြ၍ အော်ဒါမှတ်ကာ
မီးဖိုချောင်ထဲသို့ ပြန်သွားလိုက်သည်။

ချက်ပြုတ်နေစဉ်အတွင်း လင်းရီ ပလတ်စတစ်
ပုလင်းခွံများနှင့် စွန့်ပစ်စက္ကူများ ၊
အသုံးမဝင်တော့သည့် သံထည်ပစ္စည်းများကို
သပ်သပ်စီထား၍ အမယ်အိုကြီးကိုပေးရန်
တစ်နေရာ၌ စုစည်းထားလိုက်သည်။

ကျီချင်းရန်တွင်လည်း လုပ်စရာ ကိုယ်ပိုင်
အလုပ်များရှိသောကြောင့် ညနေ

ခြောက်နာရီရောက်မှသာ ကားဖြင့် ဆိုင်သို့ ရောက်လာခဲ့လေသည်။

ညနေ ခုနစ်နာရီ ဝန်းကျင်တွင်တော့ ကျီချင်းရန် မြေဖြူအနည်းငယ်ယူပြီး ကျောက်သင်ပုန်းသေးသေးလေးတွင် စာတစ်ကြောင်း ရေးသားလိုက်၏။

“ ဆိုင်ဖွင့်ချိန် ည ၈ နာရီ အထိသာ “

အဆုံးတွင် အသည်းပုံ နှစ်ခုနှင့် ရေးသားထားသည်မှာ အတော်လေး ကလေး ဆန်လွန်းလှသည်။

“ ဆိုင်းဘုတ်ကို ဒီနေ့တော့ အထဲမှာပဲ ထားလိုက်…” လင်းရီ ပြောလိုက်၏။

“ ဘာလို့…” ကျီချင်းရန် မေးလိုက်ပြီး “ အထဲမှာ ထားမယ်ဆိုရင် အပြင်မှာ တန်းစီနေတဲ့ ကျောင်းသားတွေက ဘယ်မြင်ရတော့မှာ…. သူတို့ ထပ်လာနေဦးမှာပေါ့…”

“ ငါက တစ်ယောက်ယောက် လာမှာကို စောင့်နေတာ….”

“ တစ်ယောက်ယောက်….”

လင်းရီ မနေ့ညက အမယ်အိုအကြောင်းကို အကြမ်းဖျင်း ရှင်းပြပေးလိုက်တော့ ကျီချင်းရန်လည်း နားလည်သွားတော့၏။

“ အွန်း နင်ပြောတဲ့ အတိုင်းပဲပေါ့….’

“ ဘယ်လောက် ကြာအောင် စောင့်ရမလဲတော့ ငါလဲ မသိဘူး… ဆိုတော့ ချင်းရန် မင်း အိမ် အရင် ပြန်နှင့်လိုက်ပါလား….”

“ တော်ပါ…” သူမခေါင်းခါရမ်းလိုက်ပြီး “ ငါလည်း နင့်နဲ့ အတူတူစောင့်မယ်….”

“ အဲ့တာဆို ပင်ပန်းနေရင်လည်း ခဏလောက် အိပ်ချင် အိပ်လိုက်ပေါ့...”

“ အွန်း အွန်း ...”

ကျီချင်းရန် ကျောက်သင်ပုန်း သေးသေးလေးကို တံခါးဘေး သိပ်မသိသာသည့် နေရာ၌ ချိတ်ဆွဲထားလိုက်၏။

အကယ်၍ တစ်စုံတစ်ယောက်မှ ထမင်းလာစားမည်ဆိုပါက ဝင်လာပြီးနောက် တံခါးဘေးရှိ ကျောက်သင်ပုန်းကို မြင်တော့ လှည့်ထွက်သွားကြပေလိမ့်မည်။ သို့သော်လည်း

အမယ်အိုကြီးမှာ အိုမင်းနေပြီးဖြစ်သောကြောင့်
သူမ၏ အမြင်အာရုံတို့မှာ လူငယ်များလောက်
မကောင်းမွန်တော့ချေ။

အကယ်၍ သူမ အနီးကပ်လာလျှင်တောင်
စာလုံးများကို မြင်နိုင်ရန် ခက်ခဲနေသေး၏။
ထိုအချိန်တွင် လင်းရီ သို့မဟုတ် သူမက
အမယ်အိုကြီးကို မြင်တွေ့သွားနိုင်လေသည်။

ယင်းက ခဲတစ်လုံးနှင့် ငှက်နှစ်ကောင်ပစ်ခြင်းပင်။

ဆိုင်ပိတ်ပြီးနောက် လင်းရီနှင့် ကျီချင်းရန်တို့
အေးဆေးထိုင်မနေချေ။ နှစ်ယောက်မှာ ကုမ္ပဏီ၏

တိုးတက်ဖွံ့ဖြိုးမှုများအကြောင်းကို ဆွေးနွေးနေခဲ့ကြ၏။

ကျီချင်းရန်မှ စစ်စတမ်အသစ်အတွက် အထောက်အကူဖြစ်စေမည့် အကြံပြုချက်အများအပြားကို လင်းရီအား ကမ်းလှမ်းခဲ့၏။ လင်းရီလည်း သူမကို လျှန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့၏ အိုင်ဒီယာကို ပြောပြလိုက်လေသည်။

၎င်းကိုကြားတော့ ကျီချင်းရန်ကို မျက်လုံးလှန်လိုက်၏။

သူမ ဒီ ယောက်ျားလေးတွေရဲ့အတွေးတွေကို
မသိရင်ခက်မယ်…

ညဆယ့်တစ်နာရီဝန်းကျင်သို့ ရောက်သောအခါ
ကျိန်းရန်လမ်းပေါ် ရှိ ခြေကျင်လျှောက်
လမ်းသွားလမ်းလာများလည်း နည်းသထက်
နည်းလာခဲ့ပြီး
အခြားဆိုင်များလည်း တစ်ဆိုင်ပြီးတစ်ဆိုင်
မီးပိတ်သွားကာ လင်းရီဆိုင်တစ်ခုတည်းသာ
ကျန်ရစ်ခဲ့လေသည်။

“ ရီ … အပြင်မှာ တစ်ယောက်ယောက်
ရပ်နေသလိုပဲနော်…”ကျိချင်းရန် ပြောလိုက်၏။

လင်းရီ လှမ်းကြည့်လိုက်သောအခါ ယခင်နေ့မှ
အမယ်အိုကြီးမှာ အပေါက်ဝသို့ ရောက်လာပြီး
တံခါးဖွင့်နေသည်ကို မြင်တွေ့လိုက်ရ၏။

လင်းရီကို အံ့အားသင့်သွားစေသည်က အပြင်တွင်
အမယ်အိုကြီး တစ်ယောက်တည်းသာမက
ဆယ်နှစ်အရွယ်ခန့်မျှရှိမည့်
ကောင်လေးတစ်ယောက်ပါ
လိုက်လာခဲ့သောကြောင့်ပင်။

ထိုကောင်လေး၏ နောက်ကျောတွင် ပလတ်စတစ်
ဘူးခွံတို့ ထည့်ထားသည့် လီနင်အိတ်ကို

လွှယ်ထားပြီး ဘောင်းဘီတို
ပေါင်ပြတ်တစ်ထည်နှင့် မြေကြီးတို့ ပေရနေသည့်
တီရှပ်တစ်ထည်ကို ဝင်ဆင်ထားလေသည်။

ထိုကလေးက လင်းရီနှင့် ကျီချင်းရန်တို့ကို
မြင်တော့ စိတ်တုန်လှုပ်နေပြီး အနည်းငယ်
နေရခက်သည့် အသွင်ဖြစ်နေသည်။

“ ဒါက အဘွားမြေးလေ…ဒီနေ့ အဘွားကို
ကူညီပေးဖို့ လိုက်လာခဲ့တာ…”
အမယ်အိုကြီးမှ သွားဖွဲ့ပြီး ပြုံးပြရင်း
ပြောလိုက်၏။ ဘဝမှာ ခက်ခဲသည်ဆိုသော်ငြား
အကောင်းမြင်စိတ်ဖြင့် ရှင်သန်နေခြင်းက

ခံစားနေရသည့် ဝေဒနာများကို
တစ်ဝက်သက်သာသွားစေသည်။

“ အဘွား.. ဝင်ခဲ့လေ…”

ကျီချင်းရန် မြေးအဘွားနှစ်ယောက်ကို
ကြိုဆိုလိုက်၏။

“ မဝင်တော့ပါဘူးကွယ်… ဒီနေ့ အဘွားတို့က
တော်တော်လေး ညစ်ပတ်နေတာ..
လူလေးတို့ကြမ်းပြင်တွင်
ညစ်ပတ်ကုန်လိမ့်မယ်…”

“ အဆင်ပြေပါတယ် အဘွားရဲ့.. ဝင်ခဲ့ ဝင်ခဲ့…”

“ ကျေးဇူးပါ မကြီး…” ကောင်လေးမှ တီးတိုးပြောလိုက်၏။

“ နေဦး…!”

ကောင်လေးမှ ထိုင်ခုံပေါ် ထိုင်တော့မည့် အချိန်တွင် အမယ်အိုကြီးမှ အလျင်စလို ဟန့်တားလိုက်ပြီး သူမ လက်မောင်းညှပ်ထားသည့် သန့်ရှင်းသည့် သတင်းစာ စက္ကူကို ထိုင်ခုံပေါ်တွင် ဖြန့်လိုက်၏။

ကျီချင်းရန်ကတော့ ၎င်းမြင်ကွင်းကို ကြည့်ရင်း စိတ်မကောင်းဖြစ်နေလေသည်။

လောကကြီးက သူတို့ကို အဲ့လိုဖြစ်အောင်
ပုံသွင်းပေးလိုက်တာလား....

အမှန်တော့ ထိုသို့ ဖြစ်အောင်
ပုံသွင်းပေးလိုက်သည်ကား မနုဿလူသားများပင်။

“ ရီ... နင် မြန်မြန်လေး သွားချက်လိုက်... ငါ
အဘွားတို့ကို ပစ္စည်းတွေ သယ်ကူလိုက်ဦးမယ်...”

“ အင်း...”

ဆယ်မိနစ်ကြာပြီးနောက် လင်းရီ
ဥထမင်းကြော်နှစ်ပွဲကို မြေးအဘွား နှစ်ယောက်ရှေ့
ချပေးလိုက်ပြီး ကျီချင်းရန်ကတော့ လင်းရီ

သိမ်းစည်းထားသည့် သံတိုသံစ၊
ပုလင်းခွံဂျတ်စက္ကူများ အားလုံးကို
ထုတ်လာခဲ့လေသည်။

“ ဒီမှာအဘွား… နောက်နေ့တွေလည်း
နေ့တိုင်းလာယူလိုက်… ကျွန်တော် ရသလောက်
စုထားပေးမယ်….”

“ အို… လူလေးရယ်…
ကျေးဇူးတင်ပါတယ်ကွယ်…”

“ ကိုကြီးနဲ့ မကြီး … ကျေးဇူးပါဗျ…”
ကောင်လေးမှ လေသံတိုးတိုးလေးဖြင့်
ဆိုလိုက်၏။

ကျီချင်းရန် ကောင်လေး၏ ခေါင်းကို
ပွတ်သပ်လိုက်ပြီး “ ကလေး… နင့်နာမည်
ဘယ်လိုခေါ်လဲ…”

“ ဝမ်တုန်းတုန်း…”

“ အသက်ဘယ်လောက်လဲ…. ခု
ဘယ်နှစ်တန်းတက်နေတာ…..”

“ သားက ၁၁ နှစ်.. ကျောင်းတော့

ဆက်မတက်တော့ဘူး..”

“ ဟင်.. ကျောင်းမတက်တော့ဘူးလား…”

ဝမ်တုန်းတုန်း ခေါင်းလေး ငုံးလျက်

နှုတ်ခမ်းလေးကိုက်မိသည်။ သူ တစ်စုံတစ်ခုကို

ပြောချင်သော်ငြား အဆုံးတွင် မပြောရန်

ဆုံးဖြတ်လိုက်သည့်နှယ်ပင်။

“ အဘွားတို့ ကျူရှင်စရိတ် မပေးနိုင်ဘူးဆိုရင်

ကျောင်းက သူ့ကို အတန်းတက်ခွင့်

မပေးဘူးလေ…” အမယ်အိုကြီးမှ ပြောလိုက်ပြီး

“ ဒါကြောင့်မို့ အဘွားစဉ်းစားထားတာ… သူ့ကို
အဘွားနဲ့ အတူ ပုလင်းခွံတွေ
လိုက်ကောက်ပြီးတော့ ပိုက်ဆံ ပိုစုခိုင်းမလို့…
ပိုက်ဆံ လုံလုံလောက်လောက် ရှိတာနဲ့
မြေးလေးလည်း ကျောင်းပြန်တက်နိုင်ပြီ…”

“ သူ့မိဘတွေကကော…”

“ ဒီအဘွားကြီးရဲ့သား သူ့အဖေက
မိုင်းလုပ်သားလေ… မတော်တဆမှုဖြစ်ပြီး
မိုင်းတွင်းပြိုတော့ သူလည်း အဲ့ထဲမှာပဲ
မြုပ်နှံခံလိုက်ရတယ်… မိုင်းတွင်း သူဌေးလည်း
ထွက်ပြေးသွားခဲ့ပြီ… အဲ့တာပြီးတော့

သူ့အမေလည်း လင်စိတ်နဲ့ ရှူးသွပ်ပြီး

ဘယ်ထွက်သွားခဲ့မှန်း မသိတာ အခုချိန်ထိပဲ…

အဘွားလည်း တစ်နှစ်ကျော်လောက်အထိ

စုံစမ်းကြည့်ပါသေးတယ်ကွယ်…ဒါပေမယ့်

ဘာသတင်းမှ မကြားမိတော့

လက်လျှော့လိုက်တော့တာ….သူမလည်း တစ်ခုခု

ဖြစ်သွားပြီနဲ့တူတယ်…”

ငင်းကိုကြားတော့ ကျီချင်းရန် သက်ပြင်းချကာ

တစ်ဖက်သို့လှည့်၍ မျက်ခမ်းစပ်ရှိ မျက်ရည်များကို

ခိုးသုတ်လိုက်သည်။ သူမ၏ ခံစားချက်တို့

ရောပြွမ်းနေပြီး မည်သို့ နှစ်သိမ့်ပေးရမှန်းမသိ

ဖြစ်နေလေသည်။

အမယ်အိုကြီးကတော့ အဆိုပါ ဝမ်းနည်းဖွယ်
ဇာတ်ကြောင်းကို အပြုံးလေးဖြင့်
ပြောပြနေသော်လည်း ကျီချင်းရန်၏
မျက်ဝန်းထဲတွင်တော့ ယင်းက
အနက်ရှိုင်းဆုံး  နာကျင်မှုများနှင့်
ညှဉ်းပမ်းမှုများပင်။

လင်းရိ တစ်ခွန်းမျှ မဆိုပဲ ဝမ်တုန်းတုန်း၏ ခေါင်းကို
ခပ်ဖွဖွ ပုတ်လိုက်၏။ “ များများစား.. မဝသေးရင်
မင်းအစ်ကိုကြီးက ထပ်လုပ်ပေးမယ်…”

“ ဟုတ် ကိုကြီး .. ကျေးဇူးပါဗျ…”

ဝမ်တုန်းတုန်း မျည်ရည်များစီးကျလာသော်လည်း သူ့လက်များကိုတော့ မရပ်တန့်ချေ။

သူ့အတွက် ယခုလို အရသာရှိသည့် ဥထမင်းကြော်နှင့် အဝစားနိုင်သည့် အခွင့်အရေးက ကြုံတောင့်ကြုံခဲကြီးပင်။ ထို့ကြောင့် နတ်သုဒ္ဓါအလား မှတ်ယူ၍ မနားတမ်း သွပ်ထည့်နေတော့၏။

“ ဖြည်းဖြည်းစား… မင်း မနက်ဖြန်လည်း ထပ်လာစားလို့ရသေးတယ်..”

“ ဟုတ်ကဲ့… ကျေးဇူးပါဗျ.. ကိုကြီးနဲ့ မကြီးတို့….”

စားသောက်ပြီးနောက် လင်းရီနှင့် ကျီချင်းရန်တို့

မြေးအဘွားနှစ်ယောက်ကို ဆိုင်ပေါက်ဝထိ

လိုက်ပို့ပေးလိုက်၏။

သို့သော်လည်း ကျီချင်းရန်၏ မျက်လုံးများကတော့

ဝမ်းနည်းမှုတို့ဖြင့် နီရဲနေဆဲပင်။

လင်းရီ သူမ၏ ပခုံးကို ခပ်ဖွဖွပုတ်၍

နှစ်သိမ့်ပေးလိုက်ပြီး

“ လူ့လောကကြီးက ပျော်ရွှင်စရာကောင်းတဲ့

နိဗ္ဗာန်ဘုံမှ မဟုတ်တာ... အခက်အခဲဆိုတာလည်း

လူတိုင်းမှာ ရှိကြတယ်… ဒါက လောကကြီးရဲ့
နိယာမပဲ… အဲ့လောက်ကြီးလည်း ခံစားမနေနဲ့…”

“ အွန်း….” ကျီချင်းရန် သက်ပြင်း ကြီးလေးစွာ
ချလိုက်ပြီး “ အိမ်ပြန်ကြတာပေါ့…”

“ ကောင်းပြီ…”

နှစ်ယောက်သား ဆိုင်ကို သန့်ရှင်း သော့ခတ်ကာ
ကျိုကျုံးဗီလာသို့ ပြန်လာခဲ့ကြလေသည်။

သို့သော်လည်း ကျီချင်းရန်၏ မျက်နှာထက်၌
ဝမ်းနည်းနေသည့် စိတ်ခံစားချက်တို့က

ကျန်ရှိနေသေးကာ စိတ်အနည်
မထိုင်သေးသည့်နှယ်ပင်။

ရေမိုးချိုးပြီးနောက် သူမ လင်းရီနှင့်
ကုမ္ပဏီကိစ္စများ မဆွေးနွေးတော့ပဲ
အိပ်ရာတန်းဝင်လိုက်တော့၏။

နောက်တစ်နေ့နံနက်တွင်တော့ ကျီချင်းရန်၏
စိတ်ခံစားချက်တို့မှာ ပုံမှန်ပြန်ဖြစ်လာဟန်ပင်။

ကလင် ကလင် ကလင်...

အစောပိုင်း စားသောက်နေစဉ်အတွင်း လင်းရီ၏
ဖုန်းသံမြည်လာခဲ့၏။

ဝမ်ရန်ထံမှပင်။

“ တီချယ်… ပစ္စည်းတွေကို ကုမ္ပဏီအသစ်ဆီ
ရွှေ့ပြီးသွားပြီနော်…
တီချယ်လာကြည့်ဦးမလား…”

“ မြန်လှချည်လားဟ…”

“ ဥက္ကဌထျန်ကော လာကူညီပေးတော့
အချိန်အများကြီး သက်သာသွားတယ်လေ…”
ဝမ်ရန် ရွှင်မြူးသည့် လေသံဖြင့် ပြောလိုက်၏။
သူမ အရမ်းကို ပျော်ရွှင်နေကြောင်း
သိသာလေသည်။

“ ကောင်းပြီလေ… ငါ ခဏနေကျရင်
တစ်ချက်လာကြည့်လိုက်မယ်…”

“ ဟုတ်…”

စားသောက်ပြီးနောက် ကျီချင်းရန်
ရေချိုးသန့်စင်ကာ ဗီလာမှ
အတူထွက်လာခဲ့လိုက်၏။

လင်းရီကတော့ အင်ကျူဘေးရှင်း စင်တာအသစ်သို့
မောင်းချလာပြီး ဘရန်ဒွန်နှင့် ကျန်သူများကို
မကိုင်တွယ်မီ ရုံးခန်းအသစ်ကို ကြည့်ရှုရန်
စီစဉ်လိုက်၏။

ယခင်နေ့များနှင့် မတူညီစွာ အင်ကျူဘေးရှင်း စင်တာမှာ ယခုတော့ အဆင်သင့် ဖြစ်နေလေပြီ။

ခေါင်းမိုးထပ်တွင် စာလုံးကြီးလေးမှာ အဝေးမှပင် ဖတ်ရှုနိုင်သည်အထိ ကြီးမားနေတော့၏။

“ လုံရှင်း အဆောက်အဦး…”

ထပ်ပေါင်းအနေဖြင့် အဆောက်အဦးစာလုံး၏ အောက်ခြေဘေးတွင် သေးငယ်သည့် စာလုံးတန်းတစ်တန်းလည်း ရှိသေး၏။

“ High-tech incubation center”

ငင်းစာတန်းကို လျှန်ရှုရှယ်မှ ရည်ရွယ်ချက်ရှိရှိ ရေးသားထားခြင်းပင်။

လုံရှင်းအဆောက်အဦး စာတန်းကို သိသာအထင်ရှားဆုံး နေရာ၌ ထားရသည့် ရည်ရွယ်ချက်ကတော့ ကျန်သူများကို ယခု အဆောက်အဦးကြီးက လုံရှင်းစင်တာ၏ အပိုင်ဖြစ်ကြောင်း အများသူငါ သိသာစေရန်ပင်။

ဘေးရှိ စာလုံးများကတော့ ယခု ကုမ္ပဏီမှာ တစ်စုံတစ်ယောက်၏ ကာကွယ်မှုအောက်တွင် တည်ရှိပြီး ရိုရိုကျိုးကျိုး ပြုမူရပေမည်။

ထိုအခိုက်အတန့်တွင်တော့  အဖြူရောင် Civic sedan တစ်စင်း ကားပါကင်တွင် ထိုးရပ်လာသည်။

ထို့နောက် အဖြူရောင်လေကာကို ဝတ်ဆင်ထားသည့် ရှီးဝမ်မှာ သူမ၏ လက်တော့ကိုပိုက်လျက် ထွက်လာခဲ့ပြီး ဟန်ဖေးတို့နှင့်အတူ အဆောက်အဦးဆီသို့ ဦးတည်လိုက်သည်။

“ ရှောင်ဝမ်.. ငါနင့်ကို ပြောစရာရှိတယ်… ထိပ်ဆုံးထပ်က ပြီးသွားပြီ…” ကျိုးဇီ

မတတ်နိုင်စွာဖြင့် ပခုံးတွန့် ပြောလိုက်ပြီး
“ တစ်စုံတစ်ယောက်က ကြိုဦးသွားခဲ့ပြီ…”

“ အဲ့ စားဖိုမှူးက နိုင်သွားတယ်လို့တော့ နင် ငါ့ကို
လာမပြောနဲ့နော်…” ဟန်ဖေး ပြောလိုက်ပြီး “ ဟူး..
အဲ့လိုသာဆို အဲ့သူဌေးမကြီးက တော်တော်လေး
ပိုက်ဆံ ရှိတာပဲ… ငါတို့ကိုတောင်
ရိုက်ချလိုက်နိုင်တယ်…”

“ သူတို့နဲ့ မဆိုင်ဘူး… “ ကျိုးဇီ ခေါင်မိုးထပ်ကို
ညွှန်ပြလိုက်ပြီး “ အပေါ်က စာလုံးကို
ကြည့်လိုက်…”

“ လုံရှင်း အဆောက်အဦး…”

“ အင်း…ထိပ်ဆုံး သုံးထပ်ကို လုံရှင်းက

ယူသွားတာ.. အဲ့ဒီ စားဖို့မှူးနဲ့ ဘာမှမဆိုင်ဘူး…”

ကျိုးဇီ ပြောလိုက်ပြီး “ ပြီးတော့ ဒီရဲ့

ဆိုင်းဘုတ်ကိုတောင်မှ ဝယ်ယူလိုက်သေးတယ်

ဆိုတော့ ငါတို့ယှဉ်ပြိုင်ဖို့ဆိုတာ ဘယ်လိုမှ

မဖြစ်နိုင်ဘူး..”

“ အဲ့တာတွေက အရေးမကြီးပါဘူးဟယ်..”

ဟန်ဖေး ပြောလိုက်ပြီး “ အဲ့ဒီ စားဖို့မှူးကောင်

မရသရွေ့တော့ အားလုံး အဆင်ပြေတယ်…”

“ နင် အဲ့လိုမပြောစမ်းနဲ့…” ရှီးဝမ် ပြောလိုက်ပြီး
“ သူက အရမ်းကို စွမ်းအားကြီးတဲ့သူ… ငါ့ရဲ့ bug
ကို ဖြေရှင်းပေးလိုက်တာလည်း သူပဲ…”

“ဘာကြီး…”

ကျိုးဇီနှင့် ဝမ်ကျိန်းတို့လည်း
အံ့အားသင့်သွားခဲ့ကြ၏။ ရှီးဝမ်၏
နှုတ်ထွက်စကားလုံးများက သူတို့အတွက်
မယုံကြည်နိုင်စရာ ကောင်းလွန်းနေလေသည်။

“မဖြစ်နိုင်ဘူး… သူက စားဖိုမှူးလေ…
ဘယ်လိုလုပ်ပြီး ကွန်ပျူတာကုတ်တွေအကြောင်း

သိနိုင်မှာ....” ကျိုးဇီပြောလိုက်ပြီး “ တကယ်လို့ သူသာ အဲ့လောက်တော်နေမယ်ဆိုရင် ကိုယ်ပိုင်စီးပွားရေး တစ်ခု တည်ထောင်လို့ ရနေပြီ မဟုတ်ဘူးလား... ဘာလို့ စားဖိုမှူး လုပ်နေဦးမှာ...”

“ ငါလည်း ထောက်ခံတယ်.. တကယ်လို့ သူသာ အဲ့လောက် ထူးချွန်နေတယ်ဆိုရင် သူများ နည်းပညာ ကုမ္ပဏီတွေမှာ အလုပ်လုပ်ပြီးတော့ တစ်နှစ်တစ်နှစ်ကို ယွမ်သိန်းချီ ရှာနိုင်နေပြီ မဟုတ်လား... ဘာလို့ မိန်းမတစ်ယောက်ဆီမှာ မှီခိုနေမှာ...”

“ ငါ တွေးနေတာလည်း အဲ့ဒီအတိုင်းပဲ… ဒါပေမယ့် ရှောင်ဝမ်က အဲ့ဒီ စားဖိုမှူး ကူညီပေးတယ်ဆိုပြီး တင်းခံနေတယ်ဆိုတော့ ငါ့ထင် သူ့နှလုံးသားလေးလည်း ခိုးယူခံလိုက်ရပြီနဲ့တူတယ်…” ဟန်ဖေး ပြောလိုက်၏။

“ နင်တို့ ဘာတွေ လျှောက်ပြောနေကြတာ…” ရှီးဝမ် ပြောလိုက်ပြီး “ ငါက နင်တို့ကို ညာပြီး ဘာလုပ်ရမှာလဲ.. သူငါ့ကို ကူညီပေးခဲ့တယ် ဆိုတာ အမှန်ပဲ… ငါတို့တွေ ခေါင်းချင်းဆိုင်ပြီး အဖြေရှာခဲ့တာတောင် မရတဲ Bug ကို သူက မိနစ်ပိုင်းအတွင်းပဲ ဖြေရှင်းပြသွားခဲ့တာနော်..

ငါတောင်  သူလုပ်သလိုမျိုး လုပ်နိုင်မယ်
မထင်ဘူး…”

“ ငါကတော့ နင် သူ့ရဲ့ဝမ်းဗိုက်ကြွက်သားကြီးတွေ
မက်မောနေလို့ပဲ ထင်တယ်… နင်အဲ့ဆိုင်မှာပဲ
ထမင်းတောင် စားပြီးသွားပြီလို့တော့ ငါ့ကို
လာမပြောနဲ့…” ဟန်ဖေး ပြောလိုက်၏။

“ ဟုတ်တယ်.. စားပြီးပြီ.. နင်သူ့ကို
အထင်မြင်သေးနေတယ်မလား..အဲ့တော့
ငါတစ်ယောက်တည်း သွားစားတယ်…” ရှီးဝမ်
ပြောလိုက်ပြီး “ ပြီးတော့ သူ့ရဲ့လက်ရာကလည်း

အရမ်းကောင်းတော့ မစားပဲ နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး..”

“ ကျွတ် ကျွတ် ကျွတ်... နင်ငါ့ကို အဲ့အကြောင်းတွေ လာပြောပြနေစရာမလိုဘူး... ကျိုးဇီကိုပဲ ပြောလိုက်...”

“ နင်တို့ကောင်တွေကိုတော့ ငါလက်မြောက်လိုက်ပြီ...” ရှီးဝမ် ကူကယ်ရာမဲ့စွာဖြင့် ခေါင်းခါရမ်းလိုက်ပြီး “ လုံရှင်းလည်း ဒီရောက်လာတယ်ဆိုတော့ သူတို့ကို ပန်းခြင်းတောင်းနဲ့ သွားနှုတ်ဆက်သင့်တယ်လို့ ထင်လား...”

“ ငါတော့ သွားနှုတ်ဆက်သင့်တယ်လို့ ထင်တာပဲ…
သူတို့က ငါတို့ကို မသိဘူးဆိုရင်တောင်
သွားပြီးတော့ ရင်းနှီးမှု ရယူထားတာက
မမှားဘူးလေ…” ဝမ်ကျိန်းပြောလိုက်ပြီး
“ စီးပွားရေး လုပ်ငန်းရှင် ဓာတ်ခုံမှာ မင်းက
မျက်နှာအရေထူမှ ရမှာ… အဲ့လိုမှလည်း
ပိုကောင်းတဲ့ အခွင့်အရေးတွေကို ရရှိလာနိုင်မှာ…”

“ မပူနဲ့.. ငါဒီအကြောင်း စဉ်းစားပြီးတော့
လိုအပ်မယ် ထင်တဲ့ဟာတွေ ဝယ်ပြီးသွားပြီ…

ခနနေကျရင် မိတ်ဖြစ်ဆွေဖြစ်
သွားတွေ့ကြတာပေါ့..” ကျိုးဇီ ပြောလိုက်၏။

## အခန်း (၆၄၀)
## လင်းယွမ်အုပ်စုကလည်း ငါ့အပိုင်ပဲ

“ ကျိုးဇီ.. နင်က မဆိုးဘူးပဲ..
ကြိုစဉ်းစားပြီးတော့တောင် ဝယ်ထားတယ်ပေါ့..”
ဟန်ဖေးပြောလိုက်၏။

ကျိုးဇီ ကားသော့ ထုတ်၍ နောက်ကားဖုံးကို
ဖွင့်လိုက်သောခါ အထဲတွင် လာဘ်ခေါ်

ကြောင်ရုပ်နှင့် နှင်းဆီပန်းစည်းနှစ်ခု ရှိနေလေသည်။

“ ဒီရဲ့ကြောင်ရုပ်လေးက အရမ်းချစ်ဖို့ကောင်းတာပဲ.. သူတို့ လက်ခံလောက်မှာပါနော…”

“ ငါတော့ မထင်…” ရှီးဝမ် ပြောလိုက်ပြီး “ တခြား နယ်ပယ်တွေနဲ့ မတူတာ အင်တာနက်နယ်ပယ်က အဲ့လိုမျိုး အစဉ်အလာလက်ဆောင်တွေ မလိုအပ်ဘူး… ကိုယ့်ဘက်က ရည်ရွယ်ချက်ကောင်းတွေ ရှိနေသရွေ့ အဆင်ပြေတယ်…”

“ ဟမ်.. ဘာတွေ ဖြစ်နေတာလဲ… ဘာလို့ ဟိုရဲ့ စားဖို့မှူးက ဒီရောက်နေတာ…”

ဟန်ဖေးတို့ အထဲ ဝင်တော့မည့် အချိန်တွင် လင်းရှီ အေးအေးလူလူ လမ်းလျှောက်လာသည်ကို မြင်တွေ့လိုက်ရ၏။

“ ဒါနဲ့ သူက ဘာလို့ တစ်ယောက်တည်း လာခဲ့တာ… ဟို သူဌေးမကြီးကော မခေါ် ခဲ့တော့ဘူးတဲ့လား…” ဟန်ဖေး စောဒက တက်လိုက်သည်။

“ အဲ့သူဌေးမကြီးလည်း သူနဲ့ နေ့တိုင်း အပြင်ထွက်ဖို့ အဆင်မပြေလို့ နေမှာပေါ့ဟ…” ကျိုးဇီ တည်ငြိမ်စွာ ပြောလိုက်၏။

“ နင်တို့ စကားတွေ တော်လိုက်တော့…” ရှီးဝမ် ပြောပြီးနောက် လင်းရိထံသို့ လျှောက်သွားကာ ဆံနွယ်များကို ကဗျာဆန်ဆန် လက်ဖြင့် ခါရမ်းလိုက်ပြီး ယဉ်ကျေးစွာ နှုတ်ဆက်လိုက်၏။

“ ဟယ်လို မစ္စတာလင်း…”

လင်းရိ၏ ဆိုင်မှာ ကျိန်းရန်လမ်းတွင် အတော်လေး နာမည်ကြီးသောကြောင့် အခြေခံ

သတင်းအချက်အလက်လေးလောက်တော့ အလွယ်တကူ ရနိုင်လေသည်။ ထို့ကြောင့် ရှီးဝမ်မှ လင်းရိ၏ နာမည်ကို သိနေခြင်းဖြစ်၏။

" မင်းလည်း ဒီလာတာလား..."

" ဟုတ်တယ်.. ကျွန်မတို့ ကုမ္ပဏီ ပစ္စည်းတွေလည်း ရွှေ့ပြီးသွားပြီလေ...ခုကစပြီး ဒီမှာပဲ အလုပ်စလုပ်တော့မှာ..."

" ကောင်းသားပဲ..." လင်းရိ သာမန်လေသံဖြင့် ပြောလိုက်၏။

“ သူဌေးလည်း အခန်းငှားချင်နေတာ မဟုတ်ဘူးလား.. အခြေအနေ ဘယ်လိုရှိလဲ…” ရှီးဝမ်မေးမြန်းလိုက်သည်။

“ အားလုံးပြီးသွားပြီလေ… အဲ့တာကြောင့် ဒီနေ့ တစ်ချက်လာကြည့်ကြည့်တာ…”

“ ကောင်းပါပြီ… အဲ့တာဆို သူဌေးကို မနှောင့်ယှက်တော့ဘူးနော်…”

လင်းရီ ခေါင်းညိမ့်လိုက်ပြီး တစ်ခွန်းမှ ပြန်မပြောပဲ သူ၏ လက်နှစ်ဖက်ကို အိတ်ကပ်ထဲ ထည့်လျက်

အဆောက်အဦးထဲသို့ တန်းမတ်စွာ လျှောက်လှမ်းသွားလေသည်။

“ အဲ့လူဦးနှောက်က ဘာမှားနေတာ... ရှောင်ဝမ်ကစပြီးတော့ စကားပြောတာတောင်မှ အလေးမထားတဲ့ စတိုင်နဲ့... အဲ့လောက်ထိ မောက်မာနေစရာ လိုလို့လား...” ဟန်ဖေး ပြောလိုက်၏။

“ မဆန်းပါဘူး...သူက ချမ်းသာတဲ့ အမျိုးသမီးတွေနားပဲ ကပ်တာဆိုတော့ ရှောင်ဝမ်က လှတယ်ဆိုရင်တောင် အရမ်းချမ်းသာနေတာမှ

မဟုတ်တာ.. အဲ့တော့ သူ စိတ်မဝင်စားတာ ပုံမှန်ပါပဲ….”

“ ကဲ ကဲ စကားပြောနေတာတွေ တော်လိုက်ကြတော့… “ ရှီးဝမ် အဆောက်အဦးကို တစ်ချက်ကြည့်လိုက်ပြီး “ အပေါ်တက်ပြီး တစ်ချက်သွားကြည့်ရအောင်… သူတို့ကို ပစ္စည်းတွေ ပေးပြီးတာနဲ့ ငါတို့ ကုမ္ပဏီဆီ ပြန်ကြမယ်….”

“ ကောင်းပြီလေ…” ရိုးရှင်းသည့် စကားလုံး အနည်းငယ် ပြောဆိုပြီးနောက် လေးယောက်သား

အဆောက်အဦးထဲသို့ ဝင်၍ ထိပ်ဆုံး အထပ်သို့ ဦးတည်လိုက်ကြလေသည်။

သူတို့ ဓာတ်လှေကား အပြင်ဘက်သို့ ခြေချချချင်းပဲ ဖြတ်သွားသည့် ထျန်းရန်ကို မြင်တွေ့လိုက်ရ၏။

အနီ အေးစက်ပြီး ပြင်းထန်သည့် အရှိန်အဝါများကို ခံစားမိတော့ အကုန်လုံး ရှော့ခ်ရသွားကြလေသည်။

“ ငါ တစ်ချက်ကြည့်လိုက်တာနဲ့ အဲ့ဒီအစ်မက ရိုးရှင်းတဲ့လူတစ်ယောက် မဟုတ်ဘူးဆိုတာ ပြောနိုင်တယ်…” ဟန်ဖေး မနာလိုဖြစ်နေသည့်

လေသံဖြင့် ပြောလိုက်၏။ ထိုသို့သော
အရှိန်အဝါမျိုးမှာ လုပ်ယူ၍ မရပဲ
ရာထူးကြီးမြင့်သည့် နေရာ၌ သက်တမ်းကြာလာမှ
အလိုအလျောက် ထွက်ပေါ်နေသည့်
အရှိန်အဝါများပင်။

“ ငါကြားတာတော့ အဲ့ဒီအမျိုးသမီးက DIDI ရဲ့
ဒုဥက္ကဌဆိုပဲ… ခုတော့ လုံရှင်းစီးပွားရေးလုပ်ငန်းရဲ့
တာဝန်ရှိသူတစ်ဦး ဖြစ်နေပြီ….”

“ ဘုရားရေ.. အဲ့ဒီ အမျိုးသမီးက တကယ်ကြီး
DIDIရဲ့ဒုဥက္ကဌပေါ့….”

ထျန်းရန်၏ အထောက်အထားကြောင့် အားလုံး အကြီးအကျယ် ရှော့ခ်ရသွားခဲ့ကြလေသည်။

'သူတို့ ခါတ်လှေကားအပြင်ဘက်ကနေ ထွက်ခါရှိသေးတယ်... ဒီလို ဒိတ်ဒိတ်ကျဲကြီးနဲ့ လာတွေ့နေပြီပေါ့... '

'လုံးရှင်းက လုံး၀ အံ့အားသင့်ဖို့ ကောင်းတယ်....'

လေးယောက်သား ပစ္စည်းပစ္စယများကို သယ်ဆောင်ရင်း လုံရှင်း၏ ရုံးခန်းထံသို့ တုန်လှုပ်နေသည့် ခြေလှမ်းတို့ဖြင့် ဦးတည်လိုက်ကြသည်။ တိုက်ဆိုင်စွာဖြင့်

တံခါးဝတွင် ရပ်နေသည့် ထျန်းရန်နှင့်
သွားဆုံလေသည်။

ထျန်းရန်လည်း အဆိုပါ လေးယောက်ကို မြင်တော့
ကြက်သေသေသွားခဲ့၏။

“ နင်တို့က…”

“ မင်….မင်္ဂလာပါရှင့်… ကျွန်မတို့က အောက်ထပ်
နွေဦးလယ်ကွင်း နည်းပညာကုမ္ပဏီကပါ…
ရှင်တို့လည်း အပေါ်ထပ်မှာ
ရုံးခန်းဖွင့်မယ်ကြားတော့ လက်ဆောင်
သေးသေးလေး လာပေးတာပါရှင့်…”

“ ကောင်းပြီ… ကျေးဇူးနော်…”

ထျန်းရန် အနီး စွန့်ဦးလုပ်ငန်းရှင်ငယ်လေးများအပေါ် အထင်မြင်ကောင်းများ ရှိလေသည်။ ယင်းကလည်း သူမတို့ DIDI စတင်စဉ်ကလည်း ယခုလို ကိစ္စရပ်များကို ပြုလုပ်ခဲ့ဖူးသောကြောင့် ဖြစ်၏။

ထျန်းရန် ပန်းစည်းများနှင့် လာဘ်ခေါ်ကြောင်ရုပ်လေးကို ရှီးဝမ်ထံမှ လက်ခံလိုက်ပြီး သူမ၏ သဘောထားကို ပြသလိုက်သည်။

“ အစ်မမှာက လုပ်စရာလေးတွေ ရှိသေးတော့
နင်တို့ကို ညှော်မခံနိုင်တော့ဘူး… ဒီမှာ ခဏစောင့်…
အစ်မရဲ့လက်အောက်ငယ်သားတစ်ချို့ခေါ် ပြီး
ဒီနား တစ်ဝိုက် လိုက်ပြခိုင်းလိုက်မယ်…”

ထျုန်းရန် ယနေ့ ဤနေရာသို့
တက်လှမ်းနိုင်ခဲ့သည်မှာလည်း သူမ၏
မြင့်မားလှသည့် အီးကျူကြောင့်ပင်။ သူမ၏
အဆင့်အတန်းနှင့်ဆိုပါက ယခုလိုလူများကို
ဂရုစိုက်နေဖို့ရာ မလိုချေ။ အဘယ်ကြောင့်ဆိုသော်
လယ်ဗယ် မတူညီသောကြောင့် ဖြစ်၏။

သို့သော်လည်း သူမမှာ ယဉ်ကျေးစွာနှင့်
ပေးသင့်ပေးထိုက်သည့် လေးစားမှုတို့ကို
ပြသခဲ့လေသည်။

အကြောင်းမူကား ထျန်းရန်မှ အင်တာနက်
နယ်ပယ်၏ သဘောတရားကို ကောင်းမွန်စွာ
နားလည်ထားခြင်းကြောင့်ပင်။

အဆင့်မြင့်နည်းပညာနယ်ပယ်မှာ အချို့
အစဉ်အလာနယ်ပယ်များနှင့် မတူညီစွာ သင် ယနေ့
အထင်မြင်သေးစွာ ငုံ့ကြည့်ခဲ့သူက
နောက်တစ်နေ့တွင် သင်လက်လှမ်းမမှီ

မျှော်ကြည့်ရသည့် နေရာသို့ မရောက်ရှိနိုင်ဟု ခန့်မှန်း၍ မရသောကြောင့်ပင်။

ပမာပြရလျှင်တော့ ဘော့စ်များကို ပြေးကြည့်နိုင်သည်။ သူ ကုမ္ပဏီ စတင်စဉ်က အာလီဘာဘာကို ယနေ့လို အောင်မြင်သည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်လာလိမ့်မည်လို့ မည်သူကမျှ မျှော်လင့်မထားခဲ့ကြချေ။

လေးယောက်လုံး၏ မျက်ဝန်းတို့မှာတော့ မယုံကြည်နိုင်ဟန်ဖြင့် ပြုံးကျယ်နေလေသည်။

ထိုသို့ ဩဇာလွှမ်းမိုးနိုင်သည့် အမျိုးသမီးမှာ ပေါင်းသင်းရလွယ်ကူလိမ့်မည်လို့ မည်သူကမျှ ထင်မထားကြချေ။

“ ဟုတ်ကဲ့ ကျေးဇူးပါရှင့်…” ရွှီးဝမ် ကိုယ်ကို အနည်းငယ်ကိုင်း၍ ပြောလိုက်၏။

“ အင်း.. ကြိုးစားထား…
ဘယ်သူသိနိုင်မှာပဲ…အစ်မတို့ အနာဂတ်ကျ
အတူလက်တွဲရတာမျိုးလည်း
ရှိလာနိုင်တာပဲလေ…” အပြုံးဖြင့် ပြောပြီးနောက် ထျန်းရန် ငယ်သားတစ်ဦးကို လက်ယပ်ခေါ်ကာ ညွှန်ကြားချက်အချို့ပေးပြီး

အထွေထွေမန်နေဂျာရုံးခန်းသို့
ဦးတည်လိုက်လေသည်။

သို့သော်လည်း ထိုအခိုက်အတန့်တွင်ပဲ
အထွေထွေမန်နေဂျာရုံးခန်း၏ တံခါးမှာ
ပွင့်ဟလာပြီး လင်းရီ စကားတစ်ပြောပြောနှင့်
ထွက်လာခဲ့၏။ သူ့ဘေးတွင်တော့ ဝမ်ရန်မှာ
အားသွန်ခွန်စိုက်ဖြင့် လင်းရီ၏
ညွှန်ကြားချက်များကို လိုက်မှတ်နေလေသည်။

လင်းရီကို မြင်တွေ့လိုက်ရသည့် အချိန်တွင်တော့
ရှီးဝမ်နှင့် ကျန်သူများမှာ အကြီးအကျယ်
ရှော့ခ်ရသွားခဲ့ကြတော့၏။

“ မင်း… မင်းဘာလို့ ဒီရောက်နေတာ….” ကျိုးဇီ အံ့အားသင့်နေသည့် လေသံဖြင့် မေးလိုက်သည်။

“ ငါ့ ကုမ္ပဏီပါ ဆိုနေ ငါမရောက်နေလို့ ဘယ်သူက ရောက်နေရမှာ…”

လင်းရှီ၏ အထောက်အထားကို ကြားသိလိုက်ရတော့ ရှီးဝမ်နှင့် ကျန်သူများအားလုံး မေးရိုးကြီးများ ကြမ်းပြင်သို့ ပြုတ်ကျသွားခဲ့ကြတော့၏။

“ နင်…နင်က လုံရှင်းသူဌေးပေါ့… စားဖိုးမှူး မဟုတ်ဘူးလား….”

“ စားဖို့မှူးဆိုတာ အရန်အလုပ်လေ… ဒါကမှ ငါ့ရဲ့
အဓိက အလုပ်…”

“ ဒါပေမယ့် ငါကြားတာတော့ လုံ့ရှင်းက
လင်းယွမ်အုပ်စုရဲ့ အကိုင်းအခက် ဆိုတော့ မင်းက
ဘယ်လိုလုပ်ပြီး ဒီနေရာရဲ့ ဘော့စ် ဖြစ်နိုင်မှာ….”

ကျိုးဇီ၏ မေးခွန်းက ကျန်သူများ စိတ်ထဲတွင်
စဉ်းစားနေသည့် မေးခွန်းပင်။

လင်းရီ၏ အထောက်အထားမှာ ၁၈၀ ဒီဂရီမျှ
ပြောင်းလဲသွားသောကြောင့် လူတိုင်း လက်ခံနိုင်ရန်
ခက်ခဲနေကြလေသည်။

“ လင်းယွမ်အုပ်စုလား… အဲ့ကုမ္ပဏီလည်း ငါ့အပိုင်ပဲလေ… ကဲ မင်းဘာမေးချင်သေးလဲ…”

ရင်းကိုကြားတော့ လူတိုင်း မူးနောက်နောက် ဖြစ်သွားကြတော့၏။

သူတို့ နေ့တိုင်း အထင်မြင်သေးပြီး အတင်းတုပ်နေခဲ့ကြသည့် စားဖိုမှူးက တကယ်ကြီး လင်းယွမ်အုပ်စု၏ ဘော့စ် ဖြစ်နေခဲ့သည်လော။

ဒီသတင်းကြီးက စစ်မှန်နိုင်စရာ အကြောင်းကို မရှိတာ….

“ ဒါ.. ဒါဆို ဟိုနေ့က မင်း အဟမ်း… မစ္စတာလင်း နဲ့ပါလာခဲ့တဲ့ အမျိုးသမီးကကော….”

“ မင်းက သူမရဲ့အထောက်အထားကို သိချင်နေတာလား..”

လင်းရီ ပြုံးလိုက်ပြီး “ ကြည့်ရသလောက်တော့ မင်းတို့ကောင်တွေ သတင်းမကြည့်ကြဘူးနဲ့တူတယ်…”

“ အဲ့တာက သတင်းကြည့်တာ မကြည့်တာနဲ့ ဘာဆိုင်လို့…” ရှီးဝမ် ပြောလိုက်၏။

“ ဘာလို့လဲဆိုတော့ အဲ့ဒီအမျိုးသမီးက ကျိုးဟိုင်ရဲ့ လက်ထောက် မြို့တော်ဝန်လေ… ဘယ်လိုလဲ… အံ့သြသွားသလား…”

“ သူ… သူမက လက်ထောက် မြို့တော်ဝန်…”
ရှီးဝမ်နှင့် ကျန်သူများအားလုံး သက်ပြင်းရှိုက်မိလိုက်ကြသည်။

သူက လက်ထောက်မြို့တော်ဝန်နဲ့ အဲ့လောက် နီးကပ်တဲ့ ဆက်ဆံရေးရှိတယ်ပေါ့….

အရမ်း အံ့အားသင့်ဖို့ ကောင်းလွန်းတယ်….

“ ဥက္ကဌလင်းတို့က အချင်းချင်း
သိနေကြတာလား…” ထျန်းရန် အံ့အားသင့်စွာဖြင့်
မေးလိုက်သည်.

လင်းရီ ရှီးဝမ်ကို ညွှန်ပြလိုက်ပြီး “ သူမက
ငါ့ဆိုင်မှာ ခဏခဏ လာအားပေးနေကြလေ….
အဲ့တာကြောင့် သူနဲ့တော့သိတယ်…”

ရှီးဝမ် အလောတကြီး ဦးညွှတ်လိုက်ပြီး
“ မင်…မင်္ဂလာပါ ဥက္ကဌလင်း… ကျွန်မက
အောက်ထပ် နွေဦးလယ်ကွင်း နည်းပညာ ကုမ္ပဏီရဲ့
ဒါရိုက်တာ ရှီးဝမ်ပါရှင့်…”

လင်းရှိ ခေါင်းညိမ့်လိုက်ပြီး “ မင်းရဲ့ ကုမ္ပဏီက ဘာလဲလုပ်တာ….”

“ ကျွန်မတို့က အွန်လိုင်းသင်ကြားရေး အက်ပ်တွေ ဖန်တီးနေတာပါ… မကြာခင် Ios နဲ့ android မားကတ် တွေမှာ သုံးလို့ရတော့မှာပါ….”

“ အင်း.. အကောင်းဆုံး ကြိုးစားကွာ…”
လင်းရှိ သာမန်အတိုင်း မှတ်ချက်ပြုလိုက်ပြီးနောက် လူတိုင်း၏ အကြည့်အောက်တွင် ထွက်ခွာသွားခဲ့လေသည်။

သို့သော်လည်း ထိုအချိန် သူတို့ လင်းရီ
နောက်ကျောကို ငေးကြည့်နေကြသည့်
မျက်ဝန်းများထဲတွင် ရှော့ခ်ရနေမှုများက
ကြီးစိုးနေလေသည်။

ဒီလိုမျိုး အသက်ငယ်ငယ်လေးနဲ့ လင်းယွမ်အုပ်စုရဲ့
သူဌေးဖြစ်လာတယ်ဆိုတော့ .... နည်းနည်းလေး
မကောင်းဆိုးဝါး ဆန်လွန်းမနေဘူးလား...

ဒါပေမယ့် ဒီလောက်ကြီးမားတဲ့
စီးပွားရေးအင်ပါယာကြီးရှိနေတာကို ဘာလို့
စားသောက်ဆိုင် ဖွင့်နေသေးလဲ... ဟူး...
မယုံကြည်နိုင်စရာပါပဲ....

**အခန်း (၆၄၁)**

**လင်းရီနဲ့ ဘယ်သူ ရှုပ်ရဲလဲ**

“ နင် ခု သူ့ကို ချမ်းသာတဲ့ သူဌေးမကြီးရဲ့ သကြားပေပီ လုပ်နေတယ်ဆိုပြီးတော့ သံသယဝင်နေသေးလား…”

“ မ..မလုပ်ပါနဲ့… “ ကျိုးဇီ ဘယ်အချိန်ကတည်းက စီးကျနေမှန်း မသိသည့် ချွေးအေးများကို သုတ်လိုက်ပြီး “ အရမ်းကြောက်ဖို့ ကောင်းလွန်းတယ်… တော်သေးတာပေါ့

သူဒေါသမထွက်သွားလို့… မဟုတ်လို့ကတော့
ငါတို့ရဲ့ ကုမ္ပဏီလေးက
သူ့စကားတစ်ခွန်းတည်းနဲ့တင်
အမှုန့်ဖြစ်သွားနိုင်တယ်….”

“ ငါလည်း နောက်ဆို ကန်သင်းက ဘာမှ
ဝယ်မစားတော့ဘူး… သူ့ဆိုင်မှာပဲ
သွားစားတော့မယ်…” ဟန်ဖေး ပြောလိုက်၏။

ထွက်ခွာသွားသည့် လင်းရီကို ငေးမောရင်း ရှီးဝမ်
ယခုလို တွေးတောလိုက်သည်။

'မစ္စတာလင်းက ဩဇာတိက္ကမ အရမ်းကြီးတော့ မြို့တော်ဝန်လျှန်နဲ့ တန်းတူရပ်တည်နေနိုင်လောက်တယ်... ပြီးတော့ အသက်ကလည်း ငယ်ငယ်လေးဆိုတော့ ဧကန္တ မြို့တော်ဝန်လျှန်ကပဲ မစ္စတာလင်းကို ပိုးပန်းနေတာများလားပဲ....'

'အဲ့တာ ဖြစ်နိုင်တယ်....'

.............

ထျန်းရန်နှင့် ဝမ်ရန်တို့ ခြံရံလျက် လင်းရီ အဆောက်အဦးအပြင်ဘက်သို့ ရောက်ရှိလာလေသည်။

" လုံးရှင်းက မားကတ်ထဲ
မရောက်သေးဘူးဆိုပေမယ့် ငါတို့
အလုပ်စလုပ်လို့ရပြီ…" လင်းရီ ပြောလိုက်ပြီး
" မိုဘိုင်းဖုန်း အီးကိုစစ်စတမ်ဖွံ့ဖြိုးတိုးတက်ရေးက
လောလောဆယ် ထိပ်တန်းဦးစားပေးပဲ.. ဆိုတော့
ဘာအမှားမှ မလုပ်မိစေနဲ့…"

" နားလည်ပါပြီ ဥက္ကဌလင်း…."

လင်းရီ ခေါင်းညိမ့်ကာ ညွှန်ကြားချက်တစ်ချို့
ပေးပြီးနောက် ထိုနေရာမှ
မောင်းထွက်လာခဲ့လေသည်။

ယခု ဘရန်ဒွန်တို့ကို ကိုင်တွယ်ရမည့် အချိန်ပင်။

တစ်ချိန်တည်းတွင် ဘရန်ဒွန်၊ ဇက်ချ်နှင့် လူးဝစ်တို့
ဟွာရှ - အမေရိကန်သံရုံးရှေ့သို့
ရောက်ရှိနေကြ၏။

ဘရန်ဒွန်တို့ကို ဧည့်ခံရန် တာဝန်ရှိသူကတော့
လူမည်းအမျိုးသမီး ရိုလန်ပင်။ သူမ ဘရန်ဒွန်တို့ကို
ပျူငှာစွာ ဧည့်ခံပြီး ဘေးခန်းမထဲသို့
ကြိုဆိုလိုက်၏။

“ နင်တို့က ဟွာရှမှာ ပညာတော်သင်
ရောက်လာကြတဲ့

ကောလိပ်ကျောင်းသားတွေလား…” ရိုလန် မေးလိုက်၏။

“ အမှန်ပဲ… ကျုပ်တို့က ဟွာရှကျောင်းသားတွေရဲ့ အနိုင်ကျင့်တာကို သီးမခံနိုင်တော့လို့ ဒီရောက်လာခဲ့တာ… အဲ့ကောင်တွေက ကျုပ်တို့ရဲ့ အသက်ကိုတောင် ခြိမ်းခြောက်လာပြီးတော့မှ ကျိုးဟိုင်နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံးကို ဖျက်သိမ်းခိုင်းနေတယ်… မစ်ရိုလန်က ဒီကိစ္စ ကူညီဖြေရှင်းပေးဦး…”

“အိုးမိုင် ဂျီးဆပ်… သူတို့တွေ တကယ်ကြီး အဲ့လိုလုပ်ရပ်မျိုး လုပ်ကြတယ်ပေါ့…” ရိုလန်၏

အမူအရာမှာ ပြင်းပြင်းထန်ထန် ပြောင်းလဲသွားခဲ့ပြီး
“ ဒါက အရမ်းလွန်သွားပြီ....”

“ အမှန်ပဲ.. အရမ်းလွန်တယ်...” ဘရန်ဒွန်
ပြောလိုက်ပြီး “ ကျုပ်တို့ ဒီကိစ္စ ကျောင်းကို
အဆိုတင်သွင်းသေးတယ်.. ဒါပေမယ့်
နားမထောင်ပေးဘူး... အဲ့ ဟွာရှန့်ကောင်တွေနဲ့
အသံတူတူပဲ... အဲ့နောက် ပညာရေး ဝန်ကြီးဌာနကို
တိုင်ပြန်တော့လည်း ဘာမှ အရေးမယူပေးဘူး..
ကျုပ်တို့ အနိုင်ကျင့်ခံရတာကို
လက်ပိုက်ကြည့်နေကြတယ်... ကျုပ်တို့က ဒီမှာ
နေပြီး ဒီမှာ စာလာသင်နေတာလေ... ဘယ်မလဲ
လူ့အခွင့်အရေးဆိုတာ...”

“ ဘာမှ မပူနဲ့ မစ္စတာဘရန်ဒွန်…” ရိုလန်
ဖြောင်းဖြလိုက်ပြီး “ ငါ့ကို အသေးစိတ် အရင်ဆုံး
ရှင်းပြ… ပြီးရင် ကုံလုံတဲ့ သတင်းတစ်ချို့ကို
တင်ပြလိုက်မယ်ဆိုရင် ဒီကိစ္စ ကျိန်းသေပေါက်
ဖြေရှင်းနိုင်မှာပဲ….”

“ ကောင်းပြီ….”

ထို့နောက် နာရီဝက်ကြာအောင် ဘရန်ဒွန်နှင့်
ကျန်သူများမှ ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို
စီကာပတ်ကုံး ပြောပြလိုက်သည်။

မှန်၏။ ၎င်းတို့ကတော့ အပြစ်ကင်းစင်ပြီး ခံရသူ
အနေအထားမှ ရှင်းပြသွားကာ လင်းရီကိုတော့
လူသတ်ဓားပြတိုက် နိုင်ငံခြား
ကျောင်းသူလေးများကို
မုဒိမ်းလိုက်ကျင့်နေသူကြီးပမာ ချဲ့ကား
ပြောဆိုသွားခဲ့လေသည်။

“ သူတို့တွေက ပိုက်ဆံညစ်ရုံတင်မကသေးဘူး..
နိုင်ငံတကာ ကျောင်းသားတွေအပေါ် အဲ့လို
ယုတ်ညံ့တဲ့ လုပ်ရပ်တွေ လုပ်နေတယ်ပေါ့…
ဒီဟွာရှန့်တွေ အရမ်း တရားလွန်သွားပြီ….”

“ အဆိုးဆုံးကတော့ တီချယ်တွေနဲ့ ကျောင်းအုပ်ကြီးတွေက လုံးဝကို မျက်ကွယ်ပြုထားတာပဲ… ကျုပ်တော့ ဟွာရှကို အတော်လေး စိတ်ကုန်နေပြီ…”

“နင်တို့ သုံးယောက် .... ဘာမှ စိတ်မပူကြနဲ့… ..” ရှိလန်ပြောလိုက်ပြီး “ ငါ ဒါတွေကို သေချာ ရေးမှတ်ထားပြီး ခု ချက်ချင်း မစ္စတာဘရောင်းဆီ တင်ပြပေးမယ်…”

“ သူက သမာသမတ်ကျတဲ့သူဆိုတော့  နင်တို့ကို သေချာပေါက် ကူညီပေးလိမ့်မယ်…”

"အဲ့လိုဆို မစ်ရိုလန်ကိုပဲ အားကိုးရတော့မယ်....."

ရိုလန် သူမ၏ မှတ်စုများကို သယ်ဆောင်ပြီး ဓာတ်လှေကားမှ တစ်ဆင့် စတုတ္ထထပ်သို့ ဦးတည်လိုက်လေသည်။

သူမ ဤအရေးကို သံရုံး ခေါင်းဆောင် မစ္စတာဘရောင်းထံ တင်ပြရမည် ဖြစ်၏။

ရုံးခန်းထဲတွင်တော့ အသားဖြူပြီး ရွှေရောင် ဆံပင်ရှိသည့် နိုင်ငံခြားသား တစ်ဦး ပြုံးရွှင်စွာဖြင့် ဖုန်းပြောနေသည်။

ဘရောင်းမှာ အသက်ငါးဆယ်ထဲသို့
ရောက်နေပြီး ပြည်သူ့ဝန်ထမ်း
တစ်ဦးဖြစ်သော်လည်း IT ပညာရှင်များကဲ့သို့
ခေါင်းပေါ်တွင် ဆံပင်တို့က သိပ်မကျန်တော့ချေ။

"ဘာမှ စိတ်မပူပါနဲ့ မစ္စတာ Roy .. ကျုပ် သေချာ
ပူးပေါင်းပေးသွားမှာပါ..."

"ကျုပ်ရဲ့ လက်ရှိရာထူးကို
ထည့်မတွက်ဘူးဆိုရင်တောင် Pfizerရဲ့
အတိုင်ခံရာထူးကို အမည်ခံထားတယ်လေ..
ဆိုတော့ ဒီကိစ္စကို သေချာပေါက်

တက်တက်ကြွကြွနဲ့ ဆောင်ရွက်ပေးသွားမှာမို့ စိတ်သာချထားလိုက်... "

စကားအနည်းငယ် ပြောပြီးနောက် ဘရောင်း ဖုန်းချလိုက်သည်။

ထို့နောက် လက်ကို ခေါင်းနောက်ထား၍ ထိုင်ခုံနောက်သို့ သက်တောင့်သက်သာ ရှိစွာ မှီလိုက်၏။

Pfizer နှင့် ကမ္ဘာ့ထိပ်တန်း ဆေးကုမ္ပဏီ ခြောက်ခုက အတူတကွ ပူးပေါင်းပြီး ဆေးဝါးသုတေသန စင်တာကို ကျိုးဟိုင်တွင်

တည်ထောင်မည်ဖြစ်သောကြောင့် သူ၏
ရာထူးသက်တမ်းတွင် ကြီးမားသည့် နိုင်ငံရေး
အောင်မြင်မှုတစ်ခုအဖြစ် မှတ်ယူ၍ ရလေသည်။

ထိုအကြောင်း မပြောမီ သူ့အိတ်ကပ်ထဲသို့
ထည့်နိုင်မည့် ငွေပမာဏက ပို၍ ရင်ခုန်ဖို့
ကောင်းလှ၏။

ယူအက်စ်နှင့် မတူညီစွာ ဟွာရှေ့ လက်ဆောင်
ပဏ္ဏာများ ပေးအပ်မှုက ပို၍
တရားဝင်ဆန်လှသည်။

၎င်းတို့က သက်ဆိုင်ရာ အဆင့်အတန်းအလိုက် ရာထူး အကြီးအကဲများကို အတိုင်ပင်ခံ အဖြစ် ခန့်အပ်ထားပြီး လာဘ်ပေးမှုကိုလည်း လစာသဘောမျိုးဖြင့် ဘဏ်အကောင့်ထဲသို့ ထည့်သွားပေးလေသည်။ အပြင်လူဘက်မှ ကြည့်မည်ဆိုပါက ယင်းကား အတိုင်ပင်ခံရာထူးအတွက် လစာငွေ ဖြစ်သော်လည်း အတွင်းဘက်မှ ကြည့်လျှင်တော့ ယင်းက လာဘ်ထိုးခြင်းပင်။

'ကြည့်ရတာတော့ ငါ လင်းရီလို့ ခေါ်တဲ့ ဟွာရှန့်နဲ့ တွေ့ဦးမှနဲ့ တူတယ်...

သူနဲ့ အဆက်အသွယ် ကောင်းကောင်းရှိထားရင်
အနာဂတ်ကျ အသုံးဝင်လာနိုင်တယ်...'

ဒေါက် ဒေါက် ဒေါက် ...

"ဝင်ခဲ့...."

ရိုလန် တံခါးကို တွန်းဖွင့်၍ အထဲသို့
ဝင်လာခဲ့လိုက်သည်။

"မစ္စတာဘရောင်း..
ကျွန်မတင်ပြစရာလေးရှိလို့ပါ....."

ဘရောင်း သူ၏ အမူအရာကို တည်တံ့လိုက်ပြီး "ဘာလဲ တင်ပြမှာ... ငါ့မှာ တခြား လုပ်စရာတွေ ရှိသေးတယ်... မင်းမှာ အချိန် ငါးမိနစ်ရမယ်..."

"ဒီလိုပါ မစ္စတာ ဘရောင်း..."ရိုလန် ပြောလိုက်ပြီး "ကျိုးဟိုင် ဖူတန် တက္ကသိုလ်မှာ လက်ခံနိုင်ဖွယ်ရာမရှိတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားသွားလို့ပါ... ကျွန်မတို့ရဲ့နိုင်ငံတကာ ကျောင်းသားတွေက ဟွာရှန့် လူတစ်အုပ်စုရဲ့ အနိုင်ကျင့် ၊ အနှောက်ယှက်ပေးခြင်းကို ခံနေရပါတယ်... သူတို့က နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံးကို ဖျက်သိမ်းပေးဖို့ ပြောနေပါတယ်... ကျွန်မအထင်တော့ ဒီကိစ္စကို

ဟွာရှ အစိုးရဆီ တင်ပြပြီးတော့  ပြင်းပြင်းထန်ထန် အရေးယူသင့်တယ်လို့ ထင်တယ်...."

အဆိုပါ တင်ပြမှုကို နားထောင်ပြီးနောက် ဘရောင်း သူ့လက်ထဲရှိ ဘောပင်ကို ဘေးသို့ချလိုက်ပြီး "တကယ်ကြီး အဲ့လို ဖြစ်သွားခဲ့တာလား..."

"အင်း.. တကယ်ကြီး ဖြစ်ပျက်သွားခဲ့တာ..." ရိုလန် ပြောလိုက်ပြီး " ခု အဲ့ဒီ နိုင်ငံခြား ကျောင်းသားတွေ အောက်ထပ်မှာ စောင့်နေကြတယ်...."

သို့နှင့် ရိုလန် သူမ လက်ထဲရှိ မှတ်စုစာတမ်းကို ဘရောင်းထံ ကမ်းပေးလိုက်၏။

ဘရောင်း စာရွက်များကို လှန်လော ဖတ်ရှုရင်းနှင့် သူ၏ အမူအရာမှာ အုံ့မှိုင်းနေရာမှ တစ်ဆင့် မည်းမှောင်လာခဲ့လေသည်။

မသင်္ကာဖွယ် လူနာမည်က လင်းရီ တဲ့လား...

"အဲ့လောက်ထိ တိုက်ဆိုင်နေတာတော့ မဖြစ်နိုင်လောက်ဘူး မလား..."ဘရောင်း တီးတိုးရေရွတ်လိုက်ရင်း သူ၏ အမူအရာမှာလည်း အမျိုးမျိုး ကွဲလွဲနေလေသည်။

'ခု Pfizer နဲ့ တခြား ဆေးဝါးကုမ္ပဏီကြီးတွေက ကျိုးဟိုင်မှာဆေးဝါးသုတေသန စင်တာကို ဆောက်လုပ်ကြတော့မယ်...'

'သူတို့ရဲ့ စီးပွားဖက် ပါတနာကလည်း လင်းရှီ...'

'ဒီရဲ့ သံသယဖြစ်ဖွယ် လင်းရှီနဲ့ စီးပွားဖက် ပါတနာ လင်းရှီက တစ်ယောက်တည်း ဖြစ်လောက်လား...'

'အဲ့လောက်ကြီး တိုက်ဆိုင်နေတာတော့ မဖြစ်နိုင်လောက်ဘူးထင်တယ်...'

ဘရောင်း မျက်မှောင်ကုတ်လိုက်ပြီး သူ မဆင်မခြင် မလှုပ်ရှားဝံ့ချေ။

အကယ်၍ နာမည်တူရုံသပ်သပ်ဆိုလျှင်တော့ ပြဿနာ ရှိလိမ့်မည် မဟုတ်သော်လည်း လူတစ်ယောက်တည်း ဆိုလျှင်တော့ ရှော့အကြီးကြီး ရှိလေသည်။

ထိုအခါ သူရမည့် ငွေများပင် ဖြတ်တောက်ခြင်း ခံရနိုင်၏။

"လာပြောတဲ့ သူတွေ ရှိနေသေးတယ်မလား..."

"ဟုတ်ကဲ့ ရှိနေပါသေးတယ်... သူတို့ခု အောက်ထပ်မှာ စောင့်နေကြတုန်းပါပဲ..."ရိုလန် ပြောလိုက်၏။

"သူတို့ကို ဘယ်မှ မသွားခိုင်းသေးနဲ့ဦး...
ငါဖုန်းခေါ် ပြီးမှ ဒီကိစ္စ ဆက်ကိုင်တွယ်မယ်..."

"အိုကေ မစ္စတာဘရောင်း..."ရိုလန် ပြောလိုက်ပြီး
"အဲ့တာဆို ကျွန်မ အပြင်မှာ စောင့်နေပါ့မယ်..."

ရိုလန် ထွက်ခွာသွားပြီးနောက် ဘရောင်း သူ၏
ဖုန်းထုတ်ကာ လျှန်ရှုရှာယ်ထံ ဖုန်းခေါ်လိုက်သည်။
လင်းရီ၏ ဖုန်းနံပါတ် ရရှိပြီးနောက် အတည်ပြုရန်
လင်းရီထံသို့ ဖုန်းဆက်လိုက်လေသည်။

အကယ်၍ မတူကွဲပြားသည့် ပုဂ္ဂိုလ်တစ်ဦးစီ ဖြစ်နေသည်ဆိုလျှင်တော့ ယခုကိစ္စကို သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ရပေမည်။

သို့သော်လည်း ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်နေလျှင်တော့ သူ့ ဂရုတစိုက်နှင့် ကိုင်တွယ် ဖြေရှင်းရမည်ဖြစ်၏။

အကယ်၍ သူ တစ်ဖက်လူကို မပျော်ရွှင်အောင် လုပ်မိပါက အနာဂတ်တွင် ပရောဂျက်ကို ဆောင်ရွက်ရန် ခက်ခဲနိုင်လေသည်။

"ဟယ်လို မစ္စတာလင်း... ကျွန်တော်က ဟွာရှအခြေစိုက် အမေရိကန်သံရုံးရဲ့သံအမတ် ဘရောင်းပါ..."

"ကျွန်တော် မစ္စတာလင်းကို တစ်ခုလောက် မေးကြည့်ချင်လို့..."

"ရှေ့ရက်တွေတုန်းက အမေရိကားက ပညာတော်သင် ကျောင်းသားတစ်ချို့ ရိုက်နှက်ခံလိုက်ရတယ်... အဲ့တာက..................... "

"ဟုတ်ကဲ့ မစ္စတာလင်း... ကျွန်တော် တကယ့်ကို စိတ်မကောင်းပါဘူးဗျာ....အခု သံရုံးကို လာခဲ့ဖို့ အဆင်ပြေလားမသိဘူး...  ဒီကိစ္စကို အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်..."

**အခန်း (၆၄၂)**

**မင်းရဲ့အဲ့ဒီ စောက်လေသံကို**

**ကြည့်မရတာကြာနေပြီ**

ကားထဲတွင်တော့ ယခုလေးတင်
ဖုန်းလက်ခံရရှိလိုက်သည့် လင်းရီမှာ အနည်းငယ်
ကြောင်အသွားခဲ့လေသည်။

'သူက သွားဖြေရှင်းတော့မယ့် အချိန်မှာ
တစ်ဖက်သူက ဖြေရှင်းပေးပါမယ်တဲ့လား....'

'လျှန်ရှူရှယ် ပြောတာ မှန်နေတာပဲဟ...
ဒီကောင်တွေ တကယ်ကြီး သံရုံး သွားခဲ့ကြတာပဲ...'

'ဒါပေမယ့် ဒီရဲ့ဘရောင်းလို့ ခေါ်တဲ့သူကလည်း
စိတ်ဝင်စားဖို့တော့ ကောင်းသား... ဒီကိစ္စကို
အဆင်ပြေအောင် ဆောင်ရွက်ပေးမယ်ဆိုပဲ...'

'ဘာပဲဆိုဆို ဒီလိုမျိုး အပြုအမူက အရမ်းကို စိတ်ဝင်စားဖို့ကောင်းတယ်...'

'ယုတ္တိကျကျပြောရမယ်ဆိုရင် သူ ကူညီပေးသင့်တာက အဲ့ဒီ နိုင်ငံတကာ ကျောင်းသားတွေကိုပဲလေ... '

လင်းရီ ပြုံးလိုက်ပြီး များများ စဉ်းစား မနေတော့ပဲ ကားကို လှည့်ထွက်လာ၍ သံရုံးဆီသို့ ဦးတည်လိုက်သည်။

ပုံမှန်ဆိုပါက ယခုကဲ့သို့ ကိစ္စမျိုးမှာ ရာထူး အဆင့်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး

နေးကွေးလေးလံသည့်
လုပ်ထုံးလုပ်နည်းများကိုလည်း ကျော်ဖြတ်ရဦးမည်
ဖြစ်၏။

သို့သော်လည်း လင်းရီ၏ ထူးခြားသည့်
အဆင့်အတန်းကြောင့် လျှန်ရှုရှယ်မှာ ဘရောင်းကို
တိုက်ရိုက် ဆက်သွယ်ခွင့် ပြုလုပ်ခြင်းပင်။

သူမ ဘရောင်းကို ကောင်းမွန်စွာ နားလည်ထားပြီး
လင်းရီကို ဘာတစ်ခုမျှ လုပ်ဝံ့လိမ့်မည်
မဟုတ်ကြောင်း သေချာလေသည်။

မိနစ်နှစ်ဆယ်ခန့်ကြာသော် လင်းရီ သံရုံးရှေ့သို့ ကားထိုးရပ်လိုက်၏။

သူ ကားထိုးရပ်ပြီးပြီးချင်းတွင် လူမည်းအမျိုးသမီးမှ သူ့အား အပေါက်ဝတွင် စောင့်ကြိုနေသည်ကို မြင်တွေ့လိုက်ရသည်။

ထိုအမျိုးသမီး၏ မျက်နှာသွင်ပြင်မှာတော့ အေးတိအေးစက် ၊ မောက်မာနေကာ ဒေါသထွက်နေသည့် အရိပ်အယောင်များလည်း မြင်တွေ့နေရသည်။

အနီး မျက်နှာထားတင်းနေသူကတော့ ရိုလန်ပင်။

"မစ္စတာလင်း...ကျွန်မတို့ ရှင့်ကို
စောင့်နေတာကြာနေပြီ... ပြီးခဲ့တဲ့ ရက်တွေတုန်းက
အဖြစ်အပျက်ကို ပြန်ပြောပြပေးမယ်လို့
မျှော်လင့်ပါတယ်... "

လင်းရီ ရောက်ရှိလာမည့် အကြောင်းကို
ဘရောင်းမှ ပြောပြပြီး ဖြစ်၏။ သို့သော်လည်း
လာရင်း ရည်ရွယ်ချက်ကိုတော့ မပြောပြထားပေ။
မပြောပြရခြင်းမှာလည်း အပြင်လူများမှ
လျှို့ဝှက်ချက် သိသွားမည်ကို
မလိုလားသောကြောင့်ပင်။

လင်းရီ ပြုံးလိုက်မိသည်။

'မင်းတို့ ဘော့စ်ကတောင် ငါ့ကို ရိုရိုကျိုးကျိုးနဲ့ စကားပြောရတာကွ... အဲ့တာကို လေသံက လာမာပြီးတော့ ငါ့ရှေ့မှာ မိမိုက်သလို လုပ်ပြနေတယ်ပေါ့လေ....'

"လမ်းပြ...."

ရိုလန်၏ ဦးဆောင် လမ်းပြမှုအောက်တွင် လင်းရီ သံရုံးထဲသို့ ရောက်လာခဲ့၏။

ထိုအခိုက်အတန့်တွင်ပဲ ထောင်ထောင်မောင်းမောင်းနှင့် လုံခြုံရေး လေးဦးမှ

လင်းရီ ဘေးသို့ အပြေးရောက်လာ
စောင့်ကြပ်လေသည်။

၎င်းတို့ကြားတွင် အကွာအဝေး တစ်ခု
ကန့်သတ်ထားပါသော်လည်း
လေထုအခြေအနေမှာတော့ အတော်လေး
သိပ်သည်းပြင်းထန်နေခဲ့၏။

အကယ်၍များ လင်းရီ မှုမမှန်သာ တစ်ခုခု
လုပ်မည်ဆိုပါက ချက်ချင်း ဆွဲခေါ်သွားတော့မည့်
အသွင်ပင်။

"မစ်.. မင်း ဒါဘာလာလုပ်တာ... ငါ့ကို ရာဇဝတ်ကောင်လိုမျိုး ဆက်ဆံနေတာလား...."

"မစ္စတာလင်း... ရှင့်ဘက်က ယဉ်ယဉ်ကျေးကျေး ပြောဆိုနိုင်မယ်လို့ မျှော်လင့်တယ်... ဒါ အမေရိကန်သံရုံးပါ...."

သံရုံးတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်လာခဲ့သည့် အတွေ့အကြုံကြောင့် လင်းရီ၏ လေသံမှ ရိုင်းပြမှုကို ခံစားမိပြီး ယခုလို သတိပေးလိုက်ခြင်းပင်။

"ရှင့်ဘက်က ကျွန်မတို့ရဲ့စည်းမျဉ်းတွေကို လိုက်နာပြီးတော့ မဟုတ်တာတွေ လျှောက်မလုပ်ဖို့ ပြောချင်တယ်.. မဟုတ်လို့ကတော့ သူတို့တွေက ရှင့်ကို တိုက်ခိုက်ကြမှာပဲ... "

လင်းရီ သူ့အင်္ကျီပေါ် ရှိ ဖုန်မှုန့်များကို ခါခပ်ရင်း ပြုံးလိုက်ကာ "မင်းလည်း ကိုယ့်အခြေအနေကိုယ် နားလည်ထားရင်ကောင်းမယ်... ဒါက ကျိုးဟိုင်... စည်းမျဉ်းတွေ လိုက်နာကြေးဆို လိုက်နာရမယ့်သူက မင်းတို့ပဲ... ဟုတ်တယ်မလား..."

"ဒါပေမယ့် ဒီနေရာက သံရုံးလေ...ကျန်တဲ့
နေရာတွေနဲ့ ခြားနားတယ်. "ရိုလန်မှ အင်မတန်
မောက်မာသည့် မျက်နှာထားဖြင့် ပြောလိုက်ပြီး
လည်တိုင်ကိုလည်း ကျော့နေအောင်မော့ကာ

"ရှင့်ကို သတိပေးပြီးသားပဲ... တကယ်လို့
မဟုတ်တာ လုပ်လို့ကတော့ သူတို့က တကယ်ကြီး
သက်ညှာနေမှာ မဟုတ်ဘူး... "

"ဟားဟားဟား........"

လင်းရီ သူမကို ကြည့်လိုက်ပြီး "အဲ့တာဆိုလည်း
ဒီလေးကောင်ကို လှူပ်ရှားကြည့်ခိုင်းလိုက်လေ...

ဘယ်သူအရင် မှောက်သွားမလဲဆိုတာ ကြည့်ကြသေးတာပေါ့...."

ထိုသို့ ပြောပြီးနောက် လင်းရီ ရှေ့သို့ လှမ်းသွားခဲ့၏။ လုံခြုံရေး အစောင့်လေးယောက်မှာ ဘာတစ်ခွန်းမျှ မပြောရဲပဲ လင်းရီနောက်သို့သာ အလျင်စလို လိုက်သွားခဲ့လေသည်။

ရိုလန်၏ လမ်းပြမှုနှင့်အတူ လင်းရီ ဒုတိယထပ်ရှိ အစည်းအဝေးခန်းသို့ ရောက်ရှိလာခဲ့သည်။သူမ တံခါးခေါက်တော့မည့် အချိန်တွင် လင်းရီမှုကား တံခါးတွန်းဖွင့်၍ အထဲသို့ ဝင်နေနှင့်ပြီး ဖြစ်၏။

အခန်းထဲတွင်တော့ ဘရန်ဒွန်နှင့် ကျန်သူများလည်း ထိုင်နေကြပြီး လင်းရီကို မြင်တော့ ဘရောင်းမှ မတ်တပ်ရပ်ကာ ပျူငှာသည့် အပြုံးဖြင့်
"မစ္စတာလင်း...."

"အင်း..."လင်းရီ ထိုင်ခုံတစ်ခုံ ဆွဲထုတ်၍ ထိုင်ချလိုက်သည်။

"မစ္စတာဘရောင်း.. ဒီကောင်ပဲ...ကျုပ်တို့ကို လူငှားပြီး ရိုက်ခိုင်းခဲ့တဲ့ နောက်ကွယ်က တရားခံက သူပဲ... ကျေးဇူးပြုပြီး ဒီကိစ္စ ပြင်းထန်စွာ အရေးယူပေးပါ..." ဘရန်ဒွန် လင်းရီကို မြင်တော့ လက်ညှိုးထိုး အော်ပြောလိုက်၏။

လှူးဝစ်လည်း ရှေ့သို့ ထွက်လာခဲ့ပြီး သူ့သွားတွေကို ဖြဲပြကာ " ကျုပ်သွားတွေကို ကြည့်လိုက်... တစ်ချောင်းမှ မရှိတော့ဘူး...သူ့အကုန်ရိုက်ချိုးပစ်ခဲ့တာ..."

"ဟုတ်တယ်.. အဲ့ကောင်က ကျုပ်တို့ကို ရိုက်နှက်ရုံတင်မကသေးဘူး နိုင်ငံတကာကျောင်းသားများ အစည်းအရုံးကိုပါ ဖျက်သိမ်းစေချင်နေတာ... ဒီကောင့်ကို ဖမ်းဆီးဖို့ ပြင်းပြင်းထန်ထန် အကြံပြုပါတယ်... "

ဘရောင်းရှိနေသောကြောင့် ဘရန်ဒွန်နှင့်
ကျန်သူများမှာ ယုံကြည်ချက် အပြည့်ဖြစ်နေကြပြီး
လင်းရီကို မကြောက်မရွံ့
ဖမ်းဆီးခိုင်းနေကြတော့၏။

လင်းရီကတော့ ထိုင်ခုံပေါ်တွင်
သက်တောင့်သက်တာ ထိုင်ရင်း လက်တစ်ဖက်ဖြင့်
ခေါင်းထောက်ထားကာ ဘရောင်းကို
ကြည့်လိုက်သည်။

" မင်း ဒီကိစ္စ အဆင်ပြေအောင်
ဆောင်ရွက်ပေးမယ် မပြောခဲ့ဘူးလား...
အခြေအနေကတော့ ခု မြင်တဲ့ အတိုင်းပဲ.. မင်း

ဘယ်လိုမျိုး ကိုင်တွယ်မလဲ ဆိုတာ
ငါကြည့်စမ်းမယ်... "

ဘရောင်း နဖူးထက်ရှိ ချွေးအေးများကို သုတ်ရင်း
"ဟုတ် ဟုတ်.... ကျွန်တော် သေချာပေါက်
အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမှာပါ...."

ပြောပြီးနောက် ဘရန်ဒွန်တို့ကို စိုက်ကြည့်လိုက်ပြီး
"မင်းတို့သုံးကောင် .. ကိုယ့်နေရာကိုယ်
ပြန်ထိုင်ကြစမ်း... ငါ
တခြားအရင်းအမြစ်တွေကနေ အမှန်တရားကို
စုံစမ်းပြီးသွားပြီ... မှားနေတာက
မင်းတို့ကောင်တွေ ...သူခိုးက

လူပြန်ဟစ်မနေကြနဲ့....

ခုချက်ချင်း  မစ္စတာလင်းကို တောင်းပန်ပြီးတော့

လျော်ကြေးပေးလိုက်..."

"What....!"

ဘရောင်း၏ စကားလုံးများကို ကြားတော့

အစည်းအဝေးခန်းထဲရှိ လူတိုင်း

မူးနောက်သွားခဲ့ကြသည်။

သူတို့အားလုံး ထင်ယောင်ထင်မှား

ဖြစ်နေကြသည်ဟုတောင် ခံစားနေကြရ၏။

"မစ္စတာဘရောင်း.. ခင်များ ဘာတွေ ပြောနေတာ... ကျုပ်တို့က နစ်နာသူတွေလေ... ခင်များ နားလည်လား... နစ်နာသူဆိုတာ မတရားသဖြင့် နှိပ်စက်ခံရသူတွေကို ပြောတာ.... "

"ဒါပေမယ့် ငါသိတာတော့ မင်းတို့ကောင်တွေက ဥပဒေချိုးဖောက်ပြီးတော့ မစ္စတာလင်းရဲ့ဆိုင်ကို ဖျက်ဆီးခဲ့ကြတာ မဟုတ်ဘူးလား... မင်းတို့ အရင်စတာလေ.. ဟုတ်တယ်ဟုတ်...."

"Oh No...!"

ဘရောင်း သူ့လက်နှစ်ဖက်ဖြင့် ခေါင်းကို ကိုင်လိုက်ပြီး အလွန်အမင်း ချဲ့ကားသည့်

အမူအရာဖြင့် "မစ္စတာဘရောင်း... ခုချိန်က
ဒီစကားတွေ ပြောရမယ့် အချိန်မဟုတ်ဘူးလေ...
ကျုပ်တို့က အနိုင်ကျင့်ခံခဲ့ရတာ...
ကျုပ်တို့ဘက်ကနေ ရပ်တည်ပေးရမှာ
မဟုတ်ဘူးလား..."

ဘရန်ဒွန်နှင့် ကျန်သူများ၏ အတွေးကတော့
ရိုးစင်း၏။

'ငါတို့က တစ်နိုင်ငံတည်းသားချင်းတွေ... မင်း
ငါတို့ကို ကူညီပေးရမယ်...'

သာမန် အခြေအနေ အောက်တွင်တော့ ဘရောင်း သူတို့ဘက်က စကားပြောပေးမိမှာ အမှန်ပင်။

သို့သော်လည်း အခြေအနေတို့က သာမန်မဟုတ်။ ယခု သူတို့ရှေ့ထိုင်နေသည့် ဟွာရှန့်မှာ ကျိုးဟိုင်၏ အချက်အချာကျသည့် ထိုင်ခုံနေရာတွင် ထိုင်နေသူတစ်ဦးဖြစ်ပြီး Pfizer နှင့် ပူးပေါင်းဆောင်ရွက်ထားသည့် ပရောဂျက်မှာလည်း မကြာမီ စတင်ပေတော့မည်။

အကယ်၍ ယခုအချိန်တွင် သူ လင်းရီကို မပျော်ရွှင်အောင် လုပ်မိမှာက သူရမည့်

အကျိုးစီးပွားများ အားလုံးမှာ ပြင်းပြင်းထန်ထန် ထိခိုက်သွားနိုင်လေသည်။

အကျိုးစီးပွားကို ဘုရားလို ကိုးကွယ်သည့် အမေရိကားလိုနေရာမျိုးတွင် ကြီးပြင်းခဲ့သူတစ်ယောက်ဖြစ်သည့် အလျောက် ဘရောင်းလည်း သူ၏ အကျိုးစီးပွားကို မည်သည့်နည်းနှင့်မျှ အထိခိုက် မခံနိုင်ချေ။

ထို့ကြောင့် သူ လင်းရီကို ကာကွယ်ပေးရမည် ဖြစ်၏။

"သောက်အဓိပ္ပာယ် မရှိတာတွေ မပြောစမ်းနဲ့..
စီရင်ချက်ချတဲ့ နေရာမှာ မျှတမှုဆိုတာ
အရေးကြီးဆုံးပဲ..
အမေရိကန်နိုင်ငံသားချင်းဖြစ်လို့ဆိုပြီး မင်းတို့ကို
မျက်နှာလိုက်ပေးမယ် ထင်မနေနဲ့... "ဘရောင်းမှ
သူ၏ ရပ်တည်ချက်ကို ပွင့်လင်းစွာ
ဖော်ပြလိုက်၏။

"ဒါဆို ကျုပ်တို့ရဲ့အကျိုးစီးပွားတွေ
အတွက်ကျတော့ကော...."ဘရန်ဒွန်
မေးခွန်းထုတ်လိုက်၏။

"ဒါဆို မစ္စတာလင်းရဲ့ဆုံးရှုံးမှုတွေ အတွက်ကျ ဘယ်သူက တာဝန်ခံမှာ...."

"ဒါက......"ဘရန်ဒွန်နှင့် ကျန်သူများအားလုံး တိတ်ဆိတ်သွားခဲ့ကြ၏။

ထိုအခါ လင်းရီ ပြုံးလိုက်ပြီး "ကြည့်ရသလောက်တော့ မင်းဘက်က ဆုံးဖြတ်ချက်ချပြီးပြီနဲ့ တူတယ်..."

လင်းရီကိုကြည့်ရင်း ဘရောင်း၏ အမူအရာ ပြောင်းသွားကာ "မစ္စတာလင်း ကျေနပ်မှုရှိရဲ့လားဗျ..."

"ကျုပ်အထင်တော့ ဒီကောင်တွေ ဟွာရှမှာ ဆက်ပြီး ပညာသင်ဖို့ အရည်ချင်း မပြည့်မှီဘူး... သက်ဆိုင်ရာ ဌာနတွေကို အကြောင်းကြားပြီးတော့ ထုတ်ပစ်လိုက်တော့.. ဒီကောင်တွေက ဟွာရှမြေမှာ နေဖို့ မထိုက်တန်ဘူး...."

ဘရောင်း မသိမသာ မျက်မှောင်ကြုတ်သွားခဲ့သော်လည်း ဘာမျှ ပြန်မပြောဝံ့ချေ။ သဘောတူရုံသာ တတ်နိုင်သည်။

"နားလည်ပါပြီ.. ကျွန်တော် ဒီကိစ္စ ကျောင်းနဲ့ ဆွေးနွေးဖို့ တစ်စုံတစ်ယောက် စေလွှတ်လိုက်ပါ့မယ်... မစ္စတာလင်း

ဖြစ်စေချင်တဲ့အတိုင်း အမြန်ဆုံး ဆောင်ရွက်ပေးပါ့မယ်..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး ဘရန်ဒွန်နှင့် ကျန်သူများကို ပြုံးပြကာ "မင်းတို့ကောင်တွေကွာ...ငါပြောတာကို အေးဆေးနားထောင်လိုက်ရင် ပြီးနေတာကို ဘာလို့ ဒီလာပြီး ပြဿနာ လာရှာနေတာ... သိပ်မကြာခင် ပြန်ရတော့မှာ ဆိုပေမယ့် သတိထားနေ.. ဟွာရှမှာ သိပ်လုံခြုံတာ မဟုတ်ဘူး...."

သုံးယောက်လုံး ကြောက်ရွံ့တုန်လှုပ်သွားကြ၏။

'ဒါကြီးက ပြောင်တင်းတင်း
ခြိမ်းခြောက်နေတာပဲ...'

"မစ္စတာလင်း.. ကျေးဇူးပြုပြီး ရှင့်လေသံကို
ဆင်ခြင်ပေးပါ.. ကျွန်မတို့ရဲ့ ကျောင်းသားတွေကို
မခြိမ်းခြောက်ပါနဲ့..."ရိုလန်မှ ဝင်ပြောလိုက်၏။

ယခုထိတိုင်အောင် ဘရောင်း
အဘယ်ကြောင့်ယခုလိုတွေ လုပ်နေလဲဆိုတာကို
သူမ နားမလည်နိုင်သေးချေ။

'အားလုံးက အမေရိကန်နိုင်ငံသားတွေပဲလေ..
ဘာလို့ ကိုယ့်လူဘက်က မရပ်တည်ပေးတာ....'

ရိုလန် ထိုသို့ တွေးတောနေသည်ကလည်း သူမ၏ အနေအထားနှင့် အဆင့်တန်းတို့က ခြားနားနေသောကြောင့်ပင်။

ပါတနာအသစ် ပရောဂျက်မှာ သူမအတွက် မည်သည့် အကျိုးအမြတ်မျှ မရှိချေ။ ထို့ကြောင့် တစ်ဖက်သူ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေရန် မလိုအပ်သောကြောင့် သဘာဝအတိုင်း သူမ လူမျိုးများ ဘက်မှ ရပ်တည်ပေးမည်ဖြစ်၏။

"ငါယိုးပဲ.. မင်းရဲ့ အဲ့ဒီစောက် ဘဝင်မြင့်နေတဲ့ လေသံကို သောက်မြင်ကပ်နေတာကြာပြီ...

ဟုတ်တယ်ကွာ... ငါ ခြိမ်းခြောက်နေတယ်..
အဲ့တော့ မင်းဘာဖြစ်ချင်လဲ..
ငါ့ကိုနှင်ထုတ်ချင်နေတာလား..."

ရိုလန်ကြက်သေသေသွားခဲ့၏။

သူမ ထိုမျှ ရိုင်းစိုင်းကြမ်းတမ်းသည့် လူမျိုးကို
မမြင်ဖူးသကဲ့သို့ ယခုလိုမျိုး
အပြောခံရသည်မှာလည်း ပထမဆုံး အကြိမ်ပင်။

"ဆာ... မစ်ရိုလန်က ကျွန်တော်တို့ အမေရိကန်
သံရုံးရဲ့ အရာရှိပါ... ဆာခု လုပ်နေတာက ဥပဒေ
ချိုးဖောက်နေတာနဲ့

အတူတူပါပဲ..."ယူနီဖောင်းဝတ် စစ်သားတစ်ဦးမှ ဝင်ပြောလိုက်၏။

"ဥပဒေ ချိုးဖောက်တယ်... မင်းတို့ သံအမတ်ကြီး ကိုယ်တိုင်ကတောင် ချိုချိုသာသာနဲ့ ပြောနေတာကို မင်းက ဘာကောင်မို့လို့ ဒီလေသံနဲ့ လာပြောနေတာ....."

ထိုသို့ပြောပြီးနောက် လင်းရီ ထွက်ခွာသွားခဲ့၏။ မည်သူကမျှ သူ၏ ခြေလှမ်းများကို မဟန့်တားနိုင်ချေ။

အစည်းအဝေး ခန်းထဲတွင်တော့ ဘရန်ဒွန်နှင့် ကျန်သူများအားလုံး ထိုင်ခုံပေါ်သို့ အားလျော့စွာဖြင့် ထိုင်ချလိုက်ကြသည်။ သူတို့၏ မျက်နှာမှာလည်း ဖြူလျော်နေကြလေသည်။

တစ်ဖက်သူမှာ သူတို့ကို မကြောက်ရွံ့သည့်အပြင် ထင်ရာစိုင်းပြသွားခဲ့၏။ယခုလို ရလဒ်မျိုး ထွက်ပေါ်လာလိမ့်မည်လို့ ဘယ်တုန်းကမျှ မျှော်လင့်မထားခဲ့ချေ။

"ကြားတဲ့အတိုင်းပဲ... ပြန်ရောက်ရင် မင်းတို့ကောင်တွေ တောင်းပန်ကြောင်း အစီရင်ခံစာ ရေးထားကြ..."ဘရောင်းပြောလိုက်ပြီး " နိုင်ငံ

ပြန်ပို့မယ့် ကိစ္စကျ လုပ်ထုံးလုပ်နည်း တစ်ချို့ လိုအပ်သေးတယ်တော့ ရက်အနည်းငယ် ကြာဦးမယ်... ဆိုတော့ ပြန်ပြီး ပြင်ဆင်စရာ ရှိတာ ပြင်ဆင်ထားကြ...."

"တကယ်ကြီး ဆွေးနွေးဖို့ အခန်းကဏ္ဍမရှိတော့ဘူးလား..."

"မရှိတော့ဘူး...ဒါပေမယ့် မင်းတို့ကောင်တွေ စိတ်ချလက်ချ အိပ်လို့ရတယ်.. မစ္စတာလင်းက မင်းတို့ကို အရေးတယူ လုပ်နေမှာ မဟုတ်ဘူး... နောက် လေးငါးရက်လောက်အထိတော့

မင်းတို့ကောင်တွေရဲ့ဘေးကင်းလုံခြုံရေးကို ငါ အပြည့်အဝ အာမခံပေးနိုင်တယ်... "

ယခုလို ဖြစ်ပျက်ရခြင်းမှာ ၎င်းတို့ အပြစ်မပြုသင့်သည့် ပုဂ္ဂိုလ်ကို အပြစ်ပြုမိသောကြောင့်ဟုတော့ မရှင်းပြခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ယုံကြည်ချက်များကို ဘရောင်း ရိုက်မချိုးပစ်ချင်သောကြောင့်ပင်။

ဟွာရှကို မဆိုထားဘိ။ အမေရိကား၌ပင် ယခုလို ရောမ အကျိုးအမြတ်ရှေ့တွင်တော့ မည်သူကမျှ

၎င်းတို့ကိုယ်စား ရပ်တည်ပေးလိမ့်မည် မဟုတ်ချေ။

"ငါရှိုးပဲကွာ.. သွားဆိုလည်း သွားတာပေါ့..."

ကျိန်ဆဲပြီးနောက် ဘရန်ဒွန်နှင့် ကျန်သူများမှ ဒေါသထွက်စွာဖြင့် ထွက်ခွာသွားကြလေသည်။

"ဘရန်ဒွန် .. ခု ဘယ်လိုလုပ်ကြမလဲ... ဒီပုံစံအတိုင်းဆို သံရုံးကလည်း ဝင်ပါမယ့်ပုံ မပေါ်ဘူး..."ဇက်ချ် ပြောလိုက်၏။

"မပူနဲ့.. ငါကလည်း လွယ်လွယ်နဲ့ လက်လျှော့မယ့်ကောင် မဟုတ်ဘူး... ဒီကောင်

သေချာပေါက် တန်ကြေးတစ်ခုတော့
ပြန်ပေးဆပ်ရမယ်..."ဘရန်ဒွန် အံကြိတ်ရင်း
ပြောလိုက်ပြီး "ငါတို့လို ကြီးမြတ်တဲ့
အမေရိကားသားတွေက ဘာကိစ္စ
ဒီဟွာရှန့်ကောင်ရဲ့ အနိုင်ကျင့်တာကို ခံရမှာလဲ... "

"ဒါပေမယ့် ငါတို့က ဘာတတ်နိုင်ဦးမှာမို့လို့..."

"အဲ့ကောင် ငါတို့ကို ဟွာရှကနေ
နှင်ထုတ်မယ်မလား... ငါတို့ အမေရိကားကို
မပြန်ခင် အဲ့ကောင်ရဲ့ဆိုင်ကို
ပြာချပစ်ခဲ့မယ်..."ဘရန်ဒွန် ပြောလိုက်ပြီး
"ဟွာရှစကားနဲ့ ပြောကြေးဆို လုပ်မိရင်

တဆုံးထိသွား… သူတို့ လက်သည်ကို

ရှာတွေ့သွားတဲ့ အချိန်ကျရင် ငါတို့ကောင်တွေ

အမေရိကားကို ပြန်ရောက်နေလောက်ပြီ…

အမေရိကားရဲ့ဥပဒေအရဆို ငါတို့လို

လူငယ်တွေအတွက် အပြည့်အဝ

ကာကွယ်ပေးပြီးသားပဲ…အလွန်ဆုံးရှိလှ

လူငယ်ထိန်းသိမ်းရေး စခန်းကို

အလည်သွားရုံပေါ့…. ဘရောင်းလိုမျိုးတော့

ဖိနပ်လျက်ပြီး ကြောက်ပြနေမှာ မဟုတ်ဘူး….. “

**အခန်း (၆၄၃)**

**ကမ္ဘာကြီးကား လှပ၏။ သို့သော် အကျွန်ုပ် ရင်ဘက်ထဲတွင်တော့ ဝမ်းနည်းမှုတို့သာ ပြည့်နှက်နေသည်။**

လင်းရီ ဆိုင်သို့ ပြန်ရောက်လာသောအခါ မနက်ခင်းပိုင်း ထမင်းစားချိန်ကိုတောင်မှ ကျော်လွန်သွားပြီဖြစ်၏။

ထို့ပြင် သူ့ဆိုင်အဝ၌ ဂျုတ်ဖာပုံးအများအပြားကို မြင်လိုက်ရတော့ လင်းရီ အံ့အားသင့်သွားခဲ့သည်။

အဆိုပါ ဂျုတ်ဖာပုံးများပေါ်တွင် စွန့်ပစ်ပစ္စည်းများအတွက် မတူညီသည့်

ခေါင်းစဉ်အသီးသီးကိုလည်း
ရေးသားထားလေသည်။

လင်းရီ အဆိုပါ ဂျတ်ဖာပုံးများကို
ဖွင့်ကြည့်လိုက်၏။ အချို့ဂျတ်ဖာပုံးများထဲတွင်
ပလတ်စတစ်ဘူးခွံများ ၊ စာအုပ်အဟောင်းများ နှင့်
သတင်းစာစက္ကူများ ရှိနေပြီး
အချို့ပုံးများထဲတွင်တော့ အင်္ကျီအစုတ်များ
ထည့်ထားလေသည်။ သို့သော်လည်း ပြန်လည်
ဝတ်ဆင်ရန် အဆင်ပြေနေဆဲပင်။

လင်းရီ မေးစေ့ပွတ်ရင်း စဉ်းစားကြည့်လိုက်၏။
ကျီချင်းရန်မှလွဲ၍ သူ၏ ဆိုင်ပေါက်ဝတွင် ယခုလို

ပစ္စည်းများ လာထားဝံ့သည့် သတ္တိရှိလိမ့်မည် မဟုတ်ချေ။

ထိုအကြောင်းတွေးတောရင်း လင်းရီ သူမထံ ဖုန်းခေါ် ကြည့်လိုက်လေသည်။

"ချင်းရန် ... မင်း ဆိုင်ရှေ့မှာ ဂျတ်ဖာပုံးတွေ လာချထားသေးလား..."

"အွန်း အွန်း .. ငါ တစ်ယောက်ယောက်ကို ပို့ခိုင်းထားတာလေ..အဲ့လိုဆို သူတို့လည်း ပစ္စည်းတွေ အများကြီး ရတာပေါ့... "ကျီချင်းရန်

ပြောလိုက်ပြီး "ငါ ဒီနေ့ အလုပ်သိပ်မများဘူး.. ခနနေကျ လာခဲ့မယ်...."

"အိုကေလေ..."

နေ့လည်ပိုင်းတွင် လူမကျသောကြောင့် လင်းရီ ဆိုင်ထဲတွင် တောင်တွေး မြောက်တွေးဖြင့် အချိန်ဖြုန်းနေသည်။

သူ နေ့တိုင်း ဒီလိုမျိုးပဲ သွားနေမယ်ဆိုရင် စနစ်ရဲ့ အန္တိမ မစ်ရှင်က ဘယ်အချိန်ကျမှ ရောက်လာခဲ့မှာ...

မွန်းလွဲပိုင်းတွင်တော့ လင်းရီ အလုပ်များနေစဉ် ကျီချင်းရန် ရောက်လာခဲ့၏။

"ရီ .. မြန်မြန်လာဦး.. ဒီမှာ ငါတို့ ပစ္စည်းတွေ အများကြီး ရထားတယ်.. အကုန်လုံး စုရောင်းလိုက်ရင် ယွမ် တစ်ရာလောက်တော့ ရမယ်ထင်တာပဲ...."

လင်းရီ ပျော်မြူးနေသည့် ကျီချင်းရန်ကို ကြည့်ရင်း ငိုရအခက် ရယ်ရအခက် ဖြစ်သွားခဲ့၏။

"ဘယ်ကတ္တူတွေက အဲ့လောက်

တန်ဖိုးကြီးသွားတာ... ပြောစမ်းပါဦး... ငါလည်း

အဲ့တာတွေ သွားကောက်ချင်လို့...."

"ဟင်.. ဒီလောက် အများကြီးကိုတောင်မှ ယွမ်

၁၀၀ မရနိုင်ဘူးပေါ့...."

"အများဆုံးရ ယွမ် ၂၀ပဲ..."

"မဖြစ်နိုင်တာ.. အဲ့လောက်

နည်းနည်းလေးတည်းလား...."

"ဒါတွေက တန်ကြေး ဘယ်လောက်ရှိမှာမို့လို့...

မင်း ခြေအိတ်တစ်စုံတောင် ဝယ်လို့ မရဘူး..."

ကျီချင်းရန် လင်းရီနောက်သို့ လိုက်ရင်း မီးဖိုချောင်ထဲသို့ ရောက်လာကာ ဝမ်းနည်းနေသည့် လေသံဖြင့် " ဒါဆို သူတို့ရဲ့တစ်နေ့ ဝင်ငွေက ယွမ် တစ်ရာတောင် မရှိဘူးပေါ့နော်..."

"ဘယ်ပြောတတ်မှာ.. တကယ်လို့ ကြင်နာတတ်တဲ့သူတွေနဲ့ တွေ့ရင် ပိုရတာမျိုးလည်း ဖြစ်နိုင်တာပဲလေ...."

"ဒါပေမယ့် ယွမ်တစ်ရာဖိုး ရောင်းရတယ်ထားဦး... ကျိုးဟိုင်လို နေရာမျိုးမှာ ရှင်သန်နိုင်ဖို့ ဆိုတာ တကယ်မလွယ်ဘူး..."

"ပြောပြီးပြီလေ... အဲ့ဒါက လောကနိယာမပဲလို့...
တစ်ချို့ကိစ္စတွေက ငါတို့ ကူညီလို့ မရဘူး..."

"ဒါဆို ငါ တုန်းတုန်းကို ကျောင်းထားပေးပြီး သူတို့
နှစ်ယောက် နေဖို့ အိမ်တစ်လုံး
ပေးလိုက်မယ်ဆိုရင်ကော ... "

လင်းရီ ကျီချင်းရန်၏ ချစ်စဖွယ်မျက်နှာကို
ဖျစ်ညစ်လိုက်ပြီး "ကူညီပေးတာကတော့
ကောင်းပါတယ်... ဒါပေမယ့် ပြဿနာက မင်း
ဒီထက်ပိုပြီး ရှင်းရှင်းလင်းလင်း မြင်နိုင်ဖို့
လိုတယ်..."လင်းရီ ပြောလိုက်ပြီး "မင်းထင်နေတာ
တုန်းတုန်းတို့ မြေးအဘွားတွေရဲ့ဘဝက

အရမ်းသနားစရာ ကောင်းတယ်လို့
ထင်နေတာမလား... ဒါပေမယ့် စစ်မှန်တဲ့
လောကကြီးမှာ သူတို့ထက်ပိုဆိုးရွားနေတဲ့သူတွေ
အများကြီး ရှိသေးတယ်... ငါတို့တွေ
ဘယ်လောက်ပဲ ချမ်းသာနေပါစေ လူတိုင်းကိုတော့
ကူညီပေးလို့ မရဘူးလေ..."

"မကြီး..."

လင်းရီနှင့် ကျီချင်းရန်တို့ စကားပြောနေစဉ်တွင်
အပြင်ဘက် တံခါးဝမှ ခေါင်းလုံးလုံးလေးတစ်ခုမှာ
ပြူထွက်လာခဲ့၏။

ကျီချင်းရန် မီးဖိုချောင်ထဲမှ ထွက်လာခဲ့သောအခါ ဝမ်တုန်းတုန်းဖြစ်နေကြောင်း တွေ့လိုက်ရ၏။

"တုန်းတုန်းတောင် ရောက်လာပြီကိုး..."

ဝမ်တုန်းတုန်းကို မြင်တော့ ကျီချင်းရန် သူ့ကို အထဲသို့ ခေါ်လိုက်သည်။

"တစ်ယောက်တည်းလား.. အဘွားကော..."

"အဘွားက ကျောင်းမှာ ရေဘူးခွံတွေ ကောက်နေတာလေ... ပြီးမှ လိုက်လာခဲ့မယ်တဲ့...."

"သွားစို့..  ဒီမမက နင့်ကို မီးဖိုချောင်ထဲမှာ အရသာရှိတာတွေ စားဖို့ ခေါ်သွားပေးမယ်.  "

"ဟီးဟီး..."

ဝမ်တုန်းတုန်း ဖြူစင်စွာ ပြုံးလိုက်ပြီး "မကြီး.. သား ဗိုက်မဆာသေးဘူး...သား မကြီးကို ပေးစရာရှိလို့..."

"အမ်... ဘာလဲ ပေးမှာ..."

ဝမ်တုန်းတုန်း စိတ်လှုပ်ရှားစွာဖြင့် သူ့အိတ်ကပ်ထဲမှ ပန်းသီးနှစ်လုံး ထုတ်ယူလိုက်ပြီး "သားတို့ ခုနလေးတင် ကတ္တူတွေ ရောင်းခဲ့တာလေ..

လမ်းမှာ ပန်းသီးတွေ ရောင်းနေတာတွေ့တော့
အဘွားက ဝယ်ပြီး မကြီးတို့ကို
ပေးခိုင်းလိုက်တာ..."

အနီပန်းသီးလေးများကား မကြီးမားပေ။
သူ့လက်သီးဆုပ်လေးများထက်ပင်
သေးငယ်နေပါသေးသည်။

စူပါမားကတ်သို့ မကြာခဏ
ဈေးဝယ်ထွက်လေ့ရှိသည့်
ကျီချင်းရန်အတွက်တော့ ယင်းပန်းသီးများက
ဈေးအပေါဆုံးဖြစ်ကြောင်း ပြောနိုင်လေသည်။

သို့သော်လည်း အဆိုပါ ပန်းသီးနှစ်လုံးကို ကြည့်ရင်း သူမရင်ထဲ၌ ၎င်းတို့က အဖိုးမဖြတ်နိုင်သည့် ပန်းသီးလေးများအလား ခံစားလိုက်ရ၏။

"ကလေး.. နင်ကိုယ့်ဘာကိုယ်ပဲ သိမ်းထားလိုက်နော်..."ကျီချင်းရန် မျက်ရည်များဆည်ရင်း ပြောလိုက်ပြီး "မမက...."

ကျီချင်းရန် စကားမဆုံးမီ သူမ ပခုံးများ တင်းကျပ်သွားကြောင်း ခံစားလိုက်ရ၏။ လင်းရှီသူမကို လာဖက်ပြီး ဆက်ပြောမည့် စကားလုံးများကို ရပ်တန့်သွားစေသည်။

လင်းရီ ပန်းသီး နှစ်လုံးကို ယူလိုက်ပြီး
တစ်ကိုက်ကိုက်လိုက်၏။

"အင်း အတော်လေးချိုတယ်.. စားကြည့်ကြည့်..."

ထိုအခါမှသာ ကျီချင်းရန် လင်းရီ၏ ဆိုလိုရင်းကို
နားလည်သွားခဲ့လေသည်။ သူမလည်း
သေးသေးလေး တစ်ကိုက် ကိုက်လိုက်၏။

သွားကျိန်းမတက် ချဉ်စူးသည့် အရသာမှာ
ထွက်ပေါ်လာပြီး မျိုချရန်ပင် ခဲယဉ်းလွန်းလှသည်။

"အွန်း ကောင်းတယ်နော်... ဟိုအရင်တစ်ခါ ဝယ်လာခဲ့တာထက်တောင် ကောင်းသေးတယ်...."

"ဟီးဟီး...."

ဝမ်တုန်းတုန်း ပျော်ရွှင်စွာ ရယ်မောလိုက်၏။ သို့သော်လည်း တစ်ခွန်းမျှတော့ ပြန်မပြောချေ။ ထိုသို့ ရယ်မောနေရင်း သူ၏ မျက်ဝန်းများက ကျေနပ်အားရ ပျော်ရွှင်မှုတို့ဖြင့် ပြည့်နှက်နေလေသည်။

ဝမ်တုန်းတုန်း ပျော်မြူးနေသည်ကို မြင်တော့ ကျီချင်းရန်လည်း ပြုံးလိုက်၏။

သို့သော် သူမ နှလုံးသားကတော့ ပန်းသီးထက်ပင် ချဉ်စူးနေခဲ့သည်။

'မိုးနတ်မင်းကြီး .. အလိုရမ္မက် နည်းနည်းလေးတောင် မရှိတဲ့ ကလေးက ဘာလို့ ဒီလိုခါးသီးမှုတွေကို တွေ့ကြုံနေရတာလဲဟင်...'

သူမ ကျန်သည့် ပန်းသီးလေးကို အိတ်ထဲသို့ ထည့်လိုက်၏။

ထို့နောက် ကိုယ်ကို ကိုင်းကာ ဝမ်တုန်းတုန်း၏ ခေါင်းကို ခပ်ဖွဖွ ပွတ်လိုက်ပြီး "သွားစို့.. မမက နင့်ကို ပစ္စည်းကောင်းတွေ လိုက်ပြပေးမယ်.... "

"ဘယ်လို ပစ္စည်းကောင်းလဲ....."

"မမက တုန်းတုန်း အတွက် ပစ္စည်းတွေ စုထားပေးတယ်လေ... ခနနေကျရင် တူတူသွားရောင်းကြမယ်...."

"ဝါး... ဒါတွေအကုန်လုံးက သားကို ပေးမှာပေါ့နော်.... "

ဝမ်တုန်းတုန်း မျက်ဝန်းတို့ ပြူးကျယ်နေကာ ဝမ်းသာ ပျော်ရွှင်မှုတို့ ချုပ်ထိန်းမရတော့ချေ။

သူ၏ မျက်လုံးထဲတွင်တော့ ပလတ်စတစ်ဘူးများနှင့် သတင်းစာစက္ကူများက

ပိုက်ဆံများပင်။ ကမ္ဘာပေါ်ရှိ
မည်သည့်အရာအားလုံးထက်ပင်
တန်ကြေးရှိလေသည်။

"ဒါပေါ့.. သွားစို့.. မမနင့်ကို ကြည့်ဖို့
ခေါ်သွားပေးမယ်... "

"ငါလည်း သိမ်းကူပေးမယ်..."

လင်းရီ ဆိုင်ပိတ်လိုက်ပြီး ဝမ်တုန်းတုန်းကို ကူညီ၍
သူစုစည်းထားသည့် စွန့်ပစ်ပစ္စည်းများကို
အိတ်ထဲသို့ ကူထည့်ပေးလိုက်၏။ အားလုံး

ထည့်ပြီးသောအခါ ရောမအိတ်ကြီးနှင့် နှစ်လုံး အပြည့်ဖြစ်သွားလေသည်။

"ငါ့ကားယူသွားလိုက်လေ... နင့်ကားက ထိုင်ခုံနှစ်ခုထဲရှိတာ... ဒီပစ္စည်းတွေ သယ်ဖို့ဆို လွယ်မှာ မဟုတ်ဘူး..."
ဝမ်တုန်းတုန်း တစ်ယောက်တည်း သယ်သွားပါက ခေါက်တုံ့ခေါက်ပြန် သယ်ရမည် ဖြစ်သောကြောင့် လင်းရီကားနှင့် ကူသယ်ပေးရန် ဆုံးဖြတ်လိုက်၏။

"အင်း..."

လင်းရှိန္နင့် ကျီချင်းရန်တို့ စွန့်ပစ်ပစ္စည်းများ ထည့်ထားသည့် အိတ်နှစ်လုံးကို မာစီးတီးထဲသို့ ထည့်လိုက်ကြသည်။

၎င်းကို ဖြတ်သွားဖြတ်လာများ မြင်တော့ ရှော့ခ်ရသွားခဲ့ကြ၏။

ဒီလူတွေက မာစီးတီးနဲ့ ကတ္တူ သွားရောင်းကြမလို့တဲ့လားဟ...

တကယ်ပါပဲ.. ချမ်းသာတဲ့သူတွေရဲ့ အတွေးကိုတော့ ငါ လိုက်မမှီတော့ဘူး....

ကျီချင်းရန်၏ ကားထဲတွင် ထိုင်နေရင်း ဝမ်တုန်းတုန်း ကျောက်ရုပ်ကဲ့သို့ ဖြစ်နေကာ တစ်ခုခု ပွန်းပဲ့ထိခိုက်သွားမည်ကို စိုးရွံ့နေရှာသည်။

"ဘာလို့ အဲ့လောက်ထိ စိတ်လှုပ်ရှားနေတာ..."ကျီချင်းရန် ပြောလိုက်၏။

"သား ဒီလိုကားမျိုး စီးဖူးတာ ပထမဆုံးပဲ...တစ်ခုခု ဖျက်ဆီးမိမှာ ကြောက်လို့... "

"အဆင်ပြေပါတယ်... ဒါက မင်း မမရဲ့ကားလေ... ပုံမှန်အတိုင်းပဲနေ.. မဟုတ်ရင် မမ စိတ်မကောင်း ဖြစ်မိလိမ့်မယ်...."

"ဟုတ်ကဲ့ မကြီး..."

ဝမ်တုန်းတုန်း၏ ဦးဆောင်လမ်းပြမှုအောက်တွင် လင်းရှိ ရပ်ကွက်ဟောင်းလေး တစ်ခုစီသို့ ရောက်ရှိလာလေသည်။ ရပ်ကွက်၏ အတွင်းဘက်အကျဆုံးပိုင်းတွင်တော့ တံခါးဖွင့်ထားသည့် ဂိုဒေါင်တစ်ခု ရှိ၏။

စွန့်ပစ်အမှိုက်များကို သိမ်းဆည်းသည့် နေရာပင်။ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးမှ အပေါက်ဝတွင် ကတ္တူများကို သေချာထုပ်ပိုးရင်း ထရပ်ပေါ်သို့ တင်နေကြလေသည်။

မာစီးတီး ရောက်လာသည်ကို မြင်တော့ အမျိုးသားနှင့် အမျိုးသမီးမှာ ၎င်းတို့ လုပ်နေသည့် အလုပ်များကို ရပ်တန့်လိုက်ကြ၏။ ယခုလို ကားအကောင်းစားကြီးက ဘာလုပ်ဖို့ ရောက်လာလဲဆိုတာ သူတို့ မသိချေ။

"ဦးကြီးလီ... သားတို့ ကတ္တူလာရောင်းတာ...."

ကားရပ်ပြီးနောက် ဝမ်တုန်းတုန်း အရင်ပြေးထွက်သွားခဲ့သည်။ သူနှင့်အတူ အိတ်ကြီး နှစ်အိတ်ကိုပင် ဆွဲထုတ်သွားခဲ့၏။

"ကားနဲ့ ရောက်လာပြီး ကတ္တူလာရောင်းတယ်ပေါ့.. ရောင်းရတဲ့ ငွေက သူတို့ ဆီဖိုးတောင် ပြန်ရပါ့မလားဟ..."

ဝမ်တုန်းတုန်း အနည်းငယ် မလွယ်ကူသည့် ပုံစံ ပေါက်နေပြီး "ကိုကြီးနဲ့ မကြီးက ခေါ်လာခဲ့ပေးတာလေ..."

"သူဌေး.. ကျွန်မတို့ကို ဒါဘယ်လောက် ပေးမလဲ တစ်ချက်တွက်ပေးဦး..."ကျီချင်းရန် ကားထဲမှ ထွက်လာပြီး ပြောလိုက်၏။

ဦးကြီးလီဆိုသူမှာ ကျီချင်းရန်ကို မြင်တော့ မျက်နှာ နီရဲသွားခဲ့၏။ အသက်ရှင်လာသည့် သက်တမ်းတစ်လျှောက် ယခုလို လှပသည့် မိန်းကလေးမျိုးမှ သူ့အား စကားလာပြောသည်ကို ပထမဆုံးအကြိမ် ကြုံဖူးခြင်းပင်။

"ကျုပ်လည်း တုန်းတုန်းနဲ့ သိတယ်.. သူ နေ့တိုင်း လာရောင်းနေကြ.. ဆိုတော့ မချိန်ကြည့်တော့ဘူး... ဒီတိုင်း ၂၅ ယွမ်ပဲ ပေးလိုက်မယ်.. အဆင်ပြေလား..."

လင်းရှီ၏ အမြင်တွင်တော့ ယခု ပစ္စည်းများကား ယွမ် ၂၀ ရလျှင်ပင် လုံလောက်နေပြီး ဖြစ်၏။

တစ်ဖက်သူမှ ၂၅ ယွမ် ကမ်းလှမ်းလာသည့်အတွက် ငြင်းဆိုရန် အကြောင်း မရှိချေ။

"တုန်းတုန်း.. နင် ဘယ်လိုထင်လဲ..."ကျီချင်းရန် မေးလိုက်၏။

"အွန်း ကောင်းတယ်.. အရမ်းတောင် များနေပြီ..."

ဦးလေးလီဆိုသူမှာ သူ၏ အိတ်ကပ်ထဲမှ ဟောင်းနွမ်းသည့် ယွမ်တန် ၂၅ ယွမ်ကို ထုတ်ယူလိုက်ပြီး ဝမ်တုန်းတုန်းကို ကမ်းပေးလိုက်၏။

"ဦးကြီးလီ.. ဒေါ်ကြီးဝမ်.. သား သွားပြီနော..."

"ရှိ သွားကြစို့.. ဟိုကောင်စုတ်လေးတောင် ကားထဲ ရောက်နေပြီ..."

"ဟီးဟီး...."

သုံးယောက်သား ကားထဲသို့ ဝင်လိုက်ကြပြီး ဆိုင်သို့ ပြန်လာခဲ့ကြလေသည်။

ကျီချင်းရန် ဝမ်တုန်းတုန်း၏ ခေါင်းကို ပွတ်သပ်ပေးလိုက်ပြီး "ဗိုက်ဆာနေပြီလား.. ဆာရင် နင့်အစ်ကိုကြီးကို တစ်ခုခု လုပ်ခိုင်းလိုက်လေ..."

"မဆာပါဘူးဗျ.. သား ကျောင်းပြန်သွားပြီး
အဘွားကို သတင်းကောင်း ပြန်ပြောပြရမယ်...."

"အဲ့တာဆို ခဏစောင့်..."

ကျီချင်းရန် မီးဖိုချောင်ထဲသို့ ဝင်သွားခဲ့ပြီး
ဝက်ပေါင်ခြောက်နှင့် အသီးတစ်ချို့ ယူလာခဲ့ကာ
ဝမ်တုန်းတုန်း လက်ထဲ ထည့်ပေးလိုက်ပြီး "လမ်းမှာ
ဗိုက်ဆာရင် စားဖို့ ယူသွားလိုက်..."

"မင်း အစ်ကိုကြီးနဲ့ မမက ဆိုင်မှာ စောင့်နေမယ်..
အဘွားကော ခေါ်လာပြီး ဒီည ညစာလာစားနော်..."

"ဟုတ် ကိုကြီးနဲ့ မကြီးတို့ ကျေးဇူးပါဗျ...."

နှစ်ယောက်ကို အရိုအသေ ပေးပြီးနောက် ဝမ်းတုန်းတုန်း စိတ်လှုပ်ရှားစွာဖြင့် အပြင်သို့ ထွက်ခွာ သွားခဲ့လေသည်။

သူ့အတွက်တော့ အပေါင်းအသင်းများက ပဓာန မဟုတ်ပဲ ၂၅ ယွမ်ကို လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်လျက် သူ၏ အဘွားထံ အပြေး အပ်ချင်နေတော့သည်။

ဆိုင်သို့ ပြန်ရောက်ပြီးနောက် ကျီချင်းရန် ပြန်လည် အသုံးပြုနိုင်သည့် ပစ္စည်းများရှိပါက ဆိုင်တွင်

ယူလာပေးရန် ဆိုင်းဘုတ်တစ်ခု
ရေးထားလိုက်သည်။

အနီးရှိ တက္ကသိုလ်ကျောင်းသားများမှ ပြန်လည်
အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများကို
ဂျုတ်ဖာပုံးများထဲသို့ ထည့်ပေးနိုင်ပြီး
မြေးအဘွားနှစ်ယောက်ကို တတ်နိုင်သမျှ
ကူညီပေးဖို့ရာ မျှော်လင့်နေမိလေသည်။

ည ဆယ်နာရီ ဝန်းကျင်သို့ ရောက်သောအခါ
ဆိုင်ထဲ၌ ကတ်စတန်မာများ အလာကျဲသွားပြီး
အမယ်အိုကြီးနှင့် ဝမ်တုန်းတုန်းတို့
တိတ်ဆိတ်စွာဖြင့် အပြင်မှ ရောက်လာလေသည်။

"တူမလေး.. ဆိုင်ထဲမှာ ညှော့်သည်တွေ မရှိတော့ဘူးမလား..."

"ရှိလည်း ဘာဖြစ်တုန်း အဘွားရဲ့.. လာခဲ့ လာခဲ့.."

ဆိုင်သို့ နောက်တစ်ကြိမ် ပြန်လာသည့် အချိန်တွင်တော့ မြေးအဘွား နှစ်ယောက်မှာ ပထမ တစ်ကြိမ်ကကဲ့သို့ သူစိမ်းဆန်မနေတော့ချေ။

ထိုအချင်းအရာက ဝမ်တုန်းတုန်း အတွက် ပြောလျှင် ပိုမှန်ပေမည်။ လင်းရီတို့နှင့် ရင်းနှီးနေပြီး စကားပြောဆိုရာတွင်လည်း ယခင်ကကဲ့သို့ ကြောက်တတ် ရှက်ရွံ့မနေတော့ချေ။

"မကြီး .. လာလာ ..."

ဝမ်တုန်းတုန်း တံခါးဝ၌ ရပ်နေပြီး ကျီချင်းရန်၏ လက်ကို ဆန်းကြယ်သည့် အပြုံးဖြင့် ဆွဲလိုက်၏။

"ဘာလဲ... မမကို လျှို့ဝှက်ချက်တွေ ပြောပြချင်နေလို့လား..."ကျီချင်းရန် အပြုံးလေးဖြင့် မေးလိုက်၏။

"အိုက်ယား.. မကြီးကလည်း မြန်မြန်လာခဲ့ပါဆိုနေ....."

" မင်း ကောင်စုတ်လေးကတော့ .. ငယ်ငယ်လေး ရှိသေးတာ ငါ့ကောင်မလေးကို ကလူကျီစယ်ချင်နေပြီပေါ့...."လင်းရီ ပြုံးလိုက်၏။

"ကလေးကို ခြောက်လန့်မနေနဲ့.. သွား .. ထမင်းသွားချက်တော့..."

ဝမ်တုန်းတုန်းမှ အလှမ်းမဝေးသည့် တစ်နေရာ၌ ရပ်နေပြီး ကျီချင်းရန်ကို ပြုံးလျက်ကြည့်ကာ သူ၏ လက်ချောင်းများကို ရှက်ရွံ့စွာဖြင့် ပူးကပ်တွန့်လိမ်လိုက်ပြီး "မကြီး.. မြန်မြန်လာခဲ့လို့..."

ကျီချင်းရန် ဝမ်တုန်းတုန်းထံ လျှောက်သွားလိုက်ပြီး အရပ်တန်းတူ ဖြစ်အောင် ထိုင်လိုက်ကာ "မမကို ဘာလို့ဝှက်ချက်တွေ ပြောပြမလို့..."

ဝမ်တုန်းတုန်း လင်းရီ တစ်ချက်ခိုးကြည့်လိုက်ပြီး တစ်ဖက်သို့လှည့်ကာ လင်းရီ၏ မြင်ကွင်းကို ပိတ်ဆို့ထားလိုက်၏။

"မကြီး.. မျက်လုံးမှိတ်လိုက်...."

"အိုကေ.. မှိတ်ထားပြီနော်...."

ဝမ်တုန်းတုန်း သူ့အိတ်ကပ်ထဲသို့
လှန်လှောရှာဖွေရင်း အချိန်အတော်ကြာပြီးနောက်
"မကြီး ဖွင့်ကြည့်လိုက်တော့..."

သူမ ဖွင့်ကြည့်လိုက်သောအခါ ဝမ်တုန်းတုန်း
လက်ထဲ၌ တုတ်ထိုးချိုချဉ်တစ်လုံး
ကိုင်ထားသည်ကို မြင်တွေ့လိုက်ရ၏။

"ဒါက မကြီးကို သားက ပေးတာ..."

ကျိချင်းရန် ထိုသကြားလုံးလေးကို
လက်ခံလိုက်တော့ ဝမ်တုန်းတုန်း မျက်နှာထက်၌
ပျော်ရွှင်မှုတို့ဖြင့် ပြည့်နှက်သွားခဲ့လေသည်။

"တကယ်ကြီး မမကို ပေးတာလား..."

"အွန်း အွန်း..." မယုံမှာစိုးသည့်အတွက် ဝမ်တုန်းတုန်း လေးပင်စွာ ခေါင်းညိမ့်ပြလိုက်၏။

"ဒါဆို ဘာလို့ သကြားလုံး ပေးတာ...."

"သားတို့ ဒီနေ့ ဘတ်စကတ်ဘောကွင်းမှာ ရေဘူးခွံတွေ ကောက်တုန်းက ကိုကြီးတစ်ယောက်က ချိုချဥ်ဝယ်ပြီး တခြား မကြီး တစ်ယောက်ကို ပေးလိုက်တယ်လေ.. အဲ့ဒီ မကြီးလည်း ချိုချဥ်စားပြီးတော့ ပျော်သွားရော...

ဒါကြောင့်မို့ သားလည်း မကြီးကို
ချိုချဉ်ဝယ်လာပေးတာ... "

ကြီးချင်းရန် ဝမ်တုန်းတုန်းကို ကြည့်ရင်း ငိုရအခက်
ရယ်ရအခက် ဖြစ်နေလေသည်။

သူမမှာ အသက် နှစ်ဆယ်ကျော်နေပြီး
ဖြစ်သော်လည်း အနှီကောင်ငယ်လေးက သူမအား
ပရောပရည် လုပ်နေသည်ဆိုတော့
ကြီးပြင်းလာသည့် အချိန်၌ မည်သို့
ဖြစ်လိမ့်မည်နည်း။

**အခန်း (၆၄၄)**

**လူ့လောကကြီးက ခါးသီးလွန်းပါတယ်ကွယ်...**

**အဘွားနောက်တစ်ကြိမ် ထပ်မလာပါရစေနဲ့...**

တုတ်ထိုးချိုချဉ်လေးမှာ အဖိုးမထိုက်သော်လည်း

ကျီချင်းရန် ရင်ထဲတွင်တော့

ဝမ်းသာကြည်နူးမှုတို့ဖြင့် ပြည့်နှက်သွားခဲ့သည်။

ပန်းသီး၊ တုတ်ထိုးချိုချဉ် အစရှိသဖြင့်

လက်ဆောင်သေးသေးလေးများ တစ်ခုပြီးတစ်ခု

ရောက်လာပြီး လင်းရီ စနောက်သည်ထက်ပင် ပို၍

စိတ်ဝင်စားဖို့ ကောင်းနေတော့၏။

များမကြာမီ လင်းရီ ဟင်းနှစ်ပွဲ၊
ခေါက်ဆွဲနှစ်ပန်းကန်ဖြင့် မီးဖိုချောင်ထဲမှ
ထွက်လာခဲ့သည်။

တစ်ချိန်လုံး ဥထမင်းကြော်စားရင်း ငြီးငွေ့နေမှာ
စိုးသောကြောင့် အပြောင်းအလဲ ဖြစ်သွားအောင်
လင်းရီ ယနေ့ ဟင်းလျာကို
ပြောင်းလဲလိုက်လေသည်။

"စားပြီးရင် အဘွားတို့ ပစ္စည်းတွေ ဆိုင်ထဲ
ထည့်ခဲ့လိုက်.. မနက်ဖြန် သွားရောင်းတဲ့
အချိန်ကျရင် ကျွန်တော် ကားမောင်းပြီးတော့

လိုက်ပို့ပေးမယ်... တစ်ယောက်တည်း မသွားနဲ့..."လင်းရီ ပြောလိုက်၏။

"ရတယ် လူလေး .. မလုပ်နဲ့... "အမယ်အိုကြီးမှ အလျင်စလို ငြင်းဆန်လိုက်ပြီး "အဘွားတို့ ကိုယ့်ဘာကိုယ် လုပ်လို့ရတယ်.... လူလေးတို့ကိုပဲ မှီခိုနေလို့မှ မဖြစ်တာ... အဘွားတို့ အဲ့လောက်ထိ အရေမထူနိုင်ဘူး... "

"ဘာဖြစ်တာမှတ်လို့.. မောင်းပို့ပေးတာ ဘယ်လောက်မှ မကြာပါဘူး..."

"မဖြစ်ဘူး မဖြစ်ဘူး.. အဘွားတို့ကိုယ့်ပါကိုယ် လုပ်လိုက်မယ်..."အမယ်အိုကြီးမှ မျက်လုံးမှေးကျဉ်းသွားပြီး အနည်းငယ် ကူကယ်ရာမဲ့နေသော်လည်း ထိုသို့ ပြောဖော်ရသည့်အတွက် ပျော်ရွှင်နေဆဲပင်။

"ကောင်းပြီလေ.. အဲ့တာဆိုလည်း အဘွား လိုအပ်တာရှိရင် ကျွန်တော့်ကို ပြော .. ဘာမှ အားမနာနဲ့... "

"ကျေးဇူးပါကွယ်... လူကောင်းတွေကို နတ်ကောင်းတွေက ဆောင်မပါလိမ့်မယ်..."

ဆိုင်ထဲရှိ လေထုမှာ အင်မတန်နွေးထွေးနေပြီး မြေးအဘွားနှစ်ယောက်မှ လင်းရီ ချက်ပြုတ်ထားသည်များကို ပြုံးပျော်ရွှင်စွာနှင့် စားသောက်နေသည်ကို မြင်တော့ ကျီချင်းရန် မေးလေးထောက်လျက် ကြည့်နေလိုက်၏။

သူမ အနာဂတ်တွင် လိုအပ်သူများကို အကူအညီပေးသင့်သည်ဟု ခံစားနေရသည်။ ယင်းကလည်း သူမအတွက် ဒါနပြုခြင်း တစ်မျိုးပင်။

........

နောက်ထပ် ရက်သတ္တပတ် တစ်ခုကြာသည်အထိ လင်းရီနှင့် ကျီချင်းရန်တို့၏ နေ့စဉ်ဘဝမှာ ထွေထူး ပြောင်းလဲသွားခြင်း မရှိချေ။

လုံရှင်း၏ အလုပ်ကိစ္စများမှာလည်း သူ့လမ်းကြောင်းနှင့်သူ ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းနေလေသည်။ထိုအထဲတွင် လျန်ရူရှယ်၏ ပံ့ပိုး ကူညီမှုများလည်း ပါဝင်ပေသည်။

ထို့ပြင် လင်းရီ လျန်ရူရှယ်ထံမှ အဘယ်ကြောင့် သံအမတ် ဘရောင်းမှ သူ့ကို

ရိုရိုကျိုးကျိုးနှင့် ဆက်ဆံနေရလဲဆိုတာ သိလိုက်ရ၏။

အကြောင်းမူကား သုတေသန စင်တာ ပရောဂျက်မှာ စတင် အကောင်ထည် ဖော်နေပြီး သံအမတ်တစ်ဦးအနေဖြင့် ဘရောင်းမှာ နှစ်ဦးနှစ်ဖက်ကို ဆက်သွယ်ပေးကာ ထိုအချင်းအရာမှတစ်ဆင့် အကျိုးအမြတ်များစွာကို ရရှိနိုင်လေသည်။ ထို့ကြောင့် လင်းရီဘက်မှ ရပ်တည်ပေးသည်က မထူးဆန်းပေ။

အဆိုပါကိစ္စကို ကြားသိလိုက်တော့ လင်းရီ အတော်လေး ကျေနပ်သွားခဲ့၏။

စက်မှုလုပ်ငန်းရှင်တစ်ဦး ဖြစ်ရသည်ကလည်း
၎င်း၏ အားသာချက်များ ရှိသည့် ပုံပင်။

ငွေနဲ့သာဆို မင်းက ဆရာကြီးပဲ... လူတိုင်းက မင်းရဲ့
စကားကို နားထောင်ပေးလိမ့်မယ်...

ယခု တစ်ပတ်အတွင်း လင်းရီ၏ ဆိုင်မှာ
နေ့တိုင်းနီးပါး ဆယ့်တစ် ဝန်းကျင်လောက်မှ
ပိတ်ဖြစ်၏။

နေ့စဥ်နေ့တိုင်း ဝမ်တုန်းတုန်းတို့ မြေးအဘွား
နှစ်ယောက် ညစာ လာစားပြီးမှသာ
ဆိုင်ပိတ်လေသည်။

ရက်အနည်းငယ်အတွင်း ဝမ်တုန်းတုန်း၏
ဝိတ်လေးပင် တက်လာခဲ့၏။ လင်းရီနှင့်
ကျီချင်းရန်တို့လည်း တဖြည်းဖြည်းနှင့်
အမယ်အိုကြီး၏ နာမည်ကို သိလိုက်ရလေသည်။

အမယ်အိုကြီး၏ နာမည်ကား ပန်ရှူးဟွာပင်။
သူတို့ခေတ် သူတို့အခါတွင်
နာမည်ကောင်းတစ်ခုဟု ဆိုထိုက်သော်ငြား
ယနေ့ခေတ်တွင်တော့ ဒိတ်အောက်နေသည့်
နာမည်တစ်ခုပင်။

ဤအချိန်ကာလအတွင်း ဝမ်တုန်းတုန်း၊
ကျီချင်းရန်နှင့် လင်းရီတို့မှာ ပို၍ နီးကပ်လာကြပြီး

လင်းရီ သူမကို အနိုင်ကျင့်သည့် အခါ၌ပင်
ဝမ်တုန်းတုန်းက သူမဘက်မှ ကူပြောပေးတတ်၏။

ကျီချင်းရန်၏ အချစ်ဆုံး သူငယ်ချင်း ဖြစ်သည့်
ဟော်ယွမ်ယွမ်လည်း ဆိုင်တွင် အထူး
ကတ်စတန်မာ နှစ်ယောက်ရှိကြောင်း
သိထားလေသည်။

တစ်ခါတစ်ရံ သူမက
အရှက်ကင်းမဲ့စွာဖြင့်  ဝမ်တုန်းတုန်းထံမှ ချိုချဥ်များ
ညစ်စားတတ်သေး၏။

လူတို့၏ ကိုယ်ကျင့်တရားတို့ကား
တစ်နေ့ထက်တစ်နေ့ ပိုမို ဆုတ်ယုတ်လာချေပြီ။

ထို့ပြင် ကျီချင်းရန် ဝမ်တုန်းတုန်းအတွက်
စာအုပ်အများအပြားလည်း ဝယ်ပေးသေး၏။
တစ်ချို့နေ့များတွင် ဝမ်တုန်းတုန်း ကတ္တူများ
လိုက်မရှာပဲ လင်းရှီ၏ မီးဖိုချောင်ထဲ၌သာ
ပန်းကန်များ ဆေးကူပေးပြီး အားလပ်သည့်
အချိန်တွင်တော့ လွတ်လပ်သည့် တစ်နေရာ၌
စာဖတ်လေ့ရှိသည်။

အင်မတန် နာခံတတ်ပြီး အလိုက်သိတတ်သည့်
ကလေးတစ်ယောက်ပင်။

ကျိုချင်းရန်လည်း သူမ အနီး မြေးအဘွားကို ပိုမို ကူညီနိုင်စေရန် မည်သို့ ပြုလုပ်ရမလဲဆိုတာကို အကြံအိုက်နေလေသည်။

ဝမ်တုန်းတုန်းကို ကျောင်းထားပေးရန်နှင့် အိမ်တစ်လုံး ပေးလိုက်ရန်မှာ ပြဿနာ မရှိသော်လည်း အဓိက ပြဿနာမှာ မြေးအဘွား နှစ်ယောက်လုံး၌ ဝင်ငွေလမ်းကြောင်း မရှိခြင်းပင်။

သူမ ခဏတာ ကူညီပေးနိုင်သော်လည်း တစ်သက်လုံးတော့ တာဝန်မယူပေးနိုင်ချေ။

ထို့ကြောင့် ကျီချင်းရန်မှ ထိုပြဿနာကို ဖြေရှင်းနိုင်မည့် ပြီးပြည့်စုံသည့် နည်းလမ်းကို တစ်လျှောက်လုံး စဉ်းစားနေခဲ့၏။

"လူလေး .. ခဏ လာပါဦး..."

ပုံမှန်အတိုင်း စားသောက်ပြီးနောက် ဝမ်တုန်းတုန်းမှ ပန်းကန်များ ဆေးကူနေစဉ် အမယ်အိုကြီးမှ လင်းရီကို ဘေးတစ်နေရာသို့ လာရန် ခေါ်လိုက်၏။

၎င်းကိုမြင်တော့ အရိပ်အကဲ နားလည်သည့် ကျီချင်းရန်မှာ ဝမ်တုန်းတုန်းကို

အကြောင်းပြချက်တစ်ခုပေး၍ မီးဖိုချောင်ထဲမှ ခေါ်ထုတ်သွားလေသည်။

အမယ်အိုကြီးတွင် သီးသန့်စကားပြောရန် ကိစ္စများ ရှိလောက်၍ ရှောင်ပေးလိုက်သည်က အကောင်းဆုံးဖြစ်၏။

"အဘွား.. ဘာလဲဖြစ်လို့..."အမယ်အိုကြီးရှေ့တွင် လင်းရီ လက်သုတ်ရင်း မေးလိုက်၏။

အမယ်အိုကြီးမှ သူမ၏ အားနည်း တုန်ချိနေသည့် လက်တို့ဖြင့် အနီရောင် အိတ်ရှုံ့လေးတစ်ခုကို အိတ်ကပ်ထဲမှ ထုတ်ယူလိုက်သည်။

ဖောင်းကားနေသည့် အသွင်ကို
ကြည့်ရသလောက်တော့ အထဲတွင်ပစ္စည်း
တော်တော်များများ ရှိနေသည့် ပုံပင်။

ထိုအနီရောင် အိတ်ရှုံ့လေးကို
လင်းရီရှေ့တွင်ဖြည်လိုက်၏။ အိတ်ထဲတွင်
တစ်ယွမ် ၊ ငါးယွမ် ၊ ဆယ်ယွမ်နှင့် ယွမ်ငါးဆယ်
အနုပ်များဖြင့် ပြည့်နှက်နေပြီး ကျန်သည်ကတော့
ဒင်္ဂါးများဖြစ်ကြ၏။

ပမာဏ မည်မျှ ရှိမလဲဆိုတာ လင်းရီ အတိအကျ
မသိသော်လည်း အနည်းဆုံး
ယွမ်ရှစ်ရာခန့်လောက်တော့ ရှိပေသည်။

"ဘာလို့ အဲ့လောက် ပိုက်ဆံတွေ အများကြီးကို ကိုယ်နဲ့ သယ်ထားတာ... မတော်လို့ လူဆိုးတွေနဲ့ တွေ့ရင် အားလုံး ဆုံးရှုံးသွားနိုင်တယ်နော..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

ထိုသို့ ပြောလိုက်သည်ကလည်း လင်းရီ စာနာသောကြောင့်ပင်။ အဆိုပါ အိတ်ရှုံ့လေးထဲရှိ ငွေပမာဏက သူမ၏ ကြွယ်ဝမှု တစ်ခုလုံးပင် ဖြစ်နေနိုင်သည်။

အမယ်အိုကြီးမှ ပြုံးပြလိုက်၏။ ထိုအခါ သူမ မျက်လုံးထောင့်စွန်းရှိ အရေးအကြောင်းများမှာ

တင်းရင်းသွားခဲ့ပြီး မျက်လုံးတို့မှာ ပို၍
တောက်ပလာလေသည်။

ခန္ဓာကိုယ်မှာ ညစ်ပတ်နေသော်လည်း
အပြုံးကတော့ နှင်းအလား ဖြူစင်
သန့်ရှင်းလှသည်။

"အဘွားလည်း သာမန်ဆို ပိုက်ဆံတွေ အများကြီး
မသယ်ထားပါဘူး... ဒီနေ့မှ အထူး
ထုတ်လာခဲ့တာ...."

လင်းရီ လျှင်မြန်စွာ တုံ့ပြန်လိုက်ပြီး သူမ၏ ဆိုလိုရင်းကို နားလည်သွားခဲ့ကာ "အဘွားက ဒီပိုက်ဆံတွေ သိမ်းထားစေချင်တာလား..."

"ဟုတ်တယ်... အဘွားက လူလေးကို သိမ်းထားစေချင်နေတာ.... "

'သိမ်းထားပေး..'

စာလုံးတစ်လုံး၏ အဓိပ္ပာယ် မတူညီမှုက ကောင်းကင်နှင့် မြေကြီးအလား ဝေးကွာလှလေသည်။

အမယ်အိုကြီး၏ အတွေးများမှာ သူ စိတ်ကူးယဉ်ထားသည်နှင့် ကွာခြားနေပုံရ၏။

"အဘွားပြောချင်တာ.. ကျွန်တော်က ဒီငွေတွေကို သိမ်းထားပေးရမယ်.. ဒါပေမယ့် ဘဏ်ထဲ မထည့်ရဘူး.. အဲ့လိုလား..."

"ဟုတ်တယ် ဟုတ်တယ်.. လူလေး အဆင်ပြေနိုင်မလား... "

"အဘွားကလည်း တော်တော်လေးကို ရှေးရိုးစွဲသကိုးဗျ..."လင်းရှိ ပြောလိုက်ပြီး "ဒီတိုင်း

သိမ်းတာက ဘဏ်ထဲမှာ သိမ်းထားတာလောက် ဘယ်လုံခြုံမှုရှိမှာ..."

"အဘွား ဘဏ်ထဲမှာ မသိမ်းချင်ဘူး.. လူလေးပဲ ကူပြီး သိမ်းထားပေး.."အမယ်အိုကြီးမှ အသက်ကြီးသူပီပီ ခေါင်းမာစွာ ဆိုလိုက်သည်။

"ကူညီပေးပါကွယ်..."

"ခက်နေပြီ... ကျွန်တော် ပြောနေတာက မကူညီပေးချင်လို့ မဟုတ်ဘူး..."လင်းရှိ ပြောလိုက်ပြီး "အဘွား ကျွန်တော့်ဆီမှာ ထားခဲ့ရင်တောင် ဒီငွေတွေကို ကျွန်တော်ထိမှာ

မဟုတ်ဘူးဆိုတာ အားမခံရဲတယ်..
အဲ့လိုဆိုရင်တောင် ဘဏ်လောက်တော့
မလုံခြုံဘူးလေ...."

"လုံခြုံတာ မလုံခြုံတာက အရေးမကြီးပါဘူး
လူလေးရယ်... ပြဿနာက အဘွားရဲ့ခန္ဓာကိုယ်က
တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ဆိုရွားလာတာပဲ...
"အမယ်အိုကြီးမှ သက်ပြင်းချလျက် ပြောလိုက်ပြီး
"တကယ်လို့ တစ်နေ့ အဘွား ရုတ်တရက်ကြီး
ဆုံးသွားခဲ့သည်ရှိသော် လူလေးက ဒီငွေတွေကို
အဘွားမြေးလေး လက်ထဲ ထည့်ပေးပါနော်... သူ
ဘယ်လို အသုံးချမလဲ ဆိုတာကတော့
သူ့စိတ်တိုင်းကျ လုပ်ပါစေ..."

လင်းရီ စိတ်မကောင်း ဖြစ်သွားခဲ့၏။

"နောက်မှ ဒီအကြောင်း ဆက်ပြောကြတာပေါ့... ကျွန်တော်က ဟွာရျန့်တိုင်းရင်းဆေးကို လေ့လာဖူးတယ်ဆိုတော့ အဘွားရဲ့ သွေးခုန်နှုန်းကို တစ်ချက် စမ်းသပ်ပေးမယ်..."

စနစ်မှ ချီးမြှင့်ပေးထားသည့် မဟာဆေးကျမ်းကြောင့် လင်းရီ၏ ဟွာရျန့်တိုင်းရင်းဆေးဝါးများအပေါ် နားလည်မှုမှာ အဆင့်တစ်ခုသို့ ရောက်ရှိနေချေပြီ။ ထို့ကြောင့် သူ

သွေးခုန်နှုန်း စမ်းသပ်၍ အမယ်အိုကြီး၏
ကျန်းမာရေးကို ဆန်းစစ်ကြည့်၍ရ၏။

"လူလေး.. နင်က ဟွာရှန့်တိုင်းရင်းဆေးလည်း
ကုတတ်တယ်ပေါ့... အထင်ကြီးဖို့
ကောင်းလိုက်တာနော်... အဘွားမြေးလေးလည်း
လူလေးလို တော်ရင်
ဘယ်လောက်ကောင်းလိုက်မလဲ..."

"အဘွား.. လောလောဆယ် စကားမပြောနဲ့ဦး..."

လင်းရီ ညာဘက်လက် သွေးခုန်နှုန်းစမ်းသပ်ရင်း
ရောဂါကို တွေ့ရှိသွားသည့် အလား အမူအရာမှာ
တဖြည်းဖြည်း သုန်မှုန်လာလေသည်။

လင်းရီ အနှောင့်အယှက်ဖြစ်မှာ စိုးသောကြောင့်
အမယ်အိုကြီးလည်း တိတ်တိတ်
နေလိုက်တော့၏။

"အဘွား ဒီနှစ်ဆို အသက်ဘယ်လောက်လဲ..."
လင်းရီ မေးလိုက်၏။

"၈၆...."အမယ်အိုကြီးမှ လက်ဟန်ဖြင့်
ပြောလိုက်ပြီး "အဲ့ အသုံးမကျတဲ့

သားမိုက်ကလည်း အရမ်းကို စိတ်ပျက်ဖို့ကောင်းတယ်.. စောစီး အိမ်ထောင်ကျပြီး ငါ့မြေးလေးကို မွေးပေးလိုက်ပါရောလား...အဲ့လိုဆိုရင် မြေးလေး အရွယ်ရောက်တဲ့ အချိန်ထိ ကောင်းကောင်းစောင့်ရှောက်ပေးလို့ရတယ်..."

လင်းရီ သက်ပြင်းတစ်ချက်ချလိုက်၏။ သူမထံတွင် နှလုံး ရောဂါရှိနေသော်လည်း သူမအသက်အရွယ်တွင်တော့ ယင်းက သာမန်ပင်။

သို့သော်လည်း အနာဂတ်တွင်တော့ သေချာလေး ဂရုစိုက်ရမည်ဖြစ်၏။ အကယ်၍ ဂရုမစိုက်ပဲ

ယခုလို ပြီးစလွယ် နေထိုင်သွားမည်ဆိုပါက
အချိန်မရွေး အသက်အန္တရာယ်
ကျရောက်လာနိုင်သည်။

"မနက်ဖြန် မနက်စောစောကျရင် ကျွန်တော့်ကို
လာရှာလှည့်... အဘွားကို ဆေးရုံ
ခေါ်သွားပေးမယ်...."

လင်းရီ၏ ကနေဦး အကြံအစည်မှာ သူမကို နှလုံး
stent ခွဲစိတ်မှု ပြုပေးမည်ဖြစ်၏။ ထိုသို့ဖြင့်
အန္တရာယ်အများအပြားကို ကြိုတင်
ရှောင်ရှားပြီးဖြစ်ကာ နောက်ထပ် နှစ်အနည်းငယ်မျှ
နေထိုင်ရန် ပြဿနာ ရှိလိမ့်မည် မဟုတ်ချေ။

မဟုတ်ပါက သူမ၏ လက်ရှိ

နှလုံးအခြေအနေအတိုင်းဆိုပါက အချိန်မရွေး

သေမင်းခံတွင်းဝသို့ ကျရောက်သွားနိုင်လေသည်။

"ဟင်.. ဆေးရုံ.. မသွားဘူး... အဲ့နေရာက

အရမ်းဈေးကြီးတယ်.. အဘွားပိုက်ဆံတွေက

ဆေးဝယ်ဖို့တောင် လောက်ငှမှာ မဟုတ်ဘူး...

"မပူနဲ့.. ကုန်ကျစရိတ်တွေ အကုန်လုံးကို

ကျွန်တော်က တာဝန်ယူပေးမှာ.. အဘွား တစ်ပြားမှ

အကုန်ကျခံစရာမလိုဘူး..."လင်းရီ ပြောလိုက်ပြီး

"အဘွား ငြင်းမယ် မကြံနဲ့နော်... မနက်ဖြန်မနက်

အဘွား ကျွန်တော့်ဆိုင် မလာဘူးဆိုရင်

နောက်လည်း မလာနဲ့တော့... အဘွားမြေးကိုလည်း

ကျွန်တော် ဂရုမစိုက်ပေးတော့ဘူး..."

"အို....အဲ့လို မလုပ်ပါနဲ့

လူလေးရယ်..."အမယ်အိုကြီးမှ လင်းရီ လက်ကို

ဆုပ်ကိုင်ရင်း ပြောလိုက်ပြီး "ငါ့လို အမယ်အိုကြီးကို

ဆေးကုပေးတာက ပိုက်ဆံ မီးရှို့တာနဲ့

အတူတူပါပဲ.. အလကား မဖြုန်းတီးချင်စမ်းပါနဲ့

လူလေးရယ်.."

"ဖြုန်းတီးတာ မတီးတာက

အရေးမကြီးဘူး.."လင်းရီ ပြောလိုက်ပြီး "အဘွား

ကျွန်တော့်စကားကို နားထောင်နေသေးသရွေ့ နောက်ထပ် သုံးနှစ်ကနေ ငါးနှစ်လောက်အထိ ထပ်နေဖို့ ပြဿနာ မရှိဘူး..."

"လေးငါးနှစ် မဆိုထားနဲ့ လေးငါးရက်ဆိုရင်တောင် အဘွားဆက်မနေချင်တော့ဘူး..."အမယ်အိုကြီးမှ ပြုံးလိုက်ပြီး "ဖြစ်နိုင်ရင် အခုတောင် သေသွားလိုက်ချင်တာ..."

"အဘွား ဘာစကားတွေ ပြောနေတာ... ကောင်းကောင်းအနားယူပြီးတော့ ဒီလောကကြီးရဲ့ အလှကို ကောင်းကောင်းရှုစားရမယ်လေ...."

အမယ်အိုကြီးမှ ပြုံးလျက် မျက်ရည်တို့
စီးကျလာကာ "လူ့လောကကြီးက
ခါးသီးလွန်းပါတယ်ကွယ်... ဒီရဲ့လောကကြီးကို
အဘွား ထပ်ပြီး မကြည့်ချင်တော့သလို
ထပ်ပြီးလည်း ပြန်မလာချင်တော့ဘူး....”

**အခန်း (၆၄၅)**

**သူတို့မှာလည်း ဂုဏ်သိက္ခာရှိတယ်**

လင်းရီ၏ အမူအရာမှာ ရုတ်ချည်း
အေးခဲသွားခဲ့တော့၏။

ကြောက်ရွံ့မှုနှင့် ပူပန်သောက ဗျာပါဒများက နှလုံးသားထဲ ပြည့်နှက်လာကာ ညင်သာမှုအပြည့်ဖြင့် အမယ်အိုကြီး၏ လက်အား ဆုပ်ကိုင်လိုက်သည်။

"အားလုံး အဆင်ပြေသွားမှာပါ... အနည်းဆုံးတော့ တုန်းတုန်းအတွက် အဘွား အသက်ရှင်မှ ဖြစ်မယ်လေ.. အဘွား သူဘွဲ့ရတာကို ကြည့်ရဦးမယ်... သူ လက်ထပ်ပြီး မြစ်လည်း ချီရဦးမယ်လေ..."

အမယ်အိုကြီးမှ တစ်ဖန်ထပ်ပြုံးပြကာ "တစ်ရက် အသက်ရှင်နိုင်တော့ တစ်ရက် အသက်ရှင်တယ်

မှတ်လိုက်တာပေါ့... အဲ့တော့လည်း

မြေးလေးအတွက် ပိုပြီး စုမိဆောင်းမိတာပေါ့...."

"အဘွားတို့က အသက်ရှင်ဖို့တောင်

အနိုင်နိုင်ကြိုးစားပြီး ရပ်တည်နေရတာ ..."

အမယ်အိုကြီးမှ အနီရောင် အိတ်ရှုံ့လေးကို

လင်းရီလက်ထဲ သေချာထည့်ပေးရင်း

လေးနက်သည့် လေသံဖြင့် "အဘွားကိုယ်စား

သေချာသိမ်းထားပေးနော်..."

"ကောင်းပြီ.. ကျွန်တော်

သိမ်းထားပေးမယ်..."လင်းရီ ပြောလိုက်ပြီး

"ဒါပေမယ့် အဘွား မနက်ဖြန် မနက်တော့ ရောက်အောင် လာခဲ့ရမယ်...."

"အဘွားကို ကူပြီး သိမ်းထားပေးမယ်ဆိုရင် အဘွားလည်း လူလေးရဲ့စကားကို နားထောင်မယ်...."

"အိုကေ အဲ့တာဆို အတည်ဖြစ်သွားပြီ...."

အမယ်အိုကြီးမှ တောက်ပစွာ ပြုံးလိုက်ပြီး "ကဲ ၁၁ တောင် ကျော်တော့မယ်.. အဘွား လူလေးတို့ နှစ်ယောက်ကို ဆက် အနှောင့်ယှက် မပေးတော့ဘူး... နောင်ကျရင် ကောင်းကောင်း

နေရမယ်နော်...တူမလေးကိုလည်း အနိုင်ပဲ ကျင့်မနေနဲ့ဦး... "

"ဟုတ် အဘွား..."

"မြေးလေး.. လာ သွားကြစို့... နင့် ကိုကြီးနဲ့ မကြီးက အိမ်ပြန်ကြတော့မှာ..."

"ဗျာ.. ဟုတ် လာနေပါပြီ..."

ဝမ်တုန်းတုန်း မီးဖိုချောင်ထဲမှ ကျီချင်းရန် ဖောဖောသီသီ ထည့်ပေးလိုက်သည့် အစားအသောက် အိတ်ကြီးကို

ဆွဲရင်း  အမယ်အိုကြီးထံသို့ တက်ကြွသည့်
ခြေလှမ်းတို့ဖြင့် လျှောက်လှမ်းသွားခဲ့၏။

ကျီချင်းရန် ရေနှင့် လျှပ်စစ်မီးကို
တစ်ချက်စစ်ကြည့်လိုက်ပြီး လင်းရီကတော့
ပြတင်းပေါက်နှင့် ဆိုင်တခါး ဂျက်များကို
လိုက်စစ်ကာ နောက်ဆုံးတွင်
သော့ခတ်လိုက်လေသည်။ ထို့နောက်
လေးယောက်သား ဆိုင်ထဲမှ ထွက်လာခဲ့ကြ၏။

"ဘွားဘွား.. ကြည့်.. ဒီနေ့ ကတ္တူတွေ
အများကြီးပဲ... နောက်ပြီး တခြား

ပစ္စည်းတွေလည်း ရှိသေးတယ်... ဒါတွေ
အားလုံးဆို ယွမ် ၈၀ လောက်ရမယ် ထင်တာပဲ..."

ပြောပြီးနောက် ဝမ်တုန်းတုန်း သူ ကြိုတင်
ပြင်ဆင်ထားသည့် ဂုန်နီအိတ်ကို ထုတ်ကာ
စွန့်ပစ်ပစ္စည်းများအား ကျွမ်းကျွမ်းကျင်ကျင်နှင့်
စတင်သွပ်ထည့်တော့၏။

"အဘွား.. ပစ္စည်းတွေက အများကြီးပဲ..
တစ်ခေါက်တည်း သယ်လို့ ဘယ်လိုမှ နိုင်မှာ
မဟုတ်ဘူး... ကျွန်မတို့ လိုက်ပို့ပေးမယ်လေ..."

"ရတယ် ရတယ် "

အမယ်အိုကြီးလည်း ပစ္စည်းများထည့်ရင်း ပြောလိုက်ပြီး " တကယ်လို့ တစ်ခေါက်တည်း မနိုင်ဘူးဆိုရင် နှစ်ခေါက်လာတာပေါ့..."

" အဲ့လောက်ကြီး ဒုက္ခခံမနေစမ်းပါနဲ့ အဘွားရယ်... လိုက်ပို့ပေးရတာဖြင့် ဘယ်လောက်မှ မကြာတာကို... စောစောပြီးတော့ အဘွားတို့လည်း စောစောပြန်နားလို့ ရတာပေါ့... မဟုတ်ဘူးလား..."

“ ရပါပြီကွယ်...” အမယ်အိုကြီးမှ ပြုံးလိုက်ကာ
“ လူလေးတို့နှစ်ယောက်က အများကြီး
ကူညီပေးပြီးသွားပြီ...တူမလေးတို့မှာလည်း
ကိုယ်ပိုင်ဘဝရှိသလို အဘွားတို့မှာလည်း ရှိတယ်...
မသေသေးသရွေ့တော့ ဆက်ပြီး ရှင်သန်ဖို့
ရုန်းကန်နေရဦးမှာပဲ... အဘွားပြောတာ
ဟုတ်တယ်မလား လူလေး....”

“ ဒါပေါ့ဗျ...” လင်းရီ ရယ်မောလိုက်ပြီး
“ ကျီချင်းရန်၏ ပခုံးကို ပွေ့လိုက်ကာ ညင်သာစွာ
တစ်ချက်ပုတ်ပေးလိုက်၏။
“ အိမ်ပြန်ကြစို့...”

“ အွန်း....”

“ ကိုကြီးနဲ့ မကြီးတို့.. တာ့တာ...”

“ အွန်း .. တာ့တာ.... “

ကျီချင်းရန် တွန့်ဆုတ်စွာဖြင့် ထိုနေရာမှ ထွက်လာခဲ့၏။ သူမ ကူညီပေးချင်နေဆဲပင်။

နှစ်ယောက်သား ကျိုကျုံးဗီလာကို ရောက်တော့ ကျီချင်းရန် သူမ၏ sneaker များကို ချွတ်လိုက်ပြီး နောက်တွင် စည်းနှောင်ထားသည့် ဆံနွယ်များကို ဖြေချလိုက်သည်။

“ တုန်းတုန်းတို့ မြေးအဘွားတွေ အဲ့ကတ္တူ
ကုန်အောင် ရောင်းနိုင်မယ်လို့ ထင်လား…”

“ အင်း… ခဏလောက်တော့
ကြာမယ်ထင်တာပဲ…” လင်းရီ ပြောလိုက်၏။

“ အမှိုက်တွေက တစ်နေ့ထက်တစ်နေ့
ပိုပိုများလာတယ်ဆိုတော့ သူတို့
နောက်တစ်ခေါက်လောက်တော့ ပြန်လာရမှာပဲ…
ဘယ်လိုလုပ်ပြီး အဲ့လောက် မြန်မြန်ကြီး
ပြီးနိုင်မှာ….”

“ အွန်း.... တကယ်လို့ ငါတို့နှစ်ယောက်သာ ကူညီလိုက်မယ်ဆိုရင် ခုချိန် ပြီးနေလောက်ပြီနော....”

“ မေ့ထားလိုက်စမ်းပါကွာ... သူတို့မှာလည်း သူတို့ ဂုဏ်သိက္ခာနဲ့ သူတို့ ရှိတယ်...” လင်းရီ ပြောလိုက်ပြီး “ စဉ်းစားကြည့်ကြည့်.. နှစ်တွေ ဒီလောက်အကြာကြီး အမှိုက်လိုက်ကောက်နေတာတောင်မှ တောင်းစားဖို့ စိတ်မကူးဘူး... ဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့ လူသားတစ်ယောက်ပဲ... အဲ့လိုလူမျိုးက ငါတို့ရဲ့ အကူအညီ တစ်စိတ်တစ်ပိုင်းလေးကို လက်ခံပေးနိုင်တယ်.. ဒါပေမယ့် အရာရာတိုင်း

လိုက်ကူညီပေးနေတာကိုတော့ လက်မခံနိုင်ဘူး…
သူများအပေါ် မမှီခိုချင်တာပေါ့…
အသက်ရှင်နေသရွေ့ ကိုယ့်လက်ကိုယ့်ခြေနဲ့
လုပ်မယ်…. ဒါကြောင့်မို့လည်း ငါတို့
လိုက်ပို့ပေးမယ်ဆိုတော့ လက်မခံတာ….”

“ အွန်း… နားလည်ပြီ…."

အမယ်အိုကြီး၏
စကားလုံးများကို  ပြန်လည်ကြားယောင်ရင်း
လင်းရှိ သက်ပြင်းကြီးစွာ ချလိုက်သည်။

“ လူ့လောကကြီးက ခါးသီးလွန်းပါတယ်…
အဘွားနောက်တစ်ကြိမ်
ပြန်မလာပါရစေနဲ့တော့….”

အကယ်၍ သူမ တကယ်ကြီး
စိတ်ကုန်နေသောကြောင့်သာ မဟုတ်ပါက ယခုလို
စကားမျိုး ပြောထွက်လာလိမ့်မည် မဟုတ်ချေ။

“ စကားမစပ် အဘွားက နင့်ကို ဘာတွေလဲ
ပြောသွားတာ….”

လင်းရီ အိတ်ကပ်ထဲမှာ အနီရောင် အိတ်ရှုံ့လေးကို ထုတ်ယူလိုက်ပြီး အထဲရှိ ပိုက်ဆံများကို သွန်ချလိုက်၏။

“ ဒါပဲ…”

“ ပိုက်ဆံတွေလား…” ကျီချင်းရန် အံ့အားသင့်သွားခဲ့ပြီး “ အဘွားက နင့်ကို ပေးသွားတာလား…”

“ အင်း… “ လင်းရီ ပြောလိုက်ပြီး “ သူပြောတာ သူ့ခန္ဓာကိုယ်က တစ်နေ့တစ်ခြား ယိုယွင်းလာပြီတဲ့… တစ်နေ့ မတော်တဆ

သူဆုံးသွားခဲ့သည်ရှိသော် တုန်းတုန်းကို ပေးပေးရမှာ....”

“ နင်ဘာလို့ အဘွားကို အဲ့လိုမျိုး နိမိတ်မရှိတဲ့ စကားတွေ ပြောခိုင်းတာတုန်း...”

“ သူ ပြောတာလည်း မှန်နေတာပဲလေ... အဘွားအသက်ကဖြင့် ရှစ်ဆယ်တောင် ကျော်နေပြီ... ဆိုတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွေက တစ်နေ့တစ်ခြား ပိုပြီး ယိုယွင်းလာမှာပဲလေ... ခုလိုမျိုး လမ်းလျှောက်ပြီး အလုပ်လုပ်နေနိုင်တာတောင်မှ တော်တော်လေး အထင်ကြီးဖို့ ကောင်းနေပြီလို့ ဆိုရမယ်...” လင်းရီ

ပြောလိုက်ပြီး” ငါ မနက်ဖြန်ကျရင် အဘွားကို ဆေးရုံသွားပြီး နှလုံး stent ခွဲစိတ်မှုလုပ်ပေးမလို့… အဲ့လိုဆို နောက်ထပ် နှစ်နည်းနည်းလောက် နေဖို့ရာ ပြဿနာ မရှိတော့ဘူး…”

“ ပြီးတာပဲလေ… ဒါပေမယ့် နင်သေချာ လုပ်ပေးရမယ်နော်…”

“ ငါကိုယ်တိုင်လုပ်မှာကို မင်းက ဘာတွေ စိုးရိမ်နေတာ…”

“ ခစ်ခစ်.. အဲ့တာဆို ပြီးရော…”

ကျီချင်းရန် လင်းရီပါးထက်သို့ အနမ်းပေးလိုက်ပြီး
“ ဒေါက်တာလင်းက အတော်ဆုံးပဲ…”

“ ဘယ်နေရာတော်တာ…”

“ အကုန်တော်တယ်…”

လင်းရီ မေးစေ့ပွတ်လိုက်၏။

‘ ဒီဟာမလေးကတော့ လူကို စူးစမ်းချင်အောင်
လုပ်နေပြန်ပြီ…'

ကျီချင်းရန် သူမတင်ပါးဖြင့် လင်းရီကို ဘေးသို့
တွန်းထုတ်လိုက်ပြီး ဆိုဖာပေါ်ထိုင်ကာ “ ကဲ

သွားတော့… နောက်တောင် ကျနေပြီ…

ရေမိုးချိုးလိုက်တော့…”

“ ဘာလဲ… မင်းက တင်ကြီးတယ်ဆိုတိုင်း

သူများကို အနိုင်ကျင့်လို့ရပြီ ထင်နေတာလား…”

“ ဟုတ်တယ်.. နင့်ထက်ကြီးတယ်… သွားပြီး

ရေချိုးတော့…”

“ မင်းကျ ဘာလို့ အရင်သွားမချိုးတာ…”

“ ငါပိုက်ဆံ ရေဦးမယ်လေ… မနက်ဖြန်ကျရင်

ဘဏ္ဍာရေးတာဝန်ခံကို ပြောပြီး ဘဏ်မှာ

သွားသိမ်းထားခိုင်းရမယ်…”

“ ကောင်းပြီလေ…”

သို့နှင့် နှစ်ယောက်သား အနားမယူမိ ကိုယ်စီ လုပ်စရာများကို ပြုလုပ်လိုက်ကြသည်။

အိပ်ခန်းထဲတွင်တော့ လင်းရီ လီချူးဟန်ကို ခေါ်၍ အကျိုးအကြောင်း ရှင်းပြထားလိုက်၏။

လီချူးဟန်လည်း ခွဲစိတ်မှု ပြုလုပ်ရန်အတွက် ပြင်ဆင်စရာ ရှိသည်များကို တတ်နိုင်သမျှ မြန်မြန် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပျော်ရွှင်စွာ သဘောတူလာလေသည်။

အရာအားလုံး စီစဉ်ပြီးနောက် လင်းရီ သူ၏ အဝတ်များကို လဲလှယ်၍ အိပ်ရာပေါ်သို့ လှဲချလိုက်ကာ မနက်ဖြန်မနက် စောစောထရန် ဟန်ပြင်လိုက်၏။

သူ မြေးအဘွားနှစ်ယောက်ကို ဆေးရုံသို့ ခေါ်သွားပေးရပေမည်။

………………………………

ဆိုင်အပြင်ဘက်တွင်တော့ မြေးအဘွားနှစ်ယောက်မှာ စွန့်ပစ် ပစ္စည်းများကို ဂုန်နီအိတ်ထဲသို့ ယူပေးသူက ယူပေး ထည့်သူကထည့်ဖြင့် တက်ကြွစွာ

လုပ်ဆောင်နေကြသည်။ ညဥ့်နက်နေပြီး
ဖြစ်သော်လည်း မြေးအဘွားနှစ်ယောက်
အနားမယူနိုင်သေးပေ။

“ ဘွားဘွား... သားတို့ ဒီအိတ်
အရင်သယ်သွားရအောင်လား...” ဝမ်တုန်းတုန်းမှ
ချွေးများကို သုတ်ရင်း ပြောလိုက်၏။

“ အင်း... သေတ္တာကို သော့ခတ်လိုက်... ပြီးမှ
နောက်တစ်ခေါက် ထပ်လာကြတာပေါ့..”

“ဟူး...”

မူလကတော့ လင်းရီ အချိန်သိပ်မရသောကြောင့် ဂျတ်ဖာပုံးတစ်ချို့သာ ပြင်ဆင်ပေးထားလေသည်။

သို့သော် ဂျတ်ဖာပုံးများ၏ အရည်အသွေးနှင့် စွန့်ပစ်ပစ္စည်းတို့ ပေါများလာမှုကြောင့် သစ်သားသေတ္တာသီးသန့်မှာကာ သော့ပင် တပ်ထားပေးလိုက်သေးသည်။

ဆိုင်ထဲတွင် လူမရှိသည့် အချိန်၌ သော့ခတ်ထားမည်ဖြစ်ပြီး ဆိုင်တွင် လူရှိသည့် အချိန်တွင်တော့ သော့ဖွင့်ပြီး စွန့်ပစ် ပစ္စည်းများကို သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် စွန့်ပစ်နိုင်မည် ဖြစ်၏။

သော့ခတ်ပြီးနောက် မြေးအဘွားနှစ်ယောက်တို့မှာ
အိတ်ကိုယ်စီ ကျောပေါ်လွယ်လျက်
လမ်းမီးတိုင်များ၏ လမ်းပြမှုအောက်တွင်
၎င်းတို့၏အိမ်သို့ ဦးတည်လိုက်ကြလေသည်။

ဆောင်းဝင်စ ပြုနေပြီ ဖြစ်သောကြောင့် ညမှာ
အနည်းငယ် အေးစက်နေသော်လည်း
မြေးအဘွားနှစ်ယောက်၏ မျက်နှာပေါ် ရှိ
ပျော်ရွှင်နေသည့် အပြုံးတို့ကတော့ နွေဦး၏
မနက်ခင်းအလား နွေးထွေးလှသည်။

နံနက်တစ်နာရီတွင်တော့ ကျိန်းရန်လမ်း၏
လှုပ်ရှားသက်ဝင်မှုတို့မှာလည်း အပြီးတိုင်
ဆိတ်သုဉ်းသွားတော့၏။

ပုရစ်များ၏ ကျီကျီကျာကျာမြည်သံနှင့်
ပုစဉ်းရင်ကွဲတို့၏ အသံမှ အပ အခြားအသံတို့
ထွက်ပေါ်လာခြင်း မရှိတော့ချေ။

သို့သော်လည်း ထိုအခိုက်အတန့်တွင်
လမ်းကြားလေး တစ်ခု၌ ခိုးကြောင်ခိုးဝှက်
အသွင်ဖြင့် လူသုံးဦး လမ်းလျှောက်လာလေသည်။

သုံးယောက်လုံးက ဆင်တူဝတ်ဆင်ထားကြ၏။
ခေါင်းစွပ်ပါသည့် အင်္ကျီ၊ မျက်နှာဖုံး နှင့်
နေကာမျက်မှန်တို့ကို တပ်ဆင်ထားကာ ၎င်းတို့၏
အထောက်အထားကို ဖုံးကွယ်ထားကြသည်။

ထပ်ပေါင်းအနေဖြင့် သူတို့ လက်ထဲတွင်
ပစ္စည်းတစ်ချို့ကို ကိုင်ကာ ဆိုင်ဝသို့
ရောက်ရှိလာကြလေသည်။

" ဘရန်ဒွန်… မင်းဟာက
အဆင်ပြေပါ့မလားကွ…." လူးဝစ်
လေသံအုပ်အုပ်ဖြင့် ပြောလိုက်သည်။

“ ဘာများနိုင်မှာမို့လို့…” ဘရန်ဒွန် အထင်သေးမှု အပြည့်ဖြင့် ပြောလိုက်ပြီး “ ခဏာနေကျရင် မှန်ရိုက်ခွဲပြီး ဆိုင်တစ်ခုလုံး ဓာတ်ဆီလောင်းလိုက်မယ်.. ပြီးတာနဲ့ မီးခြစ်ပစ်ထည့်ပြီး လစ်မယ်…”

“ လူးဝစ်.. မင်းက ဘာကြောက်နေတာ… မနက်ဖြန် ရှစ်နာရီဆို ငါတို့ အမေရိကားကို ပြန်ရောက်နေလောက်ပြီ… တကယ်လို့ ငါတို့လက်ချက်မှန်းသိသွားရင်တောင် အဲ့ကောင် ဘာတတ်နိုင်မှာ… အမေရိကားရဲ့ဥပဒေက ငါတို့ကို အပြည့်အဝ ကာကွယ်ပေးလိမ့်မယ်…” ဇက်ချ် ပြောလိုက်သည်။

စာစဉ် (၄၃)ပြီး၏။